# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် ၂၀၁၅ ခုနှစ်၊ ဧပြီ ၂၈ ရက်၊ အင်္ဂါနေ့ အတွဲ [၅၄]၊ အမှတ် [၂၀၅]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်ဘုရင် မွေးနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဧပြီ ၂၇**

၂၀၁၅ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော နယ်သာလန်နိုင်ငံ ဘုရင် ဝီလီယံ အလက်ဇန္ဒြား၏ မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နယ်သာလန်နိုင်ငံ ဘုရင် ဝီလီယံ အလက်ဇန္ဒြားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၅ ကော်လံ ၅* ✳

# အာဆီယံသည် အာရှ၏ အကောင်းဆုံးရင်းနှီးမြှုပ်နှံရာနေရာတစ်ခု ဖြစ်လာမည်




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး မကျင်းပမီ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်း စာမျက်နှာ-၈) (ဓာတ်ပုံ-ပြန်/ဆက်)

### ကမ္ဘာကြီးကို နျူကလီးယားအန္တရာယ်ကင်းဝေးစေရန် နယူးယောက်မြို့တွင် ဆန္ဒပြတောင်းဆို

စာ-၄

### လူငယ်များ ဘက်စုံထူးချွန်မှုမှသည် နိုင်ငံတည်ဆောက်ရေးအတွက် သားကောင်းရတနာများ ဖြစ်ရေးဆီသို့

စာ-၆

### နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရန် သစ်သီးဝလံများကို ခေတ်မီဆေးကြောစက်များဖြင့် ဆေးကြောသန့်စင်ထုပ်ပိုးတင်ပို့မည်

စာ-၉




# ကြယ်ပွင့်လေးများ လင်းလက်စေသတည်း

"ယနေ့လူငယ် နောင်ဝယ်လူကြီး"ဟူသော စကားရှိပါသည်။ လူငယ်လူရွယ်များကို ငယ်စဉ်ကတည်းက ထူးချွန်ထက်မြက်သူများဖြစ်အောင် စနစ်တကျပျိုးထောင်ပေးနိုင်မှသာ အနာဂတ်တွင် နိုင်ငံတော်ကအားထားရသောလူတော်လူကောင်းများ တိုးပွားလာမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွင်း လူတော်လူကောင်းများ၊ စာတတ်ပေတတ် ပညာတတ်များ တိုးပွားရှင်သန်လာခြင်းဖြင့် နိုင်ငံသည်လည်း အဘက်ဘက်မှ တိုးတက်လာမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် လူငယ်ဖွံ့ဖြိုးရေးအစီအမံများကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာနက ၁၉၆၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည့် လူရည်ချွန်စီမံကိန်းအစီအစဉ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ ဘက်စုံပညာထူးချွန်လူငယ်အစီအစဉ်အဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့သည်။ ဘက်စုံပညာထူးချွန်လူငယ်တိုင်းသည် ကျောင်းစာသင်ခန်းများအတွင်း စာတော်ရုံမက ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သူများ၊ ဗဟုသုတနှင့် ပြည့်စုံသူများ ဖြစ်ကြပါသည်။ တစ်နည်းအားဖြင့် ဗလငါးတန်နှင့်ပြည့်စုံသူများဖြစ်ကြပါသည်။ စာလည်းတော်ရမည်၊ ကျန်းမာသန်စွမ်းရမည်၊ အကျင့်စာရိတ္တကောင်းမွန်ရမည်၊ ဗဟုသုတနှင့်ပြည့်စုံသူများဖြစ်ရမည်၊ ပေါင်းသင်းဆက်ဆံမှုကောင်းရမည် ဖြစ်ပါသည်။

ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ပညာရေးဝန်ကြီးဌာနက ဘက်စုံထူးချွန်လူငယ်များ စိစစ်ရွေးချယ်ပေးခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဋ္ဌမတန်းမှ ၁၇၆ဦး၊ နဝမတန်းမှ ၁၇၆ ဦးနှင့် တက္ကသိုလ်ဝင်တန်းမှ ၁၇၆ ဦး စုစုပေါင်း ၅၂၈ ဦး ပေါ်ထွက်လာခဲ့ပါသည်။ အဋ္ဌမတန်း ထူးချွန်လူငယ်များသည် ပုဂံအပန်းဖြေစခန်းသို့လည်းကောင်း၊ နဝမတန်း ထူးချွန်လူငယ်များသည် အင်းလေးကန်အပန်းဖြေစခန်းသို့လည်းကောင်း၊ တက္ကသိုလ်ဝင်တန်းထူးချွန်လူငယ်များသည် ငွေဆောင် အပန်းဖြေစခန်းသို့လည်းကောင်း၊ ဧပြီ ၂၅ ရက်မှ မေ ၅ ရက်အထိ သွားရောက်လျက်ရှိပါသည်။ အပန်းဖြေစခန်းအသီးသီးသို့ ရောက်ရှိနေစဉ်အတွင်း ကင်းထောက်သင်တန်းပေးခြင်း၊ လူရည်ချွန်ဟောင်းများနှင့်တွေ့ဆုံခြင်းနှင့် လေ့လာရေးခရီးစဉ်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အတန်းတစ်တန်းစီအတွက် အပန်းဖြေစခန်းတစ်ခုစီ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ သုံးနှစ်ဆက်တိုက်ရွေးချယ်ခံရပါက စခန်းသုံးခုစလုံး၌ အပန်းဖြေခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

မည်သို့ပင်ဖြစ်စေ ဤဘက်စုံထူးချွန်လူငယ်စီမံကိန်းသည် အခြားသော ကျောင်းသား ကျောင်းသူများ အားကျကြိုးစားလာပြီး နိုင်ငံတစ်ဝန်း လူတော်လူကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူ (ဝါ) လူငယ်လူရွယ်တိုင်းသည် အနာဂတ်ကြယ်ပွင့်လေးများပင် ဖြစ်ကြပါသည်။ ကြယ်ပွင့်တိုင်းသည် လင်းလက်တောက်ပနေရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူတိုင်းသည် ဘက်စုံထူးချွန်အောင် ကြိုးစားအားထုတ်ကြခြင်းဖြင့် အနာဂတ်တွင် လင်းလက်တောက်ပသော ကြယ်ပွင့်လေးများဖြစ်အောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။



# ကယားပြည်နယ်သည် နိုင်ငံခြားခရီးသွားလုပ်ငန်းများ စိတ်ဝင်စားစရာဒေသဖြစ်လာမည်

**နေပြည်တော် ဧပြီ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၅ ရက် နံနက် ၇ နာရီက လွိုင်ကော်မြို့ ရှမ်းစုရပ်ကွက် နဝရတ်လမ်းတွင် ဖွင့်လှစ်ထားရှိသော International Trade Centre(ITC) သို့ ရောက်ရှိပြီး ITC (လွိုင်ကော်)မှ Volunteer ဖြစ်သူ Mr.Daniel Ruggiero က ကုန်သွယ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်အနေဖြင့် နိုင်ငံခြားခရီးသွား လုပ်ငန်းများအတွက် အများဆုံးစိတ်ဝင်စားစရာ ဒေသတစ်ခုဖြစ်လာမည် ဖြစ်ကြောင်း၊ ကယားပြည်နယ်သည် လူဦးရေနည်းပါးပြီး စီးပွားရေးအချက်အချာကျသည့် နေရာတစ်ခုဖြစ်ကြောင်း၊ ဒေသထွက်ကုန် ပစ္စည်းများအား အရည်အသွေး မြှင့်တင်ဆောင်ရွက်ရမည့် နည်းလမ်းများအား ပညာပေးဆောင်ရွက်ပေးသွားရန်နှင့် နိုင်ငံတကာမှ အသိအမှတ်ပြုလာစေရေးအတွက် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုအခြေပြု ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကယားပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသို့ရောက်ရှိပြီး ဝန်ထမ်းများအားတွေ့ဆုံကာ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များ၊ လူမှုရေး၊ ကျန်းမာရေးတို့အားမေးမြန်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ ကုန်သွယ်မှုသင်တန်းခန်းမ ပြုပြင်ထားရှိမှု၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများအား ကြည့်ရှုစစ်ဆေးပြီး သင်တန်းခန်းမအား အဆင့်တိုးမြှင့်ရန်နှင့် ဝန်ထမ်းလိုင်းခန်းများအား ပြုပြင်မွမ်းမံပေးရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်များ၊ အလှပန်းမန်များ စိုက်ပျိုးထားရှိဆောင်ရွက်ရေးတို့ကိုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရထားလမ်းကွေ့ လမ်းပျက်ကြီးကြောင့် ခရီးသွားပြည်သူများအခက်တွေ့

**ထင်သာမြင်သာပြုပြင်စရာ**



**နတ်မောက် ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက် မြို့နယ်အတွင်းရှိ နတ်မောက် ကျောက်ပန်းတောင်း လမ်းမသည် လေးအိမ်ကျေးရွာအနီး မိုင်တိုင် ၅၅/၅နှင့် ၅၅/၆ ကြားရှိ ရထားဖြတ်ကူးရာလမ်းမတွင် ယခုအခါ ဆိုးရွားစွာပျက်စီး၍ ချိုင့်ခွက်များ ဖြစ်ပေါ်လျက်ရှိရာ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ မကြာခဏဆိုသလို မတော်တဆဖြစ်ရပ်များနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါ လမ်းမကြီး၏ လမ်းဘေးဝဲယာများ၌ လမ်းပြုပြင်ရန် ကျောက်ပုံများ၊ ထင်းများနှင့် ကတ္တရာကျိုရန် ပစ္စည်းများချထားသော်လည်း ပြုပြင်ရန် နှောင့်နှေးနေကြောင်း၊ ညအခါ ခရီးသွားများအတွက် အန္တရာယ်ဖြစ်နိုင်၍ စိုးရိမ်နေရကြောင်း နတ်မောက်မြို့မှ ဒေသခံတစ်ဦးက ပြောပြ၍ သိရသည်။

"နတ်မောက်မြို့ကနေ လေးအိမ်ရွာ၊ ရွာမွန်ကျေးရွာကို အရောင်းအဝယ်လုပ်ဖို့ သွားလာကြတဲ့အပြင် အခြားဒေသတွေက ခရီးသွားတွေလည်း ဆိုင်ကယ်၊ သုံးဘီး၊ ကားတွေနဲ့ စဉ်ဆက်မပြတ် သွားနေကြတယ်။ အခြားကုန်တင်ယာဉ်တွေနဲ့ ကျောက်ပန်းတောင်းမြို့၊ ပျော်ဘွယ်၊ နေပြည်တော် Express ကားတွေ၊ ကားလေးတွေလည်း နေ့စဉ်သွားလာနေတော့ ရထားလမ်းကွေ့ အရှောင်အတိမ်းမှာ မကြာခဏ အန္တရာယ်ဖြစ်နေကြတယ်။ လမ်းပြင်ဖို့ ကျောက်တွေပစ္စည်းတွေ ချထားပေမယ့်လည်း ကြန့်ကြာနေတယ်" ဟု ယာဉ်မောင်းတစ်ဦးက ပြောပြသည်။

**ဖွဲ့ထက်ရှင်**

# သုံးခွမြို့၌ ကဆုန်ညောင်ရေသွန်းပွဲကျင်းပမည်

**သုံးခွ ဧပြီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ ရှစ်မျက်နှာစေတီတော်မြတ်ကြီး၏ပရိဝုဏ်အတွင်းရှိ ရှစ်ကျိပ်တစ်ဆူဂေါပကအဖွဲ့က ကြီးမှူး၍ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သော ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၂ ရက် ကဆုန်လပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ညောင်ရေသွန်းပွဲတော်တွင် ရှစ်ကျိပ်တစ်ဆူဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဘုရား၊ ရဟန်းသာရုပ်ပွားဆင်းတုတော်များကို မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ ဝတ်အသင်းသူများ၊ ကုမ္မာရီအမျိုးသမီးငယ်များ၊ လုံမငယ်ကလေးများက ဘုရား၊ ရဟန်းသာဆင်းတုတော် ရုပ်ပွားတော်များနှင့် ပရိတ်ညောင်ရေအိုးများပင့်ဆောင်၍ မြို့ပေါ်ရပ်ကွက်များသို့ဒေသစာရီကြွရောက် အပူဇော်ခံမည်ဖြစ်သည်။ ညနေပိုင်းတွင် ဝဲပြန်ကျောင်းတိုက်၊ လေးကျွန်းမာရ်အောင်စေတီတော်၊ ဝိဇ္ဇောဒယဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မဟာဗောဓိစာသင်တိုက်တို့ရှိ မဟာဗောဓိညောင်ပင်တို့၌ ညောင်ရေသွန်းလောင်းပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၄-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၃၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၀-၁၀၈၅ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆီ (အသစ်) | တစ်အိတ် | ၁၇၅၀၀-၁၈၀၀၀ |
| ပေါ်ကွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၃၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၂၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၀၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၀၀-၁၆၀၀ |
| ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၂၁၀၀-၂၁၅၀ |
| အာလူး (ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၂၀-၇၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၁၀၀-၃၁၅၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၆၀၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၉၅၀-၁၀၀၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇော်ငတင်ပြသည်။



(၂၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနား ကျင်းပစဉ်။ ဓာတ်ပုံ (ပြန်/ဆက်)

# (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး သီးသန့်ဆွေးနွေးပွဲ လန်ကာဝီ၌ကျင်းပ

**ကွာလာလမ်ပူ မေ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၇ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ကွာလာလမ်ပူမြို့မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း ခရီးစဉ်ဖြင့် ထွက်ခွာရာ လန်ကာဝီ လေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ရောက်ရှိကြသည်။

ထို့နောက် ဒေသစံတော်ချိန် ည ၇ နာရီတွင် လန်ကာဝီ ကွန်ဗင်းရှင်းစင်တာ၌ (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံခေါင်းဆောင်များက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် (၂၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲ အခမ်းအနားကိုကျင်းပရာ မလေးရှားနိုင်ငံဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အပါအဝင် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ ဇနီးများအား မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီးတို့က Westin Hotel ရေကူးကန် မြက်ခင်းပြင်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်း လူမှုစီးပွားရေးမှတစ်ဆင့် တောင့်တင်းခိုင်မာစေခြင်း ဖိုရမ်သို့ တက်ရောက်




**နေပြည်တော် မေ ၂၇**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ကွာလာလမ်ပူကွန်ဗင်းရှင်းစင်တာ (Plenary Theatre)၌ ကျင်းပသည့် လူမှုစီးပွားရေးမှတစ်ဆင့် တောင့်တင်းခိုင်မာစေခြင်းဖိုရမ်သို့ တက်ရောက်သည်။

ဖိုရမ်တွင် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၏ဇနီး ဒါတင်ပါတူကာ ဆာရီရော့မာမန်ဆွာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Yunus စင်တာ၏ အုပ်ချုပ်မှုဒါရိုက်တာ Ms. Lamiya Morshed က လူမှုစီးပွားသီအိုရီနှင့် လက်တွေ့ကျင့်သုံးမှုဥပမာများ ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Telecom Trust မှ ဦးဆောင်ညွှန်ကြားရေးမှူး Mrs. Parveen Mahmad က လူမှုစီးပွားလုပ်ငန်း ဆွေးနွေးညှိနှိုင်းခြင်း၊ မူဝါဒများနှင့် ဘဏ္ဍာရေးခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၏ဇနီးနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၏ ဇနီးများ လူမှုစီးပွားရေးမှတစ်ဆင့် တောင့်တင်းခိုင်မာစေခြင်းဖိုရမ်၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)

❍ *ကျောဖုံးမှ*

လက်ရှိတွင် ရတနာပုံအသင်း ပါဝင်သော အုပ်စု (G) တွင် ဟောင်ကောင်ကလပ် တောင်တရုတ်အသင်းက ၁၂ မှတ်ဖြင့် အုပ်စုပထမနေရာရရှိကာ နောက်တစ်ဆင့်တက်သွားပြီဖြစ်သည်။ ပါဟန်း (မလေးရှား)နှင့် ဂလိုဘယ် (ဖိလစ်ပိုင်) အသင်းတို့က လေးမှတ်စီရရှိထားသည်။ ရတနာပုံအသင်းအနေဖြင့် ယခုပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့ပါက နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အဆုံးသတ်သွားမည်ဖြစ်သည်။ ဂလိုဘယ်အသင်းနှင့် အဝေးကွင်းပွဲတွင် အနီကတ်ဖြင့် ထုတ်ပယ်ခံထားရသည့် ဇော်လင်းထွန်းနှင့်တင်ဝင်းအောင်တို့သည် ပွဲပယ်ခံထားရ၍ ရတနာပုံ အသင်းသည် ရုန်းကန်ရဖွယ်ရှိနေသည်။ ပထမအကျော့တွင်လည်း ရတနာပုံအသင်းသည် အိမ်ကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

အိမ်ကွင်း၌ ကစားရမည့် ရောဝတီအသင်းသည်လည်း ယခုပွဲအနိုင်ရခဲ့ပါက နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။ ရောဝတီအသင်းပါဝင်သော အုပ်စု (H) တွင် အင်ဒိုနီးရှားကလပ်ဘန်ဒေါင်းအသင်းက ရှစ်မှတ်၊ ရောဝတီအသင်းက ခြောက်မှတ်၊ မော်လ်ဒိုက်ကလပ် နယူးရေးဒီးယန့်အသင်းက လေးမှတ်၊ လာအိုကလပ် လာအိုတိုယိုတာအသင်းက နှစ်မှတ်ရရှိထားသည်။ ရောဝတီအသင်းသည် လာအိုတိုယိုတာအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် အဝေးကွင်းပထမအကျော့ပွဲတွင် နှစ်ဂိုးစီသရေကျထားသည်။

ပွဲစဉ်(၅)အဖြစ် မေ ၂၉ရက် ညနေ ၃နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ရောဝတီအသင်းနှင့် လာအိုတိုယိုတာအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် မလေးရှားနိုင်ငံ၌ ပါဟန်းအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# တရားသူကြီးများအတွက် စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ ကျွမ်းကျင်မှုအလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုတရား လွှတ်တော်ချုပ်သည် စင်ကာပူသမ္မတနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနှင့် စင်ကာပူ စေ့စပ်ညှိနှိုင်းရေးဗဟိုဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် တရားသူကြီးများအတွက် စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ ကျွမ်းကျင်မှု အလုပ်ရုံဆွေးနွေးပွဲ (Mediation Skills Workshop for Judges) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Royal ACE ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲကို စင်ကာပူသမ္မတနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တို့၏ "စင်ကာပူ-မြန်မာ ဥပဒေရေးရာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ"အရ ဆောင်ရွက်ခြင်းဖြစ်ပြီး စေ့စပ်ညှိနှိုင်းပေးခြင်းနှင့် စပ်လျဉ်းသည့် စင်ကာပူနိုင်ငံတရားရုံးများ၏ အငြင်းပွားမှုများနှင့် မှုခင်းများတွင်ဆောင်ရွက်သည့် အတွေ့အကြုံများ၊ နည်းလမ်းများ၊ မြန်မာနိုင်ငံ၌ စေ့စပ်ညှိနှိုင်းသည့် နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ရန် ဖြစ်နိုင်ခြေများကို သိရှိလေ့လာရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် စင်ကာပူ စေ့စပ်ညှိနှိုင်းရေးဗဟိုဌာန၏ Executive Director Mr.Loong Seng Onn နှင့် Premier Law LLC ၏ Associate Director Mr.See Chern Yang တို့က စေ့စပ်ညှိနှိုင်းမှု၏ အခြေခံသဘောတရားများ၊ ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် စေ့စပ်ညှိနှိုင်းပေးသူက ဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ဒက္ခိဏခရိုင် တရားရုံး၊ တောင်ငူခရိုင်တရားရုံး၊ ဥတ္တရသီရိမြို့နယ်တရားရုံးနှင့် ပုဗ္ဗသီရိမြို့နယ်တရားရုံးတို့မှ တရားရေးအရာရှိများနှင့် တရားသူကြီးများ တက်ရောက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နီပေါငလျင် သေဆုံးသူ ၃၀၀၀ ကျော်အထိ ရှိလာ

**ခတ္တမန္ဒူ ဧပြီ ၂၇**

နီပေါနိုင်ငံ၌ စနေနေ့က လှုပ်ခဲ့သော ပြင်းထန်သည့် မြေငလျင်ကြောင့် အနည်းဆုံးလူပေါင်း ၃၃၂၆ ဦး သေဆုံးသွားခဲ့ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ပြင်းထန်မြေငလျင်ကြောင့် လူပေါင်း ၆၅၀၀ ကျော် ဒဏ်ရာရရှိသွားကြောင်း နီပေါအမျိုးသား အရေးပေါ်ကယ်ဆယ်ရေးဌာန၏ကြေညာချက်၌ ဖော်ပြထားသည်။

အိမ်နီးချင်း တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း အဆိုပါ မြေငလျင်ကြောင့် လူဒါဇင်နှင့်ချီ၍ သေဆုံးမှုရှိကြောင်း သတင်းများထွက်ပေါ်လာသည်။ ပြင်းအား ၇ ဒသမ ၈ ရှိ မြေငလျင်လှုပ်ခဲ့ပြီးနောက် ထောင်ပေါင်းများစွာသော ပြည်သူများနေအိမ်များ၏ အပြင်ဘက်တွင် အမိုးအကာမဲ့စွာ အိပ်ခဲ့ရကြောင်း၊ ဧဝရက် တောင်ပေါ်၌ ရေခဲပြင်ပြိုဆင်းမှုကြောင့်လည်း သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

"ငလျင်ကြောင့် နေအိမ်အများအပြားပျက်စီးသွားခဲ့ရာ မြို့တော်ခတ္တမန္ဒူ၌ အပျက်အစီးများခဲ့ပြီး ငလျင်ငယ်များ ဆက်လက်လှုပ်ခတ်နေခြင်းကြောင့် လူအများစုက နေအိမ်ထဲ ပြန်လည်ဝင်ရမည်ကို စိုးရိမ်ထိတ်လန့်နေကြကြောင်း၊ သို့သော် ရွေးချယ်စရာမရှိကြောင်း၊ မိုးကလည်း ရွာတော့မည်ဖြစ်ရာ ဘာလုပ်ရမှန်း မသိတော့ကြောင်း" မိသားစုနှင့် လမ်းဘေးတွင်အိပ်နေသော အသက် ၃၄ နှစ်အရွယ် ဈေးရောင်းသူ ရာသီရှုရက်တာက ပြောသည်။

အဆိုပါ မြေငလျင်သည် နှစ် ၈၀ အတွင်း အဆိုးရွားဆုံးလှုပ်ခဲ့သော မြေငလျင်ဖြစ်ပြီး တနင်္လာနေ့ နံနက်ပိုင်းက ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

**(ဘီဘီစီ)**

## နိုင်ဂျီးရီးယားတွင် လူသွားစကြံတံတားတစ်စင်းပြိုကျ၊ ခုနစ်ဦးသေဆုံး

**လာဂို ဧပြီ ၂၇**

နိုင်ဂျီးရီးယားနိုင်ငံ ကနိုပြည်နယ် အနောက်မြောက်ပိုင်းတွင် လွန်ခဲ့သော တနင်္ဂနွေနေ့က လူသွားတံတားပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူခုနစ်ဦးသေဆုံးခဲ့ကြောင်း ရဲများက တနင်္လာနေ့တွင် ပြောခဲ့သည်။

အဆိုပါ ဖြစ်ရပ်ကို အတည်ပြုပေးသော ပြည်နယ်ရဲအရာရှိ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်က ဤတံတားသည် တည်ဆောက်ဆဲ တံတားတစ်စင်းဖြစ်ကြောင်း၊ ကားတစ်စီးဖြတ်မောင်းစဉ် ၎င်းကားပေါ်သို့ ပြိုကျခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောခဲ့သည်။ အလုပ်သမားများက တံတားကိုတည်ဆောက်နေစဉ် ကားများဖြတ်သန်းမောင်းနှင်ခွင့်မပြုရန် သတိပေးတားမြစ်ချက် ထုတ်ပြန်ထားသော်လည်း အဆိုပါ အငှားယာဉ်မောင်းသူသည် ထိုသတိပေးချက်ကို လျစ်လျူရှုခြင်းကြောင့် တံတားပြိုကျခြင်းနှင့် ကြုံရခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ တံတားကို ဖြတ်သန်းမောင်းနှင်စဉ်တွင် အဆိုပါကားပေါ်သို့ တံတားပြိုကျခြင်းဖြစ်ပြီး ကားထဲပါ ခရီးသည်ခုနစ်ဦး သေဆုံးခြင်းဖြစ်ကြောင်း အဆိုပါ ရဲအရာရှိက ပြောကြားသည်။

ရဲများက အဆိုပါဖြစ်ရပ်ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

**(ဆင်ဟွာ)**

## ဩစတြေးလျ မူးယစ်တရားခံနှစ်ဦးအား ကွပ်မျက်မှုကို ဆိုင်းငံ့ထားရန် တိုက်တွန်း

**ဆစ်ဒနီ ဧပြီ ၂၇**

ဩစတြေးလျနိုင်ငံက မူးယစ်ဆေးဝါးမှောင်ခိုမှုဖြင့် တရားစီရင်ခံရသူ ဩစတြေးလျနိုင်ငံသား နှစ်ဦးအား လာဘ်စားမှုများနှင့် စုံစမ်းစစ်ဆေးပြီးသည့်တိုင်အောင် သေဒဏ်ကွပ်မျက်ခြင်းများ ဆိုင်းငံ့ထားပေးပါရန် တိုက်တွန်းလိုက်သည်။

ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့က အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ရက်နိုမာဆူဒီအား တနင်္ဂနွေနေ့နှောင်းပိုင်းက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အင်ဒိုနီးရှားတရားခုံရုံးနှင့် စုံစမ်းရေးကော်မရှင်ရုံးတို့၌ သီးခြားစုံစမ်းမှု မပြုလုပ်မီ ၎င်းက အထက်ပါအတိုင်းမေတ္တာရပ်ခံ တောင်းဆိုလိုက်ခြင်းဖြစ်သည်။ အင်ဒရူးချန်းနှင့် မာရုရန်ဆူကုမာရန်တို့အား ၂၀၀၆ ခုနှစ်က အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ပြီး အခြားသော နိုင်ငံခြားသား ခြောက်ဦး၊ အင်ဒိုနီးရှားနိုင်ငံသားတစ်ဦးတို့နှင့်အတူ သေဒဏ်ချမှတ်ထားခြင်းခံရသူများ ဖြစ်သည်။ အင်ဒိုနီးရှားဥပဒေအရ စီရင်ချက်ချမှတ်ခံရသူများအား သတ်ဖြတ်မိန့်စာရရှိပြီး ၇၂ နာရီအတွင်း စီရင်ရမည်ဟု ဆိုထားသည်။

ဩစတြေးလျနိုင်ငံသားနှစ်ဦးအား တရားရင်ဆိုင်ရန် ရှိနေသေးသရွေ့ ကွပ်မျက်စီရင်မှုကို မပြုလုပ်သင့်သေးကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။

**(ဘီဘီစီ)**

## ဆိုက်ပရပ်စ်သမ္မတ ရွေးကောက်ပွဲတွင် လက်ဝဲနိုင်ငံရေးသမား အာကင်စီအနိုင်ရရှိ

**နီကိုဆီးယား ဧပြီ ၂၇**

လူမျိုးရေးအရ ပြိုကွဲနေသော ဆိုက်ပရပ်စ်ကို ရင်ကြားစေ့ငြိမ်းချမ်းရေးဆောင်ရွက်မည်ဟု မီဒီယာသို့ ကတိပေးခဲ့သော လက်ဝဲနိုင်ငံရေးသမား မူစတာဖာအာကင်စီသည် တနင်္ဂနွေနေ့က ကျင်းပခဲ့သော သမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။

မူစတာဖာအာကင်စီသည် မဲစုစုပေါင်း ၆၀ ဒသမ ၃ ရာခိုင်နှုန်းဖြင့်အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။ ၎င်း၏ ယှဉ်ပြိုင်ဘက်သည် လက်ရှိသမ္မတ ဒါဗစ်အာဂိုဂလူဖြစ်ပြီး လွန်ခဲ့သောငါးနှစ်က ရွေးကောက်တင်မြှောက်ခဲ့ရသော ကွန်ဆာဗေးတစ်ဦးဖြစ်သည်။

သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော အာကင်စီသည် အသက် ၆၇ နှစ်ရှိပြီဖြစ်ကာ ဆိုက်ပရပ်စ်အမျိုးသားရင်ကြားစေ့ရေးကို အလေးပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

# ကမ္ဘာကြီးကို နျူကလီးယားအန္တရာယ်ကင်းဝေးစေရန် နယူးယောက်မြို့တွင် ဆန္ဒပြတောင်းဆို

**နယူးယောက် ဧပြီ ၂၇**

နျူကလီးယားပြန့်ပွားမှု ထိန်းချုပ်ရေးစာချုပ်ကို ပြန်လည် ဆန်းစစ်သည့် ညီလာခံတစ်ခုကို နယူးယောက်မြို့တွင် စတင်ကျင်းပရာ ကမ္ဘာအရပ်ရပ်မှ တက်ကြွလှုပ်ရှားသူများက မြို့တော်၏ လမ်းမများပေါ်ထွက်၍ ကမ္ဘာကြီးကို နျူကလီးယားလက်နက် အန္တရာယ်မှ ကင်းဝေးရန် တောင်းဆိုခဲ့ကြသည်။

ဆန္ဒပြသူ ထောင်ပေါင်းများစွာသည် တနင်္ဂနွေနေ့က နျူကလီးယား ပိုင်ဆိုင်သော နိုင်ငံများကို နျူလက်နက် အမြောက်အမြား ဖျက်သိမ်းပေးရန် မေတ္တာရပ်ခံခဲ့သည်။

တက်ကြွလှုပ်ရှားသူများသည် ပြည်သူတို့ရေးထိုးထားသည့် လက်မှတ်ပေါင်း ရှစ်သန်းကို ကုလသမဂ္ဂ အဏုမြူဖျက်သိမ်းရေး အကြီးအကဲ အိန်ဂျလာကိန်းထံသို့ ပေးပို့ခဲ့သည်။

အဆိုပါ ဆန္ဒပြသူများထဲတွင် ဂျပန်နိုင်ငံသားများလည်း ပါဝင်သည်။ ဂျပန်နိုင်ငံသည် ၁၉၄၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ အဏုမြူ ဗုံးထိမှန်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၎င်းဆန္ဒပြသူများထဲတွင် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့ကို အဏုမြူဗုံးနှင့်တိုက်ခိုက်စဉ် အသက်ရှင်ကျန်ရစ်သူများ ပါဝင်သည်။




နျူကလီးယားပြန့်ပွားမှု ထိန်းချုပ်ရေးစာချုပ်ကို ပြန်လည်ဆန်းစစ်သည့် ညီလာခံကို ငါးနှစ်လျှင် တစ်ကြိမ် ကမ္ဘာ့အင်အားကြီး နိုင်ငံများတွင် ကျင်းပသည်။ ၎င်းညီလာခံတွင် ယခုအချိန်ထိ နျူကလီးယား ဖျက်သိမ်းရေးကြိုးပမ်းချက် အောင်မြင်မှု သမိုင်းမှတ်တိုင်များကို ပြန်လည်သုံးသပ်ခဲ့သည်။

ကမ္ဘာ့နျူလက်နက် ပိုင်ဆိုင်သော နိုင်ငံများမှာ အမေရိကန်၊ ဗြိတိန်၊ ရုရှား၊ ပြင်သစ်၊ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အစ္စရေးနှင့် မြောက်ကိုရီးယားတို့ဖြစ်သည်။

၎င်းနိုင်ငံများအနက် အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်နှင့် တရုတ်နိုင်ငံတို့သည် နျူကလီးယားပြန့်ပွားမှု ထိန်းချုပ်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံများဖြစ်သည်။

**(ပရက်စ်တီဗွီ)**

# ချီလီမီးတောင်ထပ်မံပေါက်ကွဲနိုင်ကြောင်း ဒေသခံများအားသတိပေး

**ချီလီ ဧပြီ ၂၇**

လွန်ခဲ့သောသီတင်းပတ်က နှစ်ကြိမ်တိုင် ပေါက်ကွဲခဲ့သည့် ချီလီတောင်ပိုင်း ကယ်ဘူကိုမီးတောင်ကြီး ထပ်မံပေါက်ကွဲမှုများဖြစ်ပွားနိုင်ကြောင်း ချီလီအာဏာပိုင်များက သတိပေးပြောကြားလိုက်သည်။

အဆိုပါ မီးတောင်ကြီးမှ ပြာများ မှုတ်ထုတ်နေမှုကြောင့် ချီလီနိုင်ငံ လေဆိပ်များ ပိတ်ထားရသည်။ အိမ်နီးချင်း အာဂျင်တီးနား၌ လေဆိပ်များ ပြန်လည်ဖွင့်လှစ်ပြီဖြစ်သည်။ တန်ပေါင်းများစွာသော မီးတောင်ပြာများကြောင့် လေဆိပ်များ ပိတ်ထားရသည်ဟု ဆိုသည်။

အဆိုပါ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်ဒေသအနီးရှိ ပြည်သူ ၆၀၀၀ ကျော်အား ဘေးကင်းရာနေရာများသို့ ပြောင်းရွှေ့ပေးထားရသည်။ လာမည့်ရက်များအတွင်း မိုးကျလာမည်ဖြစ်၍ ပြာမှုန်များ ရွှံ့ရည်များအဖြစ် ရောက်ရှိကာ အန္တရာယ်ရှိသောမြေပြိုမှုများ ဖြစ်ပွားလာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကယ်ဘူကိုမီးတောင်သည် ပြီးခဲ့သည့် မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်အတွင်း ပြာမှုန့်တန်ချိန် ကုဗမီတာ သန်းပေါင်း ၂၁၀ (ကုဗပေ သန်း ၇၄၂၀) မှုတ်ထုတ်ခဲ့ကြောင်း ခန့်မှန်းခဲ့သည်။

**(ဘီဘီစီ)**



# မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်နှင့် ရုရှားနိုင်ငံ ရေပိုင်နက်၌ သင်္ဘောနစ်မြုပ်ရာတွင်ပါဝင်ခဲ့သော သင်္ဘောသားများ၊ သင်္ဘောသားမိသားစုများတွေ့ဆုံ

**ရန်ကုန် ဧပြီ ၂၇**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် ရုရှားနိုင်ငံ OKHUTSK SEA ရေပိုင်နက်၌ DALNIY VOSTOK သင်္ဘောနစ်မြုပ်ရာတွင် ပါဝင်ခဲ့သော အသက်ရှင်သင်္ဘောသားများနှင့် သေဆုံးသူသင်္ဘောသားမိသားစုများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ယုဇနဟိုတယ် တတိယထပ်၌ ကျင်းပသည်။

ထို့နောက် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများ အလုပ်သမားအဖွဲ့ဥက္ကဋ္ဌ ကပ္ပတိန် ဦးစံသိန်းက ရုရှား ငါးဖမ်းသင်္ဘောနစ်မြုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ဒုတိယဥက္ကဋ္ဌ(၁) ဦးစိန်လှိုင်နှင့် ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာ ဦးရဲအောင်က ရုရှားသင်္ဘောနစ်မြုပ်မှုတွင် သေဆုံးကြသည့်သင်္ဘောသားများ၏ ရပိုင်ခွင့်၊ ခံစားခွင့်၊ အသက်ရှင်သည့် သင်္ဘောသားများ၏ ရပိုင်ခွင့်၊ ခံစားခွင့်၊ နစ်နာကြေးတို့ကို ကုမ္ပဏီထံမှ ပြန်လည်တောင်းဆိုပေးမှု အခြေအနေ၊ အာမခံကြေးရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် ဒုရဲမှူး ဦးမျိုးသိန်းက လူကုန်ကူးမှုဆိုင်ရာများအား အသိပေး ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်္ဘောကုမ္ပဏီများ ကိုယ်စား ကပ္ပတိန် ဦးဆန်းဦးက သင်္ဘောသားများအား နစ်နာကြေးပေးသည့် သင်္ဘောကုမ္ပဏီနှင့် သက်ဆိုင်သော ကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် အသက်ရှင်သည့်သင်္ဘောသားများနှင့် သေဆုံးသူ သင်္ဘောသား မိသားစုများက ရပိုင်ခွင့်နှင့်အသက်အာမခံကြေးရရှိမှု ကိစ္စများအား အသီးသီးတင်ပြတောင်းခံကြသည်။ ၎င်းနောက် တက်ရောက်လာကြသော သတင်းမီဒီယာများက သိရှိလိုသည်များအား ပြန်လည် မေးမြန်းကြရာ သက်ဆိုင်ရာကုမ္ပဏီများနှင့် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသား၊ အလုပ်သမားအဖွဲ့ချုပ်မှ သက်ဆိုင်ရာဌာနများနှင့်တွေ့ဆုံညှိနှိုင်းပြီးအကျိုးခံစားခွင့်များကိုအမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောက်ပန်းတောင်းမြို့နယ်အတွင်း ရေနံကုမ္ပဏီတစ်ခုမှ စွန့်ပစ်အမှိုက်များ သက်ဆိုင်ရာကုမ္ပဏီက လာရောက်ပြန်လည်သိမ်းဆည်းခဲ့

**ကျောက်ပန်းတောင်း ဧပြီ ၂၇**

၂၄-၄-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လယ်ယားတောင်ကျေးရွာအုပ်စု ရေထွက်ကျေးရွာအနီးတွင် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ရေနံကုမ္ပဏီတစ်ခုမှ ရေနံတွင်းသုံး ဓာတုဗေဒစွန့်ပစ်ပစ္စည်းဟု ယူဆရသောအမှိုက်များ လာရောက်စွန့်ပစ်ထားသဖြင့် မြို့ခံလူထုမှာ စိတ်အနှောင့်အယှက်ဖြစ်လျက်ရှိနေကြကြောင်းနှင့် မြို့နယ်တာဝန်ရှိသူများက ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန်ဆန္ဒရှိနေကြကြောင်း သတင်းဖော်ပြခဲ့ပြီးနောက် ဧပြီ ၂၅ ရက်က သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများလာရောက်၍ အဆိုပါစွန့်ပစ်အမှိုက်များကို ပြန်လည်သိမ်းဆည်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီတာဝန်ရှိသူကလည်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်တာဝန်ရှိသူများထံ တောင်းပန်စကားပြောကြားခဲ့ပြီး ၎င်းစွန့်ပစ်အမှိုက်များကို ဧပြီ ၂၆ ရက်က အပြီးပြန်လည်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ ရေနံတွင်းသုံးဓာတုဗေဒ စွန့်ပစ်ပစ္စည်းများကို သက်ဆိုင်ရာ ကုမ္ပဏီ တာဝန်ရှိသူများကိုယ်တိုင်ကြီးကြပ်လျက် ဧပြီ ၂၅ ရက်မှစတင်၍ မြေကော်စက်(ဘက်ဟိုး)တစ်စီး၊ ကုန်ချိန် ၁၀ တန် တင်ဆောင်နိုင်သည့် မြေသယ်ယာဉ်ငါးစီးတို့ဖြင့် သယ်ယူ၍ စွန့်ပစ်ရန် တရားဝင်ရရှိထားပြီးဖြစ်သောမြေနေရာတွင် သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျစွန့်ပစ်သွားမည်ဖြစ်ကြောင်း သိရပြီး ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် သိမ်းဆည်းမှု လက်စသတ်လုပ်ငန်းအဖြစ် အပေါ်မြေသားပြန်ဖို့ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၁၈)**



# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

**ပုသိမ်ကြီး ဧပြီ ၂၇**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆင့်ပွား သင်တန်းဖွင့်ပွဲအခမ်းအနားကို ပုသိမ်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲကကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သီဟ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစိုးမြိုင်၊ အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အရာရှိ၊ အခြားအဆင့် ၅၀ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစိုးမြိုင်ကလွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေးတွင် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းရေးသည် အရေးကြီးပါကြောင်း အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ရဲမှူးသီဟက ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအတွက် သင်တန်းတက်ရောက်လျက်ရှိသော သင်တန်းသားများအား စနစ်တကျလေ့လာမှတ်သားနိုင်ရန် ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကာလမှာ ငါးရက်ကြာမြင့်ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

*** ရှေ့ဖုံးမှ**

အလားတူ ၂၀၁၅ ခုနှစ် ဧပြီ ၂၇ ရက်တွင်ကျရောက်သော နယ်သာလန်နိုင်ငံ ဘုရင် ဝီလီယံအလက်ဇန္ဒြား၏ မွေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နယ်သာလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မာ့ခ်ရုတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နယ်သာလန်ဘုရင် ဝီလီယံအလက်ဇန္ဒြား မွေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဧပြီ ၂၇**

၂၀၁၅ ခုနှစ် ဧပြီ ၂၇ ရက်တွင်ကျရောက်သော နယ်သာလန်နိုင်ငံ ဘုရင် ဝီလီယံအလက်ဇန္ဒြား၏မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအဲလ်ဘတ် ကိုရာတ် ကိုအန်ဒါး(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၉/ ၂၀၁၅)
၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

**ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်၊ ရွာငံမြို့၊ ဈေးတန်း(တောင်ပိုင်း) ရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ်(ဈ-၃၄၈)၊ ဦးတင်မောင်ဦးနေအိမ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ**အား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၈၁) ဖြစ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**နိုင်ငံ့တာဝန်ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်**

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| အကြောင်းအရာ | အရေအတွက် | ဆောင်ရွက်မည့်နေရာ |
|---|---|---|
| ရုံးအဆောက်အအုံ(၈၀'×၄၀') နှစ်ထပ်RC | ၁လုံး | ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော် |

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၄-၅-၂၀၁၅ရက်(တနင်္လာနေ့)
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၈-၅-၂၀၁၅ရက်(သောကြာနေ့)
**တင်ဒါပုံစံရောင်းချမည့်နေရာ** - ငွေစာရင်းဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်
**တင်ဒါတင်သွင်းရမည့်နေရာ** - ငွေစာရင်းဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်
**တင်ဒါပုံစံ နောက်ဆုံးပေးသွင်းရမည့် ရက်နှင့်အချိန်** - ၂၇-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၂၅၀၊ ၀၆၇-၄၀၇၄၉၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

ဝင်ခွင့်များခေါ်ချိန်တွင် ပြင်ဆင်ချိန်နဲ့တတ်၍ကြိုဖွင့်သည်။ အင်္ဂလိပ်စာ 70000/- အပြီးဖြင့် စသင်မည် ။ ကျန်ဘာသာများ တရားဝင်ခေါ်ချိန်တွင်သင်မည် ။ ခုံနံပါတ်ပြည့်လျှင် လုံးဝ လက်ခံမည်မဟုတ်။ ဝင်ခွင့်မရှိလျှင်လည်း မိမိတက်မည့်တက္ကသိုလ်မှ အင်္ဂလိပ်စာကို လေ့လာပြီးဖြစ်၍ အကျိုး ယုတ်စရာမရှိပါ ။ ဝင်ခွင့်ရှိနိုင် မရှိနိုင်ကို https://www.facebook.com/hantha.saya တွင်ကြည့်ပါ ။

အဖြူလေး
ဦးဟန်သာ အင်္ဂလိပ်စာ
တက္ကသိုလ် ဆရာဟောင်း
since1984 အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်း ၊ ကမာရွတ်လှည်းတန်း 095146452

ကြိုတင်ပြင်ဆင် အောင်ပွဲဝင်
တက္ကသိုလ်ဝင်ခွင့်များ
ကျောင်းအပ်လက်ခံပြီ

1 Thu, Fri 7:30 - 9:30 ( ဆေး/သွား/UFL ) May1 စပြီ
2 Mon, Tue 2:30 - 4:30 ( ဆေးဝါး/ပြည်သူ့ကျန်းမာရေး/သုနာပြု ) May4 စပြီ
3 Mon, Tue 7:30 - 9:30 ( နည်းပညာ/ကွန်ပျူတာ/ရေကြောင်း ) May4 စပြီ
4 Sat, Sun 7:30 - 9:30 ( ပညာရေး/စီးပွားရေး/ ရန်ကုန်တက္ကသိုလ် ) May2 စပြီ

# လူငယ်များ ဘက်စုံထူးချွန်မှုမှသည် နိုင်ငံတည်ဆောက်ရေးအတွက် သားကောင်းရတနာများ ဖြစ်ရေးဆီသို့

**အင်းလေးအပန်းဖြေစခန်း၌ ရောက်ရှိနေသော ၂၀၁၄-၂၀၁၅ ပညာသင်နှစ် နဝမတန်း ဘက်စုံပညာထူးချွန် လူငယ်များကို ယနေ့ နံနက်ပိုင်းမှ ညနေပိုင်းအထိ နှစ်ချိန်ခွဲပြီး ခေါင်တိုင်အထက သင်ကြားရေးဆောင်ခန်းမ၌ အတွေ့အကြုံရှိ ကင်းထောက် ဆရာ ဆရာမများက ကင်းထောက်သင်တန်း သင်ကြားပို့ချပေးခဲ့သည်။**

သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်မွှေး

အဆိုပါ ကင်းထောက်သင်တန်းတွင်ဘက်စုံပညာထူးချွန်လူငယ်များအားသင်ကြားရာ၌ အစဉ်အလာကောင်းများစွာရှိခဲ့သည့် ကင်းထောက်သမိုင်းကြောင်း၊ ကင်းထောက်ရည်ရွယ်ချက်များနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခြင်း၊ ကင်းစိတ်ခေါင်းဆောင်များ ရွေးချယ်ခြင်း၊ ကင်းထောက်သင်တန်း လက်တွေ့ပို့ချခြင်း၊ ကိုယ်ပိုင်အလံရွေးခြင်း၊ သီချင်းသင်ခြင်း၊ အဖွဲ့လိုက် သီချင်းစပ်ခြင်း၊ ကတိသုံးပါးကျင့်ဝတ်ဆယ်ပါး၊ ကြိုးချည်နည်းခြောက်နည်း သင်ကြားခြင်း၊ တဲထိုးနည်းသင်ကြားခြင်း စသည့် ကင်းထောက်ဆိုင်ရာ ပညာရပ်များကို ကင်းထောက်နည်းပြ ဆရာ ဆရာမများက ပျော်ပျော်ရွှင်ရွှင် အားတက်သရော သင်ကြားပို့ချသည်ကို တွေ့ရသည်။ အဆိုပါ ကင်းထောက်သင်တန်းတွင် သင်ကြားပြသပေးသည့် နည်းပြ ဆရာ ဆရာမများနှင့် ထူးချွန်သည့် ကင်းထောက်၊ ကင်းထောက်မယ်များအား တွေ့ဆုံမေးမြန်းခဲ့မှုကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**ဆရာမကြီးဒေါ်ခင်မြခက်**
**ကင်းထောက်နည်းပြဆရာမကြီး**
**အထက(၁) တောင်ကြီး**

ဒီကလေးတွေ စာတော်ရုံသာမကဘူး။ ကင်းထောက်အတတ်ပညာကိုပါ တတ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ အခုလိုမျိုး သင်ကြားပို့ချစေတာဖြစ်ပါတယ်။ ကမ္ဘာ့သမိုင်းကြောင်းနဲ့ မြန်မာသမိုင်း ကင်းထောက်အကြောင်းလေးကို ရှင်းပြတယ်။ နောက် ကင်းထောက်ခေါင်းဆောင်တွေကို ဘယ်လိုရွေးချယ်တယ်ဆိုတဲ့ အကြောင်း၊ ခေါင်းဆောင်တွေကို သူတို့အုပ်စုထဲကပဲ လူငယ်အချင်းချင်း ရွေးချယ်တင်မြှောက်တဲ့အကြောင်းလေးကိုလည်း ဒီကနေ့ ရှင်းပြခဲ့ပါတယ်။ နောက်သူတို့ အသင်းအဖွဲ့ရဲ့ အလံလေးတွေအကြောင်း၊ အမျိုးသားလေးတွေဆိုရင် သူတို့နှစ်သက်ကြတဲ့ တိရစ္ဆာန်တွေရဲ့ နာမည်လေးတွေ ရွေးပေးတာမျိုး၊ အမျိုးသမီးလေးတွေဆိုရင်လည်း ပန်းရဲ့နာမည်လေးတွေနဲ့ ရွေးပေးလိုက်တာမျိုး သင်ပေးတယ်။ ကင်းထောက်ဆိုတာ ဘယ်လိုလဲဆိုတာ သိအောင်လို့ သူတို့ကို ပန်းချီဆွဲခိုင်းတယ်၊ သီချင်းလည်း ဆိုခိုင်းတယ်၊ အဲလိုပြိုင်ဆိုင်မှုလေးတွေလုပ်ပြတယ်။ မူလတန်း အရွယ်ကစပြီးတော့ အကောင်းဆုံးလုပ်ပါလို့ ကင်းထောက်ရဲ့ ရည်ရွယ်ချက်ထဲမှာ ပါတယ်။ ကြိုးချည်နည်းလေးတွေနဲ့ သီချင်းလေးတွေလည်း သင်ပေးတယ်။ ထူးထူးခြားခြား ပြောချင်တာက ၂၀၁၂ ခုနှစ်က ကင်းထောက် ပြန်လည်စတင်ဖွဲ့စည်းတယ်။ ကျွန်မကျောင်းမှာလည်း ဘက်စုံထူးချွန်လူငယ်လေးတွေရှိပါတယ်။ ထူးချွန်လူငယ်တွေက သူတို့ရရှိတဲ့ဗဟုသုတ အတွေ့အကြုံကိုလည်း ပြန်ပြီး ဝေမျှပေးကြတယ်။ ကမ္ဘာ့အဆင့်မီဖို့ဆိုတာကတော့ ဘက်စုံထူးချွန်ဖို့ လိုပါတယ်။

**ထက်ဝေယံအောင်**
**ကင်းထောက်ထူးချွန်လူငယ်**
**အထက(၁)တောင်ကြီး**

ကျွန်တော်ကတော့ ဧပြီ ၃ ရက်က ကင်းထောက်ပညာလေ့လာဖို့ ထိုင်းနိုင်ငံကိုသွားခဲ့တယ်။ ရခဲ့တဲ့ အတွေ့အကြုံတွေကတော့ တဲထိုးရတယ်။ တံတားဆောက်ရတယ်၊ တောင်တွေတက်ရတယ်။ တောင်တက်တော့လည်းရိုးရိုးတက်ရတာ မဟုတ်ဘူး။ ဂိမ်း ၁၇ ခု ကစားရပြီး ကြိုးတွေနဲ့တက်ရတယ်။ ဂိမ်း ၁၇ ခုစလုံး ပြည့်မှ တောင်အောက် ပြန်ဆင်းရတယ်။ နောက်ပြီး တိရစ္ဆာန်ရုံတွေကို လေ့လာရေးအနေနဲ့ လိုက်ပို့တယ်။ အဲဒီတိရစ္ဆာန်ရုံတွေက အတွေ့အကြုံတွေ ပြန်ပြောရတယ်။ ပြီးတော့ အမှိုက်လိုက်ကောက်ခိုင်းတယ်။ နောက်ပြီး တီထွင်မှု ၁၅ ခုလည်း ပြုလုပ်ရတယ်။ တံဆိပ်ရိုက်ရတာမျိုး၊ ရေသန့်ဘူးနဲ့ ကားလုပ်ရတာမျိုးတွေ၊ ဂိမ်းတွေ ကစားရတာတွေ အများကြီးပဲ။ ကျွန်တော် ဒီကို ပြန်ရောက်တော့ သူငယ်ချင်းတွေကို ကျွန်တော်လေ့လာခဲ့ရတဲ့ အတွေ့အကြုံတွေ ပြန်လည်မျှဝေပေးတယ်။ ငါးတန်းလောက်ကတည်းက စိတ်ဝင်စားပြီး လုပ်ခဲ့တဲ့ ကင်းထောက်အလုပ်ကို ကျွန်တော် အမြဲတမ်းဆက်လုပ်မှာပါ။ တစ်ဖက်ကလည်း စာတော်အောင် ကြိုးစားမယ်။

**နန်းမွန်းဆိုင်**
**ကင်းထောက်မယ်**
**အထက(၁)တောင်ကြီး**

သမီးအနေနဲ့ ဒီကင်းထောက်နဲ့ ပတ်သက်ပြီးတော့ ဆုတွေ သုံးလေးကြိမ်ရခဲ့ဖူးပါတယ်။ ခရိုင်အဆင့်၊ ဂျပန်စကားပြောပြိုင်ပွဲ၊ ပြီးရင် ကြိုးချည်ပြိုင်ပွဲနဲ့ အုပ်စုချင်းပြိုင်တဲ့ တဲထိုးပြိုင်ပွဲတွေမှာ ဆုတွေရခဲ့ဖူးပါတယ်။

ကင်းထောက်ဖြစ်ဖို့ အခက်အခဲတွေအများကြီးရှိပေမယ့် အစွမ်းကုန်ကြိုးစားခဲ့တော့ အခုဆိုရင် သမီးတို့ကျောင်းမှာ ကင်းထောက်မယ်တစ်ဦးအဖြစ်ရော၊ ကင်းထောက်အားလုံးရဲ့ ခေါင်းဆောင်တစ်ဦးအနေနဲ့ရော တာဝန်ယူရပါတယ်။ အနာဂတ်မှာ သမီးတို့နိုင်ငံကြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် လူငယ်တွေကအစ စာရိတ္တကောင်းအောင် သင်ကြားပြသရပါမယ်။ နောင်လာမယ့်သူတွေလည်း ဒီကင်းထောက်သင်တန်းတွေတက်ပြီး စာရိတ္တကောင်းမွန်အောင် အမိနိုင်ငံတော်ကို ကျေးဇူးဆပ်နိုင်တဲ့သူတွေဖြစ်အောင် ပြုလုပ်ပေးစေချင်ပါတယ်။

**ဦးကျော်ကျော်လှိုင်**
**ကင်းထောက်နည်းပြဆရာ**
**အထက(ပန်သခွား)၊တောင်ကြီးမြို့နယ်**

သူတို့တွေရဲ့ ကင်းထောက်သင်တန်းတွေကို တတ်မြောက်အောင်လို့ ကြိုးချည်နည်းသင်ကြားရတဲ့အပေါ်မှာ ကလေးတွေက ဘက်စုံ ထူးချွန်တဲ့သူတွေဖြစ်တော့ သင်ကြားတတ်မြောက်မှုလည်း လွယ်တယ်။ အဲဒီတော့ အရေးကြုံလာရင် ကြိုးချည်တတ်ရမယ်။ ကင်းထောက်မှာ တောစခန်းထွက်တာတွေရှိတယ်။ တောစခန်းထွက်တဲ့အခါမှာ စခန်းဝင်ဖို့တဲထိုးရပါတယ်။ တဲထိုးတဲ့အခါမှာ ကြိုးတွေနဲ့ချည်ပြီး ထိုးရပါတယ်။ အကယ်၍ လမ်းမှာ ရေနစ်နေတာမျိုးတွေတွေ့ရင်လည်း ရေထဲကိုကြိုးနဲ့ကယ်ဆယ်လို့ရအောင်ပါ။ ကြိုးချည်နည်းနဲ့ပဲ ချည်ပြီးတော့ ကုန်းပေါ်ဆွဲတက်တာမျိုးပါ။ ဒါကတော့ ကြက်ခြေနီနဲ့လည်း ဆိုင်တယ်။ လက်ကျိုးသွားတာမျိုးဆိုရင် ပတ်တီးစည်းတာမျိုး၊ ပဝါနဲ့ချည်တာပေါ့။ အဲဒါလည်း ကြိုးချည်နည်းထဲမှာ ပါတယ်။

ကင်းထောက်တွေ တဲထိုးရတဲ့ သဘောကတော့ တောစခန်းရောက်တဲ့အခါမှာ နေရိပ်ရအောင် တိရစ္ဆာန်အကောင် ဘလောင်တွေရန်ကာကွယ်လို့ရအောင် တဲလေးနဲ့ လူစုစုလေးနဲ့ နားနေရအောင်ပါ။ ဒီလိုလုပ်ခြင်းအားဖြင့် ကလေးတွေအတွက် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိလာတယ်။ အရေးကြုံရင် သူတို့နေထိုင်လို့ရအောင် စီစဉ်ဖန်တီးတတ်အောင်လို့ ကြိုးချည်နည်းတွေနဲ့ တွဲပြီးလုပ်ပေးတာပါ။ နောက်ကင်းထောက်မှာ တုတ်လည်းပါပါတယ်။ တုတ်ကတော့ လမ်းလျှောက်တဲ့အခါမှာလည်း အထောက်အကူဖြစ်တယ်။ တောင်တွေတက်တယ်ဆိုရင် ဒီတုတ်ကိုထောက်ပြီး အားပြုလို့ရပါတယ်။ ဒါ့အပြင် တောစခန်းထွက်ရင် မြွေအန္တရာယ်တွေ၊ ကင်းအန္တရာယ်တွေ ကင်းရှင်းအောင် တုတ်နှင့် ဘေးကိုမောင်းထုတ်ပြီးတော့ ခြောက်လှန့်တာမျိုးဆိုလည်း ဒီတုတ်ကိုပဲ သုံးပါတယ်။ ရေနစ်တဲ့အခါမှာလည်း ရေနစ်တဲ့ကလေးက နစ်နေပေမယ့် လက်ကလှုပ်နိုင်သေးတယ်ဆိုရင် ဒီတုတ်ပေးလိုက်ရင် တုတ်ကိုပေးပြီး ကယ်လို့လည်းရပါတယ်။

**ဒေါ်စန်းစန်းလှဲ့**
**ကင်းထောက်နည်းပြဆရာမ**
**အထက(၁)တောင်ကြီး**

ဒီနေ့ ကင်းထောက်သင်တန်းမှာ ကျွန်မ တာဝန်ယူခဲ့ရတာကတော့ ကင်းထောက်ရဲ့ ဖွဲ့စည်းပုံရည်ရွယ်ချက်၊ ကတိသုံးပါး၊ကျင့်ဝတ် ၁၀ ပါးတို့ကို ဒီကလေးတွေသိအောင်လို့ လာရောက်ပို့ချပေးတာ ဖြစ်ပါတယ်။ ကင်းထောက်အဖွဲ့မှာ ခေါင်းဆောင်ရွေးချယ်နည်းလေးတွေ၊ နောက် ကင်းထောက်နှုတ်ဆက်ပုံ နှုတ်ဆက်နည်းလေးတွေကို သရုပ်ပြပြီး သင်ကြားပေးပါတယ်။ သူတို့တစ်တွေ ပျော်ရွှင်ကြည်နူးကြပါတယ်။ စိတ်ပါဝင်စားမှုရှိတာလည်း တွေ့ရပါတယ်။ ကလေးလေးတွေ အဖွဲ့လိုက်နာမည်လေးတွေပေးတာတွေ၊ နောက် ပန်းချီလေးတွေဆွဲတယ်၊ ကဗျာလေးတွေဆိုတယ်၊ ဒီကင်းထောက်ဆိုတာ သူများကို ကူညီချင်တဲ့စိတ်ဓာတ်ကို အများဆုံး မွေးပေးရပါတယ်။ ဒီလူငယ်တွေက ပညာရေးပိုင်းမှာ ထက်မြက်ထူးချွန်သလို လူမှုရေးစိတ်ဓာတ်တွေပါ ထပ်ပေါင်းပြီး ထူးချွန်သွားမယ်ဆိုရင် နောင်တစ်ချိန်မှာ နိုင်ငံတော်အတွက် အားကိုးအားထားရတဲ့ သားကောင်းရတနာလေး ဖြစ်လာကြမှာပါ။


ဦးကျော်ကျော်လှိုင်


ဒေါ်ခင်မြခက်


ဒေါ်စန်းစန်းလှဲ့


ထက်ဝေယံအောင်


နန်းမွန်းဆိုင်

## တမူးမြို့၌ လေဘေးသင့်ပြည်သူများအား ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**တမူး ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ လေဘေးသင့်ပြည်သူများအား ငွေနှင့်ပစ္စည်း ထောက်ပံ့ပေးအပ်ပွဲကို ဧပြီ ၂၆ ရက် နံနက် ၈ နာရီက တမူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တမူးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က လေဘေးဖြစ်ပွားမှု အခြေအနေ၊ အလှူငွေနှင့် ပစ္စည်းလက်ခံရရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက လေဘေးသင့် ပြည်သူများအား နှစ်သိမ့်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ နေအိမ်ပြိုပျက်သွားသူ ကိုးဦးအတွက် တစ်ဦးလျှင် ငါးသောင်းနှုန်း၊ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သေဆုံးသူ နှစ်ဦးအတွက်တစ်ဦးလျှင်ငွေကျပ် တစ်သိန်းနှုန်း၊ နေအိမ်ပြိုပျက်သွားသူ ကိုးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှင့် ပစ္စည်းကိုးမျိုး၊ သာမန်ပျက်စီးသည့် နေအိမ် ၈၉ အိမ်အတွက် ပစ္စည်းလေးမျိုး၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ သေဆုံးသူနှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်း၊ ဒဏ်ရာရရှိသူ တစ်ဦးအတွက် ငွေကျပ်တစ်သိန်း တို့ကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြရာ သေဆုံးသူများ၏ မိသားစုဝင်များနှင့် လေဘေးသင့် ပြည်သူများက လက်ခံယူကြပြီး လေဘေးသင့် ပြည်သူများကိုယ်စား တမူးမြို့ မြို့မရပ်ကွက်နေ လေဘေးသင့်ပြည်သူ ဦးမြင့်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပျက်စီးသွားသော လူနေအိမ်များနှင့် နိုင်ငံပိုင်အဆောက်အအုံများ၊ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

တမူးမြို့တွင် ဧပြီ ၂၂ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကာ လူနေအိမ် ၉၈ လုံး၊ စာသင်ကျောင်း ခုနစ်ကျောင်း၊ သာသနိကအဆောက်အအုံ ကိုးလုံး၊ ဌာနဆိုင်ရာနှင့် ဧည့်ရိပ်သာ ကိုးလုံး၊ ဝန်ထမ်းအိမ်ရာ လေးလုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## တောင်ငူတွင် တောင်သူများ၏ စိုက်ပျိုးမြေများအတွက် သီးနှံလျော်ကြေးငွေများပေးအပ်

**တောင်ငူ ဧပြီ ၂၇**


တောင်ငူခရိုင် တောင်ငူမြို့နယ်အတွင်း ၅၀၀ ကေဗွီ မိတ္ထီလာ-နေပြည်တော်-တောင်ငူ မဟာဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော နှစ်ရှည်ပင်၊ စိုက်ပျိုးသီးနှံပင်များအတွက် တောင်သူများ၏ စိုက်ပျိုးမြေများ သီးနှံလျော်ကြေးငွေများကို တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဧပြီ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် ပေးအပ်ခဲ့သည်။

၅၀၀ ကေဗွီ မိတ္ထီလာ(သပြေဝ)-နေပြည်တော်-တောင်ငူ မဟာဓာတ်အားလိုင်း တာဝါတိုင် ဖောင်ဒေးရှင်းနှင့် ချဉ်းကပ်လမ်းများ တောင်သူပိုင်သီးနှံစိုက်ခင်းများတွင် ဖြတ်သန်းတည်ဆောက်ခြင်းကြောင့် ပျက်စီးသွားသည့်ကျေးရွာအုပ်စု လေးအုပ်စုမှ တောင်သူ ၂၇ ဦးအတွက် သီးနှံလျော်ကြေးငွေ စုစုပေါင်း ငွေကျပ် ၅၇၂၅၄၇၀ ကို တစ်ဦးချင်းသို့ ပေးအပ်သည်။

အဆိုပါ သီးနှံလျော်ကြေးငွေပေးအပ်ပွဲသို့ တောင်ငူမြို့နယ် မြေအသုံးချစီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ စီမံကိန်းမန်နေဂျာ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးစွာ ဆွေးနွေး



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ တရုတ် ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာနဝန်ကြီး မစ္စတာ ဝမ်းကျားရွှေ့တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**ပေကျင်း မေ ၂၇**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာနဝန်ကြီး မစ္စတာ ဝမ်းကျားရွှေ့နှင့် မေ ၂၆ ရက် ည ၆ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျောက်ယူထိုင်နိုင်ငံတော်ဧည့်ဂေဟာ (Diaoyuttai State Guesthouse) ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးစိုးသာ၊ သူရဦးအေးမြင့်၊ ဦးသိန်းဇော်နှင့် ဦးတီခွန်မြတ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့ဝင်များအား ဝန်ကြီး မစ္စတာ ဝမ်းကျားရွှေ့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ကြည့်ရှုလေ့လာ

**ကွမ်ကျိုး မေ ၂၇**

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သည့် မြန်မာလွှတ်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၅ ရက် ညပိုင်းတွင် ကွမ်ကျိုးမြို့ရှိ ကန်တုံတာဝါ (Canton Tower) သို့ သွားရောက်လေ့လာကြရာ ကန်တုံတာဝါ ဒုတိယအထွေထွေမန်နေဂျာ Mr. Wu Hao Zhong နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ကန်တုံတာဝါမှ ကွမ်ကျိုးမြို့ရှုခင်းကို ကြည့်ရှုကြသည်။ ကန်တုံတာဝါသည် အာရှ၌ တတိယအမြင့်ဆုံးတာဝါတစ်ခု ဖြစ်ပြီး အထပ်ပေါင်း ၁၁၈ ထပ်ရှိကာ ၆၀၀ မီတာခန့်မြင့်သည်။ ၎င်းတာဝါအား ငါးနှစ်ကြာ တည်ဆောက်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။

ပြည်ထောင်စု လွှတ်တော်နာယကနှင့်အဖွဲ့ဝင်များသည် မေ ၂၆ ရက် နံနက်ပိုင်းတွင် ကွမ်ကျိုးမြို့ LEAFUN HI-TECH COMPANY သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ကွမ်ကျိုးမြို့ Yushu Community သို့ ရောက်ရှိကြရာ အုပ်ချုပ်ရေးမှူး Mr. Xie Jie Ying က လိုက်လံ ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

ယင်းနောက် ကွမ်ကျိုးမြို့ ဖွံ့ဖြိုးတိုးတက်ရေးဇုန်သို့ ရောက်ရှိကြရာ ပြခန်းအတွင်းရေးမှူး မစ္စတာ ချန်းကျယ်ဇီနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။


၎င်းနောက် ကွမ်ကျိုးမြို့မှ လေကြောင်းခရီးဖြင့် ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံမှူး (ကြည်း၊ရေ၊ လေ)ဗိုလ်မှူးကြီး မြင့်သိန်းနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ ခေတ္တတည်းခိုမည့် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ (Diaoyutai State Guesthouse)သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**



# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၀ မှ အခြေခံမဲဆန္ဒရှင်စာရင်းများကို ဇွန် ၁ ရက်တွင် စတင်ထုတ်ပြန်မည်



ရပ်ကွက်/ကျေးရွာအဆင့်တွင် အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာထားမှုကို သရုပ်ဖော်ပုံဖြင့် ပြသထားစဉ်။

**မန္တလေး မေ ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ကွန်ပျူတာအတွင်းသို့ ထည့်သွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မြို့နယ် ၂၀ မှ မဲဆန္ဒရှင်စာရင်းများ ကောက်ယူစာရင်းသွင်းခြင်း ဆောင်ရွက်ပြီးဖြစ်၍ ဇွန် ၁ ရက်မှစ၍ ၁၄ ရက်အထိ မဲဆန္ဒရှင်စာရင်းများကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများမှာ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၊ ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၊ မြင်းခြံခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့မှ မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်မည်ဖြစ်ရာ ယင်းစာရင်းများကို မဲဆန္ဒရှင်များ လာရောက်ကြည့်ရှုနိုင်ရေးအတွက် လှုံ့ဆော်ပေးရေးနှင့် ပတ်သက်၍ မေ ၄ ရက်တွင် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ကြောင်း တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်စိုးက ပြောကြားသည်။

“ဒီဆွေးနွေးပွဲမှာ မဲဆန္ဒရှင်တွေ အနေနဲ့ မဲစာရင်းတွေလာရောက်ကြည့်ရှုဖို့ ကြိုတင်လှုံ့ဆော်ပေးဖို့အတွက် လိုအပ်တဲ့လက်ကမ်းစာစောင်တွေ၊ ပန်းဖလက်တွေ၊ ဗီနိုင်းနဲ့ ပိုစတာများ ကြိုတင်ဖြန့်ဝေခြင်းလုပ်ငန်းတွေ ဆောင်ရွက်ဖို့ သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာအလိုက် အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကို အစီအစဉ်တွေညှိနှိုင်းဖို့ဖြစ်ပါတယ်” ဟု ၎င်းကပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ တံတားဦးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ မိုးကုတ်မြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်နှင့် တောင်သာမြို့နယ်များတွင် မဲဆန္ဒရှင်စာရင်းကို ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ အာဆီယံနိုင်ငံများမှ အကြီးအကဲများ (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး မျက်နှာစုံညီအစည်းအဝေးမကျင်းပမီ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

# အာဆီယံအသိုက်အဝန်းကို ပိုမိုခိုင်မာရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်ကြရမည်

ကွာလာလမ်ပူ ဧပြီ ၂၇

**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၂၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်ဇနီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ ရှေးဦးစွာ ထိပ်သီးအစည်းအဝေးကို အာဆီယံသီချင်းတီးမှုတ်ပြီး ဖွင့်လှစ်သည်။

ယင်းနောက် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတွတ်ဆရီမူဟာမက်နာဂျစ်ဘင်တွန်း အဗ္ဗဒူလ် ရာဇတ်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းတည်ထောင်ရေး ရည်မှန်းချက်မှာ ယခုနှစ်ကုန်တွင် အထမြောက်တော့မည်ဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ်သည် အာဆီယံ၏ သမိုင်းတွင် မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူနိုင်တော့မည်ဖြစ်ကြောင်း။

အာဆီယံအတွက် ယခုလို အချိန်အခါကောင်း ရောက်ရှိလာချိန်တွင် အာဆီယံရာစုနှစ်ဟု ပြောနိုင်သည်အထိ မိမိတို့အတူတကွ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌအဖြစ် တစ်ဖန် ပြန်လည်တာဝန်ထမ်းဆောင်ရန် အခွင့်ကောင်းရချိန်တွင် အာဆီယံအဖွဲ့အနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို တည်ထောင်နိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်ကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံအား နိုင်ငံရေးအရ ပိုမိုပေါင်းစည်းသော အဖွဲ့တစ်ဖွဲ့ဖြစ်ရန် နည်းလမ်းရှာရမည့် အချိန်ဖြစ်ကြောင်း၊ အမှန်တကယ်တွင် အာဆီယံ၏ အလားအလာနှင့် စွမ်းပကားမှာ ကြီးမားကြောင်း၊ မိမိတို့ဒေသသည် ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး အလုပ်သမားအင်အားကို ပိုင်ဆိုင်ထားပြီး ယင်းတို့ထဲတွင် ငယ်ရွယ်ထက်မြက်၍ အရည်အချင်းမြင့်မားလာသည့် လူဦးရေမှာ သန်း ၆၀၀ ကျော် ရှိကြောင်း။

အလယ်အလတ် လူတန်းစားများပြားလာခြင်းကြောင့် အာဆီယံသည် အာရှဒေသ၏ အကောင်းဆုံး ရင်းနှီးမြှုပ်နှံရာ နေရာတစ်ခု ဖြစ်လာတော့မည်ဖြစ်ကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)နှင့် အတူ ကုန်သွယ်မှုအပေါ် အဟန့်အတားများကို ဖယ်ရှားနိုင်မည်ဖြစ်သည့်အတွက် သွင်းကုန်အပေါ် စည်းကြပ်ကောက်ခံသည့် အခွန်လျှော့ချခြင်းထက် ပိုမိုကောင်းမွန်ကြောင်း။

အာဆီယံအဖွဲ့သည် ငွေကြေးအရ ပေါင်းစည်းမှုနှင့် အရင်းအနှီးဈေးကွက်ကို မြှင့်တင်ရင်း နိုင်ငံအချင်းချင်းအကြား ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပင်ကိုစွမ်းရည်များ ပိုမိုလွတ်လပ်စွာ ရောက်ရှိရေးကို မြှင့်တင်ရန် လိုကြောင်း။

အာဆီယံနိုင်ငံများအတွင်း ကုန်သွယ်မှုသည် ၂၄ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသို့ မြင့်တက်လာပါက အာဆီယံစီးပွားရေးသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၂ဒသမ ၅ ထရီလီယံ တိုးတက်လာမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ဖြစ်လာပါက အာဆီယံနိုင်ငံများ၏ စီးပွားရေးရာ လူနေမှုအဆင့်အတန်းပါ မြင့်တက်လာမှာဖြစ်ကြောင်း။

ဒေသတွင်း လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနှင့် မတူညီသော ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကြောင့် အာဆီယံနိုင်ငံများအကြား ကွဲလွဲမှုများအနည်းနှင့်အများ ရှိနေမည်ဖြစ်ကြောင်း၊ မည်သို့ပင်ဆိုစေကာမူ မလေးရှားနိုင်ငံအနေဖြင့် အဆိုပါ ကွဲလွဲမှုများကို စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုများဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ဘန်ဆာမို ငြိမ်းချမ်းရေးအစီအစဉ်များကို ကြည့်မည်ဆိုပါက အာဆီယံအုပ်စု တစ်စိတ်တစ်ဝမ်းတည်းဖြစ်ရေးမှာ အာဆီယံဒေသအတွင်းရှိ ပဋိပက္ခများဖြေရှင်းရေးသည် အဓိကကျကြောင်း၊ ပြည်သူဗဟိုပြု အာဆီယံဖြစ်ရေးသည် အာဆီယံဒေသရှိ ပြည်သူများအနေဖြင့် တစည်းတလုံးတည်း နေထိုင်လိုသည့် ဆန္ဒရှိရန်လိုကြောင်းဖြင့် ပြောကြားသည်။

**အာဆီယံအသိုက်အဝန်းသည် ကမ္ဘာ့အသိုက်အဝန်းအလယ်တွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ယုံကြည်အားထားအပ်ပြီး ဒေသအတွင်း အဖွဲ့အစည်းများအား ဦးဆောင်နိုင်စွမ်းရှိသည့် အဖွဲ့အစည်းဖြစ်ရန်လည်း လိုအပ်။**

ထို့နောက် မလေးရှားရိုးရာတေးသွားအကဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ အကြီးအကဲများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်က Go ASEAN အား ဖွင့်လှစ်ခြင်း၊ ၎င်းအစီအစဉ်နှင့် စပ်လျဉ်း၍ တင်ဆက်ခြင်း၊ သုံးဖက်မြင် ရုပ်လုံးကြွတင်ဆက်ခြင်း၊ အာဆီယံဥက္ကဋ္ဌတေးသီချင်းဖြင့် တင်ဆက်ခြင်းများ ပြုလုပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နံနက် ၁၀ နာရီခွဲတွင် (၂၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး မျက်နှာစုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ မျက်နှာစုံညီ အစည်းအဝေး မကျင်းပမီ အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များက စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ခေါင်းဆောင်များက ဆွေးနွေးကြသည်။

မျက်နှာစုံညီအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆွေးနွေးပြောကြားရာ၌ မိမိတို့ ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ ရောက်ရှိစဉ် နွေးထွေးစွာ ကြိုဆိုဧည့်ခံသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပထမဦးစွာ အာဆီယံကို အဓိက ဦးဆောင်ထူထောင်သူ တစ်ဦးဖြစ်သည့် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ လီကွမ်ယူ ကွယ်လွန်သွားခြင်းနှင့် ပတ်သက်ပြီး ဝမ်းနည်းမိပါကြောင်း၊ ဝန်ကြီးချုပ် မစ္စတာ လီကွမ်ယူ ကွယ်လွန်ခြင်းမှာ စင်ကာပူနိုင်ငံအတွက် အစားထိုးမရသည့် ဆုံးရှုံးမှုတစ်ရပ်ဖြစ်သကဲ့သို့ အာဆီယံအတွက်ကြီးမားသည့် ဆုံးရှုံးမှု တစ်ရပ်လည်းဖြစ်ပါကြောင်း။

ယခုနှစ် အာဆီယံဥက္ကဋ္ဌ၏ ဆောင်ပုဒ်ဖြစ်သည့် Our People, Our Vision, Our Community သည် အာဆီယံအသိုက်အဝန်း ထူထောင်မှုနှင့် ပြည်သူများကို အခြေပြုသည့် အာဆီယံအသိုက်အဝန်း ပေါ်ပေါက်မှုအတွက် နှိုးဆော်မှုတစ်ရပ်ဖြစ်ပြီး အာဆီယံဥက္ကဋ္ဌ၏ ဦးစားပေး မူရှစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် မိမိတို့အနေဖြင့် အပြည့်အဝထောက်ခံ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အာဆီယံအသိုက်အဝန်း ထူထောင်နိုင်ခြင်းသည် အာဆီယံအတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အာဆီယံအသိုက်အဝန်း ဖြစ်ပေါ်လာတော့မည် ဖြစ်ပါကြောင်း၊ မိမိတို့ အာဆီယံအသိုက်အဝန်းကို ပိုမိုခိုင်မာရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အာဆီယံအသိုက်အဝန်း ထူထောင်မှုသည် အမြဲရှင်သန်နေမည့် ဖြစ်စဉ်တစ်ခုဖြစ်ပြီး အဆုံးသတ်သွားပြီဟု မယူဆနိုင်ပါကြောင်း။

အာဆီယံအသိုက်အဝန်းသည် ကမ္ဘာ့အသိုက်အဝန်းအလယ်တွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ယုံကြည်အားထားအပ်ပြီး ဒေသအတွင်း အဖွဲ့အစည်းများအား ဦးဆောင်နိုင်စွမ်းရှိသည့် အဖွဲ့အစည်းဖြစ်ရန်လည်း လိုအပ်ပါကြောင်း။

အစဉ်အမြဲရှင်သန်ပြီး ကမ္ဘာကြီး၏ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိနေသည့် အဖွဲ့အစည်းတစ်ခုအဖြစ် အာဆီယံကို ထိန်းသိမ်းသွားနိုင်ရန် အာဆီယံ၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်ကိုလည်း နေပြည်တော်ကြေညာစာတမ်းနှင့်အညီ ချမှတ်သွားကြရမည် ဖြစ်ပါကြောင်း။

ယင်းမျှော်မှန်းချက် ချမှတ်မှုမှာ နိုင်ငံတကာ အသိုက်အဝန်း၏ ဖြစ်ပေါ်တိုးတက်မှုများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သကဲ့သို့ ကုလသမဂ္ဂ၏ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်နှင့်လည်း ကိုက်ညီအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အာဆီယံအဖွဲ့အနေဖြင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ချစ်ကြည်ရင်းနှီးစွာ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေပြီး ဆွေးနွေးဖက် နိုင်ငံများနှင့် ယခုထက်ပိုမို ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်သွားရန်လည်း လိုအပ်ပါကြောင်း၊ ထို့အတူ အာဆီယံအဖွဲ့အစည်းသို့ ဆွေးနွေးဖက်၊ မိတ်ဖက်နိုင်ငံများအဖြစ် ကမ်းလှမ်းလျှောက်ထားလာသည့် နိုင်ငံများကိုလည်း ကြိုဆိုပါကြောင်း၊ အာဆီယံအနေဖြင့် ပြင်ပဆက်ဆံရေးကို တိုးချဲ့ရာတွင် အာဆီယံ၏ ရည်မှန်းချက်များကို အထောက်အကူပြုမှုနှင့် အာဆီယံ၏ ထိတွေ့နိုင်စွမ်းအားနှင့် ကိုက်ညီမည့် တိုးချဲ့မှုများကို ဆောင်ရွက်သွားရန် အကြံပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် အာဆီယံ Inter - Parliamentary Assembly မှ ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီနှင့် လည်းကောင်း၊ အာဆီယံ လူငယ်ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံခဲ့ကြသည်။ **(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံ နိုင်ငံများမှ အကြီးအကဲများ (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်း-စာ-၈) (ဓာတ်ပုံ-ပြန်/ဆက်)

# နိုင်ငံခြားဈေးကွက်သို့တင်ပို့ရန် သစ်သီးဝလံများကို ခေတ်မီဆေးကြောစက်များဖြင့် ဆေးကြောသန့်စင်ထုပ်ပိုးတင်ပို့မည်

**နေပြည်တော် မေ ၂၇**

တောင်သူလယ်သမားများ ရာသီအလိုက် စိုက်ပျိုးထွက်ရှိသော သီးနှံအမယ်များကို တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန် သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စံချိန် စံညွှန်းကိုက်ညီစွာ စိုက်ပျိုးအကောင်အထည်ဖော်လျက်ရှိသော စိုက်ကွင်းကြီးများကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီတွင် ဥတ္တရသီရိမြို့နယ် တောင်သူပညာပေးဇေ (၉၀၀) စိုက်ကွင်း အတွင်း၌ တောင်ကိုရီးယားနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချရန် စိုက်ပျိုးထားသော ငရုတ်သီးနှံစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် မြန်မာနယူးဧရာကုမ္ပဏီ၏ တစ်ကြိမ်လျှင် တန် ၅၀၀ ထိန်းသိမ်းသိုလှောင်နိုင်သည့် အအေးခန်းစက်ရုံကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

စက်ရုံအတွင်း၌ မာလာမြိုင်ကုမ္ပဏီနှင့် မြန်မာနယူးဧရာ ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စိန်တလုံးသရက်သီးများကို ယခု သရက်သီးထွက်ရှိသော ရာသီကာလ၌ နိုင်ငံခြားဈေးကွက်များသို့ တင်ပို့နိုင်ရန် ခေတ်မီအဆင့်မြင့်သန့်စင်ဆေးကြောစက်ကို စမ်းသပ်လည်ပတ်နေမှု၊ သစ်သီးဝလံများကို သန့်စင်သောရေဖြင့် ဆေးကြောနိုင်ရန် မြေအောက်ရေ တူးဖော်စက်ကိရိယာဖြင့် ရေတွင်းတူးဖော်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ တစ်နာရီလျှင် ရေဂါလန် ၃၀၀၀ ထွက်ရှိနေပြီး သိုလှောင်ရန်အတွက် အုတ်ရေကန်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ကိုးရွာသပြေကုန်းကျေးရွာအနီး ငရုတ်သီးနှံစိုက်ခင်းများ၊ နှစ်ရှည် ကျွဲကော၊ ပိန္နဲသီးနှံတို့နှင့် ရောနှော၍ စိုက်ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မျိုးစေ့သိုလှောင်ရုံ အအေးခန်းအဆောက်အအုံဆောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ ရာသီအချိန်ကိုက် ပြီးစီးရေးနှင့် မျိုးစေ့သန့်စင်စက်များ အချိန်မီရောက်ရှိရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက် ကျေးရွာအနီး မြန်မာနယူးဧရာကုမ္ပဏီ၏ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါးဇေ ၁၀၀ F-1 မျိုးစေ့ထုတ် စိုက်ကွင်းနှင့် ပြည်ပမှ ပထမအသုတ်မှာယူရောက်ရှိလာသော တစ်နာရီလျှင် ၁၀ တန် သန့်စင်ပေးနိုင်သည့် ခေတ်မီ မျိုးစေ့သန့်စင်စက်အား တပ်ဆင်ရန် အသင့်ဖြစ်နေမှုကို ကြည့်ရှုသည်။ **(အောက်ပုံ)**

ထို့မှတစ်ဆင့် ဇေယျာသီရိမြို့နယ်၊ သစ်တပ်ကျေးရွာအနီး ကြံတောင်သူပညာပေးစိုက်ကွင်း၊ သပြေပင်ကျေးရွာအနီးနှင့် စိမ်းစားပင် ကျေးရွာအနီးရှိ ငရုတ်သီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**



# အစိုးရနည်းပညာအထက်တန်းကျောင်း (ရှမ်းရွာကြီး)ဖွင့်

**ကျောက်ဆည် မေ ၂၇**

နိုင်ငံတော်အစိုးရအဖွဲ့သစ် စတင်တာဝန်ယူခဲ့ပြီးနောက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားတို့၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကဏ္ဍစုံ၊ ဘက်ပေါင်းစုံတွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ရှမ်းရွာကြီးကျေးရွာအနီးတွင် မေ ၂၇ ရက် နံနက် ၉ နာရီခွဲက နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန အစိုးရ နည်းပညာအထက်တန်းကျောင်း (ရှမ်းရွာကြီး)၌ ဖွင့်ပွဲကျင်းပသည်။



ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်ထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အစိုးရနည်း ပညာအထက်တန်းကျောင်း (ရှမ်းရွာကြီး)တွင် လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းရေးသင်တန်းအပြင် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းရေး သင်တန်းနှင့် နေစွမ်းအင်အသုံးချနည်းပညာသင်တန်းကိုပါ တစ်ပြိုင်နက်တည်း ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း၊ သင်တန်းများကို တက်ရောက်ခြင်းအားဖြင့် မိမိတို့ နေ့စဉ်ထိတွေ့အသုံးပြုနေသော စက်ပစ္စည်းများအား သက်တမ်းပြည့်သုံးစွဲနိုင်ရန်အတွက် ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ စက်ပစ္စည်းအစိတ်အပိုင်းများကို အသစ်လဲလှယ်အစားထိုးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နည်းပညာရှင်များ၊ အတတ်ပညာရှင်များ၊ လူမှုရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက သင်တန်းပို့ချမည့် အခန်းများနှင့် ပြခန်းများကို လေ့လာကြည့်ရှုရာ သက်ဆိုင်ရာသင်တန်းတာဝန်ခံ ဆရာဆရာမများက ကဏ္ဍအလိုက်သင်တန်းပို့ချမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သက်မောင်(iprd)**

# ထူးခြားသည့်နေ့အပူချိန်များ

**နေပြည်တော် မေ ၂၇**

ထူးခြားသည့်နေ့အပူချိန်များမှာ နေပြည်တော်( လေဆိပ်)၊ အောင်လံမြို့နှင့် ကြို့ပင်ကောက်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၄ ဒသမ ၇၃ လက်မ၊ လှိုင်ကော်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ နေပြည်တော်(လယ်ဝေး)တွင် ၁ ဒသမ ၀၆ လက်မနှင့် ကျိုင်းတုံမြို့တွင် ၀ ဒသမ ၉၄ လက်မတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ထန်းတပင်မြို့နယ်များသို့ ရောက်ရှိစစ်ဆေး

**ရန်ကုန် မေ ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ယနေ့နံနက်ပိုင်းတွင် ဆိပ်ကြီးခနောင်တိုမြို့ရှိ မြို့နယ်မီးသတ်တပ်ဖွဲ့ရှိ ဆောက်လုပ်ဆဲအဆောက်အအုံများနှင့် ဆိပ်ကြီးခနောင်တို မြို့မရဲစခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အထောက်အကူပြု အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ဆက်လက်၍ ထန်းတပင်မြို့သို့ရောက်ရှိပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ အဆောက်အအုံသစ်ဆောက်လုပ်ပြီးစီးမှု၊ ထန်းတပင်မြို့မရဲစခန်းနှင့် ကုက္ကိုဝ တံတားစီမံကိန်းတို့ကိုကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံး၌ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ကြောင်း သတင်း ရရှိသည်။ **(မြန်မာ့အလင်း)**



## မြောက်ပိုင်းဒေသများ မိုးဆက်လက် ထစ်ချုန်းမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။ (မိုး/ဇလ)

# နေပြည်တော်ဟိုတယ်ဇုန်များ သက်ဝင်စည်ကားလာစေရေး ပူးပေါင်းဆောင်ရွက်ကြရန်လို

**ယမန်နှစ်များအတွင်း ဆီးဂိမ်းပြိုင်ပွဲ၊ အာဆီယံထိပ်သီးအစည်းအဝေးများ၊ ကျောက်မျက်ပြပွဲများနှင့် စည်ကားခဲ့သော နေပြည်တော်ဟိုတယ်ဇုန်အတွင်းရှိ ဟိုတယ်များအနေဖြင့် ဧည့်သည်ဝင်ရောက်မှု နည်းပါးချိန်တွင် ဝန်ဆောင်မှုများတိုးချဲ့ခြင်း၊ အချို့အခန်းခများ လျှော့ချခြင်း အစရှိသည့် ပုံစံမျိုးစုံဖြင့် ဧည့်သည်များလာရောက်တည်းခိုနေထိုင်နိုင်ရေး ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။**

**သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်**

နိုင်ငံခြားသားခရီးသွားများ အများဆုံးစိတ်ဝင်စားသည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သော ပုဂံ၊ သဘာဝပတ်ဝန်းကျင် အလှအပများရှိသည့် အင်းလေး၊ ပြင်ဦးလွင်နှင့် ပင်လယ်ကမ်းခြေဒေသများ၌ ခရီးသွားရာသီဟူ၍ ပုံသေသတ်မှတ်နိုင်သော်လည်း နေပြည်တော်တွင် ထိပ်သီးအစည်းအဝေးပွဲများ ပြုလုပ်ချိန်၊ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည့် စီးပွားရေးလုပ်ငန်းရှင်များ၊ သံတမန်ကိစ္စ လာရောက်မှုများ၊ ကျောက်မျက်ရတနာပြပွဲကျင်းပချိန်နှင့် ဖိုရမ်များပြုလုပ်သည့် ကာလများတွင်သာ ပြည်တွင်း၊ ပြည်ပတည်းခိုသူများ ဝင်ရောက်မှုရှိသည်။

**နေပြည်တော်ဟိုတယ်ဇုန်များ သက်ဝင်စည်ကားစေရန် ဟိုတယ်လုပ်ငန်းရှင်များသာမက ခရီးသွား၊ ဘဏ်လုပ်ငန်း၊ လူဝင်မှုကြီးကြပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး အစရှိသည့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်**

၂၀၁၄ ခုနှစ်အတွင်း နေပြည်တော် ဟိုတယ်ဇုန်၌ နိုင်ငံခြားသားဧည့်သည်များ လာရောက်တည်းခိုသည့် အရေအတွက် ၁၂၀၀၀ ကျော်ရှိပြီး ပြည်တွင်းဧည့်သည် ၁၀၀၀၀၀ ကျော် လာရောက်တည်းခိုကြောင်း မှတ်တမ်းများအရ သိရသည်။ နေပြည်တော်ကောင်စီနယ်မြေတွင် ဟိုတယ်ဇုန်သုံးခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိဖွင့်လှစ်လည်ပတ်နေသော ဟိုတယ်အရေအတွက် ၆၁ လုံးရှိသည်။

လက်ရှိလုပ်ငန်း လည်ပတ်နေသောဟိုတယ်များတွင် ဟိုတယ်ဇုန်(၁)သည် အချက်အချာကျသည့် နေရာဖြစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ အပန်းဖြေသွားလာစရာနေရာပေါများခြင်း၊ Junction ကဲ့သို့ ဈေးဝယ်စင်တာများနှင့် နီးကပ်ခြင်းစသည့် ဧည့်သည်များအတွက် အဆင်ပြေနိုင်သည့် အားသာချက်များရှိသော်လည်း ဟိုတယ်ဇုန်(၂)တွင် အဆိုပါအချက်များ အားနည်းနေသေးကြောင်း တွေ့ရသည်။ ဇုန်(၂)ရှိ ဟိုတယ်အများစုအနေဖြင့် ရေရှည်တည်းခိုသူ စီးပွားရေးလုပ်ငန်းရှင်များကိုသာ အားထား၍ လုပ်ငန်းလည်ပတ်လျက်ရှိသည်။ ဟိုတယ်ဇုန်(၁)နှင့် နှိုင်းယှဉ်လျှင် ဟိုတယ်ဇုန်(၂)မှာ ရေရှည်ရပ်တည်မှုအတွက် အနည်းငယ်ရုန်းကန်ရမည့် အနေအထားရှိသည်။

နေပြည်တော်ရှိ ဟိုတယ်ဇုန်များ သက်ဝင်လှုပ်ရှားလာစေရန် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပုဂ္ဂလိကဟိုတယ်များနှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်ပြီး ခရီးသွားလာရေးကဏ္ဍကို အဆင့်မြှင့်တင်လျက်ရှိသည်။ MICE Marketing (Meeting Incentive Conference Exhibition) ကို ခရီးသွားလာမှု မြှင့်တင်ရေး စီမံကိန်းသစ်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဝန်ကြီးဌာနနှင့် ဟိုတယ်ဇုန်များအနေဖြင့် ခရီးသွားဧည့်သည်များ၊ နေပြည်တော် သတင်းအချက်အလက်များကို အဆင်ပြေပြေရရှိနိုင်ရန်အတွက် Website များ လွှင့်တင်နိုင်ရန်စီစဉ်နေပြီး နေပြည်တော်တွင် အခမ်းအနားပွဲများ ပိုမိုပြုလုပ်လာရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အဆင့်မြင့်တင်သည့်နေရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ ရုံးစိုက်ရာ မြို့ဖြစ်သည်နှင့်အညီ ဝန်ကြီးဌာနဆက်စပ်အစည်းအဝေးများအားလုံးကို နေပြည်တော်၌ကျင်းပနိုင်ရေး ဆောင်ရွက်သွားသင့်ကြောင်း၊ ပြည်တွင်းခရီးသွားများကိုလည်း ယဉ်ကျေးမှု ပွဲလမ်းသဘင်များ ကျင်းပ၍ ဆွဲဆောင်သွားသင့်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးက မှာကြားထားသည်ဟု သိရသည်။

ဆက်လက်ပြီး ပြည်တွင်းပြည်ပခရီးသည်များအား ဆွဲဆောင်မှုတစ်ရပ်အနေဖြင့် လွှတ်တော်အတွင်း ဝင်ရောက်လေ့လာလိုသူများအတွက် အဆင်ပြေချောမွေ့စွာ ဝင်ထွက်သွားလာခွင့်ကို ဝန်ကြီးဌာနက ဆောင်ရွက်ပေးခြင်း၊ ဟိုတယ်များအနေဖြင့် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများ မြှင့်တင်ပေးခြင်း၊ အခန်းခနှုန်းထားများ လျှော့ချပေးခြင်းဖြင့် တတ်စွမ်းသမျှ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပြည်ပခရီးသည်များ ပိုမိုအဆင်ပြေချောမွေ့စွာ လာရောက်လည်ပတ်နိုင်ရေးအတွက် အွန်လိုင်း၊ ငွေလွှဲစနစ်၊ လေဆိပ်အဝင်အထွက် လွယ်ကူစေရေး၊ မော်တော်ယာဉ်လိုင်းများ ပိုမိုပြေးဆွဲပေးနိုင်ရေး အရှိန်မြှင့်ဆောင်ရွက်ရန် ဝန်ကြီးဌာန၊ ပုဂ္ဂလိကနှင့် ဟိုတယ်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက အကြံပြုထားသည်။

နေပြည်တော်ဟိုတယ်ဇုန်များ သက်ဝင်စည်ကားစေရန် ဟိုတယ်လုပ်ငန်းရှင်များသာမက ခရီးသွား၊ ဘဏ်လုပ်ငန်း၊ လူဝင်မှုကြီးကြပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး အစရှိသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နေပြည်တော်ဟိုတယ်ဇုန်သာမက မြန်မာ့ခရီးသွားလုပ်ငန်းပါ တိုးတက်လာမည်ဖြစ်သည်ဟု ယူဆမိကြောင်း ဟိုတယ် လုပ်ငန်းရှင်တစ်ဦးက အကြံပြုပြောကြားသည်။

**(မြန်မာ့အလင်း)**



ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှ နေပြည်တော်ဟိုတယ်ဇုန်များ စည်ကားလာမည်။

✳ *ကျော့ဖုံးမှ*

တစ်ချိန်က ဝါးရင်းတုတ် ဖိုးကေဟု နာမည်ကြီးခဲ့သည့် မန္တလေးသား ဖိုးကေသည် ၂၀၀၇ ခုနှစ်က ရိုးရာလက်ဝှေ့လောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပ ပွဲစဉ်ပေါင်း ၁၀၀ နီးပါးထိုးသတ်ခဲ့သည်။ နိုင်ပွဲ ၇၀ ကျော်၊ သရေနှင့် ရှုံးပွဲ ၂၀ ကျော်တို့ ရှိခဲ့သည်။ ယခုဆိုလျှင် ဖိုးကေသည် အသက် ၂၄ နှစ်ရှိပြီဖြစ်ပြီး ကီလိုဝိတ်တန်းတွင် ၇၉ ကီလိုထိ ရှိနေပြီဖြစ်သည်။ လက်ဝှေ့လောကမှ ၂၀၁၃ နှစ် အစောပိုင်းကာလက အနားယူသွားခဲ့ပြီး မော်ဒယ်သရုပ်ဆောင်လိုင်း ဘက်ကိုပင် ဝင်ရောက်လုပ်ကိုင်ဖြစ်ခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံရိုးရာ လက်ဝှေ့ချန်ပီယံဖြစ်ချင်သော စိတ်ဆန္ဒက ပြင်းပြလျက်ရှိနေသည်ဟု ဆိုသည်။

"သူ့ကို ကျွန်တော်ခေါ်ဖြစ်ခဲ့တဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာ့ရိုးရာလက်ဝှေ့လောကမှာ လူငယ်တန်းလက်ဝှေ့သမားတွေက မရှိသလောက်ဖြစ်နေပြီ။ ပြောရရင် လူငယ်တန်းလက်ဝှေ့သမားတွေ မျိုးဆက်ပြတ်နေတယ်။ သူကတစ်ချိန်က လည်း နာမည်ရခဲ့သလို ခုလည်းသူက ပြန်လေ့ကျင့်လိုက်ရင် ရနိုင်သေးတာမို့ ပြန်လည်ခေါ်ယူပြီး ကျွန်တော့်ကလပ်မှာ မွေးမြူခဲ့တာပါ။ သူ့ဆီက ကျွန်တော်ဘာမှ မျှော်လင့်ထားတာ မရှိပါဘူး။ လေ့ကျင့်ကုန်ကျစရိတ်တွေ အားလုံး ကျွန်တော့်ကလပ်ကပဲအကုန်ကျခံမှာဖြစ်ပါတယ်။ ခုလာမယ့် ဇူလိုင်လထဲမှာတော့ စပြီး ပထမဦးဆုံးပွဲအနေနဲ့ တည်ပေးဖို့ရှိပါတယ်။ ပြည်တွင်းကသူနဲ့ ဝိတ်တန်းတူတဲ့သူ တစ်ဦးဦးပေါ့။ သူ့ရဲ့ စိတ်ရင်းခံတိုင်း ကြိုးစားရင် သူမျှော်မှန်းထားတဲ့ ချန်ပီယံဖြစ်လာနိုင်ပါတယ်" ဟု ဝါးရင်းတုတ် ဖိုးကေအား ကလပ်သို့ ခေါ်ယူလေ့ကျင့်မွေးမြူပေးမည့် T&T ကလပ်ပိုင်ရှင် ကိုစိုးသန်းဝင်းက ပြောကြားသည်။

မြန်မာ့ရိုးရာလက်ဝှေ့ T &T ကလပ်ကို ၂၀၀၈ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ယခုအခါ လူသစ်တန်း၊ လူငယ်တန်းနှင့် လူလတ်တန်းစသည့် လက်ဝှေ့သမားများကို မွေးမြူလျက်ရှိသည်။

**(မြန်မာ့အလင်း)**

❒ *ကျော့ဖုံးမှ*

မတ်လအတွင်းက လစ်သူယေးနီးယားနှင့်ပွဲတွင် အင်္ဂလန်အသင်း၌ စတင်ပါဝင် ကစားခဲ့ပြီး ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

PFA က ရွေးချယ်သည့် ပရီမီယာလိဂ်အကောင်းဆုံးအသင်းတွင် ချယ်လ်ဆီးကစားသမား ခြောက်ဦး ပါဝင်ခဲ့သည်။ နောက်တန်းကစားသမားများဖြစ်ကြသည့် အိုင်ဗန်နိုဗစ်၊ တယ်ရီ၊ ကာဟေးလ်နှင့် ကွင်းလယ်ကစားသမား မာတစ်၊ ဟာဇတ်နှင့် တိုက်စစ်မှူး ကော်စတာတို့ ပါဝင်ကြသည်။

ထို့အပြင် ဆောက်သမ်တန် နောက်တန်းလူ ရှိုင်ယန်ဘတ်ထရန်း၊ စပါးတိုက်စစ်မှူး ဟယ်ရီကိန်း၊ မန်ယူဂိုးသမား ဒီဂီယာ၊ လီဗာပူးမှ ကော်တင်ဟိုနှင့် အာဆင်နယ် တိုက်စစ်မှူး ဆန်ချက်ဇ်တို့လည်း ပါဝင်သည်။

**မောင်နွေသစ်**

# အင်းလေးခေါင်တိုင်အပန်းဖြေစခန်းရှိ ဘက်စုံပညာထူးချွန်လူငယ်များ ကင်းထောက်ဆိုင်ရာပညာရပ်များ ဆက်လက်သင်ကြား

အင်းလေး မေ ၂၇

သတင်းနှင့်ဓာတ်ပုံ-တင်မောင်လွင်(မြန်မာ့အလင်း)

**အင်းလေးခေါင်တိုင်အပန်းဖြေစခန်း၌ ရောက်ရှိနေသည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် နဝမတန်း ဘက်စုံပညာထူးချွန်လူငယ် ၁၇၆ ဦးသည် မေ ၂၇ ရက် နံနက်ပိုင်းတွင် တည်းခိုနေထိုင်ရာ ဟူပန်ဟိုတယ် ညှို့ကြိုခန်းမရှေ့ကွင်းပြင်၌ တန်းစီနေရာယူခြင်း၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။**



ဘက်စုံပညာထူးချွန်လူငယ်များ ကင်းထောက်သင်တန်း တဲထိုးနည်း လက်တွေ့လေ့ကျင့်နေမှုကို တွေ့ရစဉ်။

မွန်းလွဲပိုင်းတွင် ခေါင်တိုင်အထက၌ ကင်းထောက်သင်တန်း လက်တွေ့ပို့ချခြင်းများ၊ အလံတင်အခမ်းအနား လက်ဖြင့်အချက်ပြခြင်း၊ ခရာဖြင့် အချက်ပြခြင်း၊ ကင်းထောက်တုတ်ဖြင့် လမ်းလျှောက်ခြင်း၊ တောစခန်းချခြင်းနှင့် တီထွင်ဖန်တီးမှု စသည်တို့ကို သက်ဆိုင်ရာ ဆရာ ဆရာမများက လည်းကောင်း၊ ကင်းထောက်ကြက်ခြေနီ ပတ်တီးစည်းနည်းနှင့် ပတ်သက်၍ နည်းခြောက်နည်း၊ အရေးပေါ်ကုသနည်း၊ အလံအချက်ပြခြင်းနှင့် တောစခန်းသင်္ကေတများ စသည့် ကင်းထောက်ပညာများကို တောင်ကြီးကြက်ခြေနီဆရာအဖွဲ့က လည်းကောင်း သင်ကြားပို့ချခဲ့သည်။

ညနေပိုင်းတွင် ထူးချွန်လူငယ်များသည် ကျောင်းရှေ့ကွင်းထဲ၌ ကင်းထောက်ခေါင်းဆောင်ရွေးချယ်နည်းများကို သက်ဆိုင်ရာဆရာများက လက်တွေ့သရုပ်ပြသင်ကြားပေးခဲ့သည်။

"ဒီကစားနည်းက ခေါင်းဆောင်ဘယ်သူလဲဆိုတာ ရွေးချယ်တဲ့ ကစားနည်းပါ။ ကင်းထောက်ခေါင်းဆောင်ရွေးချယ်နည်းကတော့ ရွေးဖို့ လူတစ်ယောက်က စည်းဝိုင်းအပြင်မှာ ကျောပေးပြီးနေမယ်။ ပြီးတော့ အတွင်းထဲမှာ အဖွဲ့ကရွေးထားတဲ့ ခေါင်းဆောင်က လှုပ်ရှားမှုတစ်ခုကို စလုပ်တာနဲ့ ကျန်တဲ့အဖွဲ့သားတွေအားလုံးက လိုက်လုပ်မယ်။ အဲဒီလို စလုပ်တာနဲ့ ခေါင်းဆောင်ရွေးမယ့်သူက ဝင်ရှာလို့ရပြီ။ ဘယ်သူကစပြီးတော့ အမူအရာပြောင်းလဲသွားလဲ၊ အဲဒီ စပြောင်းသွားတဲ့သူက ခေါင်းဆောင်ပဲဆိုတာကို မျက်လုံးတွေကြည့်ပြီး အကဲခတ်ရမှာဖြစ်ပါတယ်။ အဲဒီလိုအကဲခတ်ပြီးတော့မှ အဲဒီလူမျက်စိရဲ့ ဦးတည်ရာက ဘယ်သူလဲ၊ ဒါဆို ဒီလူဖြစ်နိုင်ခြေ ရှိ မရှိ၊



ဘက်စုံပညာထူးချွန်လူငယ်များ ကင်းထောက်သင်တန်း လက်ဖြင့်အချက်ပြနည်း လက်တွေ့သင်ယူနေစဉ်။

ခေါင်းဆောင်လားဆိုတာကို သွားမေးလိုက်မယ်။ မဟုတ်ဘူးဆိုရင် ဆက်ရွေးချယ်ရမယ်။ ဟုတ်တယ်ဆိုရင် ဒီခေါင်းဆောင်လုပ်တဲ့ သူက သူ့ကို ပြန်ပြီးတော့ အမှားမိသလို မိသွားတဲ့အတွက်ကြောင့် သူက ခေါင်းဆောင်ရွေးတဲ့သူ ပြန်ဖြစ်သွားပါမယ်"ဟု ကင်းထောက်ခေါင်းဆောင်ရွေးချယ်မှုကစားနည်းနှင့် ပတ်သက်ပြီး ကင်းထောက်သင်တန်းနည်းပြတစ်ဦးဖြစ်သူ ဆရာအောင်ဇော်မင်းက ပြောသည်။

"အခုလို ကင်းထောက်ဆိုင်ရာပညာများကို သင်ယူရတာ အလွန်ပျော်ပါတယ်။ ပညာတွေလည်း အများကြီးရတယ်။ တစ်ခါမှ မတွေ့ဖူးတဲ့ပညာတွေကို သင်ရတော့ ဗဟုသုတတွေလည်း အများကြီးရပါတယ်။ ဒီနေ့ဆိုရင် ကင်းထောက်ကြက်ခြေနီနဲ့ပတ်သက်တာတွေလည်း သိရပါတယ်။ အတွေ့အကြုံအသစ်တွေ အများကြီးရပါတယ်။ နည်းနည်းတော့ ပင်ပန်းပေမယ့် တကယ်လိုချင်တဲ့ စိတ်ကြောင့် ပျော်ပါတယ်" ဟု တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်မှ ဘက်စုံပညာထူးချွန်လူငယ်ကျောင်းသူ မခြူးခြူးသော်တာထွန်းက ပြောသည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်အဖြစ် ဒေသခံတိုင်းရင်းသားလူငယ်များက တို့အင်းလေးက ဖိတ်ခေါ်သံ၊ မြူးမြူးကြွကြွ တိုင်းရင်းသားအက၊ တိုးနယားအက၊ ဝါးညှပ်အက၊ နောင်အင်းလေး စသည့် အဆို၊ အကများဖြင့် ဖျော်ဖြေကြရာ ဘက်စုံပညာထူးချွန်လူငယ်များက စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

# ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း(ပုဂံ)၌ ကင်းထောက်သင်တန်းဖွင့်လှစ်

သတင်း-မင်းမင်းဇော်

ဓာတ်ပုံ-မောင်ဖိုးဇော်

ပုဂံ မေ ၂၇

ယနေ့ နံနက် ၈ နာရီတွင် ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း(ပုဂံ)၌ အပန်းဖြေလေ့လာရေးခရီးစဉ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကင်းထောက်သင်တန်းကို ၂၀၁၅ ခုနှစ် မဌမတန်းဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူ ၁၇၆ ဦးကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆိုပါသင်တန်းတွင် အလံတင်အခမ်းအနားအား ကင်းထောက်တုတ်ဖြင့် သရုပ်ပြခြင်း၊ ခရာအချက်ပြခြင်း၊ ပတ်တီးစည်းနည်း ခြောက်မျိုး၊ အရေးပေါ် ထိခိုက်ကုသမှု၊ တောတွင်းသင်္ကေတများနှင့် အလံအချက်ပြနည်းများ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ညဏ်စမ်းကစားနည်းများ၊ ပတ်ဝန်းကျင်ရှိ ဆေးဖက်ဝင်အပင်များအား အသုံးပြုနည်းများ၊ ကလေးသူငယ်အခွင့်အရေးများနှင့် ကြိုးချည်နည်းများကို ကင်းထောက်ဆရာ ဆရာမ



များက စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိသည်။

"ဒီနေ့အတွက် ဘက်စုံထူးချွန်မောင်မယ်တွေကို ကင်းထောက်ပညာရပ်ဆိုင်ရာ စာတွေ့လက်တွေ့ သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ ကင်းထောက်ပညာဆိုတာ စစ်သဘောမပါ။ နိုင်ငံရေးမစွက်တဲ့ လူမှုရေးသက်သက်ဖြစ်တယ်ဆိုတာ သိသွားအောင် သင်ကြားသွားမှာပါ။ တစ်ဦးတစ်ယောက်တည်း ကြိုးစားဆောင်ရွက်တာထက် စုပေါင်းဆောင်ရွက်ကြိုးပမ်းတာက အချင်းချင်း စည်းလုံးပြီး ပိုမိုအောင်မြင်တယ်ဆိုတာတွေကို သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကိုလည်း စူးစမ်းလေ့လာတတ်အောင် သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ ကင်းထောက် ဘာသာရပ်အပြင် ရှေးဦးသူနာပြုစုခြင်းတွေ၊ မိမိကိုယ်မိမိ တာဝန်ယူတတ်တဲ့ အကျင့်တွေ၊ စည်းကမ်းတကျ ပိုမိုနေထိုင်သွားလာတတ်မယ့် အလေ့အကျင့်တွေကိုလည်း သင်ကြားပေးသွားမှာ ဖြစ်ပါတယ်" ဟု ကင်းထောက်သင်တန်းနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်မှ ကင်းထောက်ဆရာမ အလယ်တန်းပြ ဒေါ်နွဲ့နွဲ့ထွေးက ပြောသည်။

ထိုသို့ စာတွေ့လက်တွေ့ ကင်းထောက်ပညာ သင်ကြားရခြင်းနှင့် ပတ်သက်၍ "သမီးက အရင်ကတည်းက ကင်းထောက်အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ အခု ဘက်စုံပညာထူးချွန် တစ်ယောက်အနေနဲ့ ဒီကင်းထောက်သင်တန်းကို ထပ်တက်ရတာ ကင်းထောက်ပညာကို ပိုမိုပြည့်စုံအောင် သင်ကြားခွင့်ရသလိုပါပဲ။ ကင်းထောက်ပညာသင်ရတဲ့အတွက် သမီးတို့ဟာ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်လာမယ်။ သင်တန်းက သင်ကြားပေးလိုက်တဲ့ သင်ခန်းစာတွေကို သမီးတို့ရဲ့ လက်တွေ့ဘဝမှာ အကျိုးရှိရှိ အသုံးချနိုင်မှာဖြစ်ပါတယ်။ ကျောင်းမှာ ကျန်ရှိနေတဲ့ သူငယ်ချင်းတွေကိုလည်း ဘက်စုံထူးချွန်လူငယ်ရဲ့ အတွေ့အကြုံတွေ၊ ကင်းထောက်သင်တန်းရဲ့ အတွေ့အကြုံတွေကို ပြန်လည်ရှင်းပြပြောပြမယ်။ ဒါမှ သူတို့လည်း ဘက်စုံပညာထူးချွန်သူတစ်ယောက်ဖြစ်အောင် ပိုမိုကြိုးစားလာကြမှာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဘက်စုံပညာထူးချွန်လူငယ် အဌမတန်းကျောင်းသူ မမြကြည်ဖြူက ရင်တွင်းစကားဆိုခဲ့သည်။

# ငါ့သရောက်မြို့ မြန်နန္ဒာသောက်သုံးရေကန်အတွင်း ကြွပ်ကြွပ်အိတ်အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်မှု အချိန်မီထိန်းသိမ်းပေးရန်လိုအပ်

**ငါ့သရောက် မေ ၂၇**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက် မြို့နယ်ရှိ မြန်နန္ဒာကန်တော်ကြီ မြေသားမိုးရေလှောင်ကန်ကြီးသည် အမှတ်(၂)ဈေးကုန်းရပ်ကွက်၌ တည်ရှိပြီး နှစ်စဉ် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား သောက်သုံးရေအတွက် များစွာအကျိုးပြုလျက်ရှိကြောင်း သိရသည်။

ယခုအခါ အဆိုပါ ကန်ကြီးအတွင်းသို့ ပလတ်စတစ်ကြွပ်ကြွပ်အိတ်အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်နေမှုများရှိလာခြင်းကြောင့် ဒေသခံပြည်သူများက တာဝန်ရှိသူများ အနေဖြင့် အချိန်မီထိန်းသိမ်းပေးစေလိုကြောင်းနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံတစ်ဦးက အကြံပြုပြောပြသည်။

ထိုသို့ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားနေရသည့် မြန်နန္ဒာကန်တော်ကြီးအတွင်း ပလတ်စတစ်အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်နေမှုများကို တာဝန်ရှိသူများက အချိန်မီတားမြစ်ထိန်းသိမ်းခြင်း မရှိပါက တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာနိုင်ပြီး ရေညစ်ညမ်းမှုများကြောင့်လည်း ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေအတွက် အခက်အခဲ ဖြစ်လာနိုင်ကြောင်း၊ ယင်းရေကို သောက်သုံးနေရပါက မလိုလားအပ်သော ရောဂါဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည့်အတွက် အချိန်မီထိန်းသိမ်းပေးရန် လိုအပ်နေခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများက စွန့်ပစ်အမှိုက်များကို စွန့်ပစ်ရာတွင် စနစ်တကျစွန့်ပစ်သင့်ကြောင်း အမှတ်(၂)ဈေးကုန်းရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောပြသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ အမှိုက်စွန့်ပစ်သည့်စနစ်မရှိသည့်အတွက်ကြောင့်လည်း အခုလို ဖြစ်နေတာလားမသိဘူး၊ ဘာပဲဖြစ်ဖြစ် အများအသုံးပြုတဲ့ ဒီမြန်နန္ဒာကန်တော်ကြီးထဲ အမှိုက်စွန့်ပစ်တာမျိုးတော့ မဖြစ်သင့်ပါဘူး။ အခု မြင်တွေ့နေရတဲ့ ပလတ်စတစ်အမှိုက်တွေကိုလည်း မြို့နယ်မှာရှိတဲ့ တာဝန်ရှိသူတွေက စနစ်တကျ အမှိုက်စွန့်ပစ်မှုလည်း ဖြစ်သွားအောင် အစည်းအဝေးပြုလုပ်ပြီး ရှင်းလင်းပေးစေချင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

**ရဲဝင်းနိုင်(iprd)**

# သုံးခွ၌ ဓမ္မစကူးလ်ယဉ်ကျေးမှုသင်တန်းဖွင့်

**သုံးခွ မေ ၂၇**

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့ လောကမာရဇိန် ကျောင်းသစ်ကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဓမ္မစကူးလ်အပတ်စဉ် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို မေ ၃ ရက် (တနင်္ဂနွေနေ့)တွင် ကျောင်းစတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းဓမ္မစကူးလ် သင်တန်းကျောင်းကို လောကမာရဇိန်ကျောင်းသစ်ကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက် နာယက ဆရာတော် ဘဒ္ဒန္တကေသရက ဦးစီးဦးဆောင်ပြုကာ စေတနာရှင် ဓမ္မစကူးလ်သင်တန်းဆင်းဆရာ ဆရာမများက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ဓမ္မစကူးလ်သင်တန်း တက်ရောက်လိုသူများသည် မေ ၂၈ ရက်မှ မေ ၂ ရက်အထိ ကျောင်းသားလက်ခံမည်ဖြစ်ပြီး လှူဒါန်းလိုသော အလှူရှင်များ အနေဖြင့် တစ်ဦးတည်းအာဟာရလှူဒါန်းခြင်း၊ သင်ထောက်ကူပစ္စည်းများလှူဒါန်းခြင်း၊ သင်ကြားရေးအတွက် မတည်အလှူငွေများလှူဒါန်းခြင်း ဓမ္မစကူးလ် သုံးထပ်ကျောင်းဆောင်ဆောက်လုပ်ရာ၌ မိမိတို့တတ်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၂၈)**

# ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည့်လုပ်ငန်းများရှင်းလင်း

**တောင်ငူ မေ ၂၇**

တောင်ငူခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို မေ ၂၇ ရက် နံနက် ၉ နာရီက ခရိုင်အင်ဂျင်နီယာမှူးရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် ခရိုင်အင်ဂျင်နီယာမှူး ဦးမြသန်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တောင်ငူခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လုပ်ငန်း ၈၄ ခု၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ၃၁ ခု စုစုပေါင်းလုပ်ငန်း ၁၁၅ ခု ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါလုပ်ငန်းများအနက် မိုးဦးမကျမီပြီးစီးရန်အတွက် လုပ်ငန်း ၂၃ ခုကို မတ်လမှစ၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျန်လုပ်ငန်း ၉၂ ခုကို မေ ၃၀ ရက်တွင် တင်ဒါခေါ်ယူပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရာ တက်ရောက်လာသော ဌာနဆိုင်ရာများက လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# တာချီလိတ်မြို့မှ မျက်စိဝေဒနာရှင်အတွက် စေတနာရှင်များလှူဒါန်းနိုင်

**တာချီလိတ် မေ ၂၇**

တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက် အိမ်အမှတ် (၄/၁၄၃)တွင် နေထိုင်သည့် ဒေါ်နန်းနွန်း(၃၄နှစ်)သည် လွန်ခဲ့သော တစ်နှစ်ကျော်ခန့်မှ စတင်ကာ မျက်စိကင်ဆာဟု ခန့်မှန်းရသည့် မျက်စိဝေဒနာကို ခံစားနေရပြီး ယခုအခါ ဆိုးရွားသောအခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"အခုလို မျက်လုံးဝေဒနာဖြစ်ခါစ တာချီလိတ်ဆေးရုံမှာ သွားပြသေးတယ်၊ ပြီးတော့ မယ်ဆိုင်မှာလည်း ပြတယ်၊ ကျိုင်းတုံမှာလည်း ပြဖူးတယ်၊ ပိုက်ဆံမတတ်နိုင်တော့ ဆက်မပြဖြစ်တော့ဘူး"ဟု ဝေဒနာခံစားနေရသူ၏ အမျိုးသား ဦးစိုင်းဆော့က မျက်စိဝေဒနာဖြစ်ပွားမှုနှင့် ဆေးကုသမှုအခြေအနေများကို ရှင်းပြသည်။

"မျက်စိဝေဒနာကို ထိုင်းနိုင်ငံ ချင်းရိုင်မြို့မှာ သွားရောက်ကုသဖို့ ငွေကြေးမတတ်နိုင်လို့ ကုသနိုင်ခဲ့ခြင်း မရှိပါဘူး၊ သူ့ခင်ပွန်းဖြစ်သူကလည်း နားသိပ်မကြားရဘူး၊ သားသမီးတွေကလည်းငယ်သေးတော့ လူနာပြုစုရ၊ စားဝတ်နေရေးအတွက် လုံးပန်းနေရတာနဲ့ပဲ ဆေးကုသဖို့အခွင့်အလမ်း မရခဲ့ပါဘူး။ ဒါ့ကြောင့် ကျွန်တော်တို့တတ်စွမ်းသမျှ မျက်စိဝေဒနာကုသနိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်ပေးနေပါတယ်"ဟု ဒေါ်နန်းနွန်း၏ မျက်စိဝေဒနာအား ကုသနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသည့် ကိုဇောင်း (တာချီလိတ် သတင်းအေဂျင်စီ)က ရှင်းပြသည်။

မေ ၂၇ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးသန္တာကျော်နှင့် အဖွဲ့ဝင်များသည် မျက်စိဝေဒနာရှင် ဒေါ်နန်းနွန်း၏နေအိမ်သို့ သွားရောက်ခဲ့ကြကာ အလှူငွေကျပ် တစ်သိန်းနှင့် အာဟာရများအားထောက်ပံ့လှူဒါန်းခဲ့ကြသည်။

"ဒေါ်နန်းနွန်း မျက်စိဝေဒနာ ခံစားနေရတာကို မေ ၂၅ ရက်နေ့ကမှ ကျွန်မတို့သိရှိရတာပါ။ သိသိချင်းပဲ ကျွန်မတို့ လာရောက်ကူညီထောက်ပံ့ပေးတာပါ။ ဆက်ပြီးလည်း ကူညီထောက်ပံ့မှုတွေ ပြုလုပ်သွားပါမယ်။ တာချီလိတ်မြို့က စေတနာရှင်တွေရဲ့ ကူညီမှုနဲ့ ပူးပေါင်းပြီး မျက်စိဝေဒနာကို ကုသပေးဖို့အထိ ရည်ရွယ်ထားပါတယ်"ဟု မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးသန္တာကျော်က ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများကို ပြောပြသည်။

မျက်စိဝေဒနာ ခံစားနေရသူ ဒေါ်နန်းနွန်း၏ မျက်စိဝေဒနာအား ကုသရန်နှင့် လတ်တလောစားဝတ်နေရေးအတွက် အလှူငွေများလိုအပ်လျက်ရှိရာ အနည်းနည်းအရပ်ရပ်မှ လှူဒါန်းလိုကြသည့် စေတနာရှင်များအနေဖြင့် ဦးအောင်ဖြိုးရှိန် (မြို့နယ်သတင်းထောက်) ဖုန်း-၀၉-၄၃၁၃၆၄၃၁၊ ဦးစိုင်းဆင် (ဆန်ဆိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူး) ဖုန်း-၀၉-၅၂၄၀၅၆၈ တို့သို့ ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မောင်ယဉ်ကျေး**



# အိမ်တွင်လူမရှိခိုက် ငွေနှင့်ရွှေထည်များ အခိုးခံရ



**ဝါးခယ်မ မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကဝဲညောင်ချောင်းကျေးရွာအုပ်စု ရေကျော်ကျေးရွာတွင် မေ ၂၆ ရက် နံနက် ၈ နာရီကျော်က လယ်သမားကြီး ဦးလှဝင်းနေအိမ်၌ လူတစ်ဦးတစ်ယောက်မျှမရှိခိုက် ငွေကျပ်ရှစ်သိန်းနှင့် ရွှေငွေ အပါအဝင် ငွေကျပ် ၅၃ သိန်းကျော် အခိုးခံရသည်။

ဖြစ်ပွားပုံမှာ မေ ၂၆ ရက် နံနက် ၈ နာရီကျော်က လယ်သမားကြီး ဦးလှဝင်းနှင့် မိသားစုတို့က စပါးခြွေလှေ့ရန်အတွက် အိမ်တံခါးကိုပိတ်ပြီး ထွက်သွားခဲ့ကြသည်။ စပါးခြွေလှေ့ပြီး အိမ်ပြန်ရောက်စဉ်တွင် အိမ်တံခါးပွင့်နေပြီး သေတ္တာများနှင့် ပစ္စည်းအနေအထားပျက်၍ ဖရိုဖရဲဖြစ်နေသည်ကိုတွေ့ရသဖြင့် အိမ်ရှိရွှေငွေပစ္စည်းများကို စစ်ဆေးရာ ငွေကျပ်ရှစ်သိန်းနှင့် ရွှေအပါအဝင် ငွေကျပ် ၅၃ သိန်းကျော် အခိုးခံရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဝါးခမမြို့ရဲစခန်းက အမှုမှန်ဖော်ထုတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

# မြိတ်မြို့၌ မိုးရေချိန်စံချိန်သစ်တင်

မေ ၂၇ ရက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်အရ အောက်ဖော်ပြပါ စခန်း၌ မေလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့ပါသည်။

**မိုးရေချိန်စံချိန်သစ်**

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | မြိတ်မြို့ | ၁၂၀ | ၄. ၇၃ | ၁၀၂ | ၄. ၀၂ | ၂၄. ၄. ၁၉၉၉ | ၆၉ |

**ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာပေးဆောင်စို့**

# နာရေးကိစ္စ တစ်ရွာတည်းသားချင်းဖြစ်သည့် ရန်ပွဲ ကြားဝင်ဖျန်ဖြေသူ ဓားနှင့်ထိုးခံရ

**ရေတာရှည် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ အရှေ့ဘက် ၇မိုင်ကျော်ခန့်အကွာရှိ ပိတောက်ကုန်းကျေးရွာအုပ်စု အင်းကြီးပေါက်ကျေးရွာ၌ မေ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က နာရေးကိစ္စသုသာန်ကို လိုက်ပို့ကြသော တစ်ရွာတည်းသားချင်း အလောင်းမြေမြှုပ်သည်ကို မကျေမနပ်ဖြစ်ရာမှ ရန်ဖြစ်စကားများကာ ကြားမှဝင်ရောက်ဖျန်ဖြေသူ ဓားနှင့် အထိုးခံရကြောင်း သိရသည်။

အင်းကြီးပေါက်ကျေးရွာနေ ကိုသိန်းသန်းဦး၏ နာရေးအတွက် အလောင်းအား ၎င်းကျေးရွာနေသူများဖြစ်သည့် ကျော်ရဲပိုင်(၂၁နှစ်)၊ ချစ်ဖွယ်ဟိန်း (၂၅နှစ်)၊ ဇော်ဇော်မိုး (၂၀နှစ်)၊ တူးနိုင်(၂၈နှစ်)တို့က သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ရန် လိုက်ပါခဲ့ကြသည်။ သုသာန်အရောက်တွင် အလောင်းအား မြေမြှုပ်သည့်ကိစ္စဖြင့် တူးနိုင်နှင့် ချစ်ဖွယ်ဟိန်း၊ ဇော်ဇော်မိုးတို့ စကားများရန်ဖြစ်စဉ် ကျော်ရဲပိုင်က ကြားဝင်ဖျန်ဖြေပေးခဲ့၍ ရန်ပွဲပြီးဆုံးသွားခဲ့ပြီး ရွာသို့ ပြန်ခဲ့ကြသည်။

ထိုသို့ ပြန်လာစဉ် ရွာလယ်လမ်းအရောက်၌ တူးနိုင်သည် အသင့်ယူဆောင်လာသော အရိုးအသွား ငါးလက်မကျော်ရှိ ဓားမြှောင်နှင့် ကျော်ရဲပိုင်ကိုထိုးခဲ့ရာ ကျော်ရဲပိုင်၏ ယာဘက်နို့အုံအောက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက် (စိုးရိမ်ရ)ရရှိကာ လဲကျသွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဆွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**


**ကျေးဇူးဆပ်ပါမည်**

သီလဝါဆိပ်ကမ်းမှ ယူဇနအိမ်ယာသို့အပြန်လမ်းတွင် ROYAL GATE TNT'L Co.,Ltd ၏ လိုင်စင်အမှတ် ILV 14-15 3140 (26.12.2014), MAKHAN TRADE INT'L Co.,Ltd ၏လိုင်စင်အမှတ် ILV 14-15 3510 (31-12-2014), B/L No. YNYGS 023004, ID No. 103551 (9-4-2015) , CHSTOMS STATEMENT, EXPORT CERTIFICATE, E/O စစ်ဆေးသည့်ဓာတ်ပုံ စသည့်စာရွက်စာတမ်းများထည့်ထားသည့် ဖိုင်အိပ်ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဖုန်း ၀၉-၇၉၉၅၁၁၄၆၅၊ ၀၉-၄၂၅၃၀၅၃၈၄ သို့ အကြောင်းကြားပေးပါရန်။ ဦးဝင်းဦး

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်တင်တင်ရီ(၁၂/ဗတထ(နိုင်)၀၁၀၈၂၈)၏ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းနှင့်ကညနမှ ဖျက်သိမ်းယာဉ်ထောက်ခံချက် စာအမှတ် မကဖတ(ရန်ကုန်အရှေ့) ၁၅/၆၈၁)၂၃-၄-၂၀၁၅သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၅၉၅၅၅

**တစ်ဦးတည်းဖြစ်ပါကြောင်း**

အထက (၁) တောင်ဥက္ကလာပမှ အလယ်တန်းပြ ဆရာမ ဒေါ်စမ်းစမ်းအေး (ခ) ဒေါ်စန်းစန်းအေး ၁၂/ဥကတ(နိုင်) ၁၈၂၀၀၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စမ်းစမ်းအေး (ခ) ဒေါ်စန်းစန်းအေး**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်မေမြတ်နိုး(၇/ဝမန (နိုင်) ၀၀၆၅၀၇)၏ သွင်းကုန်ထုတ်ကုန်လိုင်စင်အမှတ် ISP IDV8 14-15 63600 (19-12-2014)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၅၉၅၅၅

**အသက်သည်သွေး**

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနလက်အောက်ရှိ မြို့နယ်အသီးသီးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြို့နယ်မီးသတ်စခန်း(သံကူကွန်ကရစ်)ရေသန့်/လျှပ်စစ် ပေ(၄၅×၃၉×၁၅) တစ်ထပ် တစ်လုံး

(ခ) နယ်မြေမီးသတ်စခန်း(သံကူကွန်ကရစ်)ရေသန့်/လျှပ်စစ် ပေ(၆၅×၅၂×၁၅) တစ်ထပ် ခုနစ်လုံး

၂။ အိတ်ဖွင့်တင်ဒါနှင့်စည်းကမ်းချက်များကို ၂၈-၄-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၁၀-၅-၂၀၁၅ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်နှင့် ၁၅-၅-၂၀၁၅ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဖုန်း-၀၅၂-၂၀၈၁၁နှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးများ ၀၅၂-၂၂၂၁၂၇၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**

ကျွန်မ နန်းဖြူဖြူသင်း ၁၂/လမန(နိုင်)၁၅၀၃၉၅၏ M-925760၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၈၈၅၈၁၆၊ ၀၉-၇၉၅၅၅၉၁၃၀

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနလက်အောက်ရှိ မြို့နယ်များအတွက် ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ယာဉ်/စက်ပစ္စည်းများအား ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မီးငြိမ်းသတ်ယာဉ် (၂၀) စီး
(ခ) မီးသတ်ရေသယ်ယာဉ် (၂၂) စီး
(ဂ) ရေမှုန်ရေမွှားကိရိယာ(ကျောလွယ်) (၆) ခု
(ဃ) Intrared Thermometer (၂၈) ခု
(င) Life Jacket (၁၁၆) ထည်
(စ) အသက်ကယ်ဘောကွင်း (၂၅) ခု
(ဆ) ၁၀၀ မီတာကြိုး (၄) ချောင်း
(ဇ) ကယ်ဆယ်ရေးသုံးမီးစက် (၄) လုံး
(ဈ) Night Light Singnal (၁၀) ခု
(ည) Rescue Kit (၄) ခု
(ဋ) ကွန်ပျူတာ (၂၃) လုံး
(ဌ) ပရင်တာ (၂၃) လုံး
(ဍ) မိတ္တူကူးစက် (၂၃) လုံး
(ဎ) ဖက်(စ်) (၂၃) လုံး
(ဏ) စားပွဲ(၆×၃×၂.၅) (၃၅) လုံး
(တ) လက်တန်းကုလားထိုင် (၁၀၅) လုံး

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၂၈-၄-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း တိုင်းဒေသကြီးလမီးသတ် ဦးစီးမှူးရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၁၀-၅-၂၀၁၅ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်နှင့် ၁၅-၅-၂၀၁၅ရက်တွင် တင်ဒါဖွင့်လှစ်မည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန (ဖုန်း-၀၅၂-၂၀၁၈၁၁)နှင့် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး (ဖုန်း-၀၅၂-၂၂၂၁၂၇၂)တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**



# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များပြီးဆုံး

**ရန်ကုန် ဧပြီ ၂၇**

၂၀၁၅ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ ပထမအဆင့် (တတိယနေ့)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားရာ ရခိုင်အသင်းနှင့် Southern အသင်းတို့ နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။

**(သုဝဏ္ဏကွင်း)**

ရခိုင်ယူနိုက်တက်-လေးဂိုး
ဒဂုံ-တစ်ဂိုး

MNL ကလပ် ရခိုင်အသင်းမှာ ပထမတန်းကလပ် ဒဂုံအသင်းကို ဂိုးပြတ်အနိုင်ယူပြီး နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။ ရခိုင်အသင်း၏ နိုင်ပွဲအတွက် တိုက်စစ်မှူး ဂျော်ဒန်ခြေစွမ်းပြသွားပြီး ဟက်ထရစ်သွင်းခဲ့သည်။

ပွဲအစ ခြောက်မိနစ်တွင် ဂျော်ဒန်က ရခိုင်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၁၆ မိနစ်တွင် သီဟက ဒဂုံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ပထမပိုင်းတွင် သရေရလဒ်သာ ကစားနိုင်ခဲ့သည့် ရခိုင်အသင်းမှာ ဒုတိယပိုင်းတွင် တိုက်စစ်အားတင်လာပြီး အနိုင်ဂိုးများကို ၅၆၊ ၆၇ မိနစ်တို့တွင် ဂျော်ဒန်၊ ၈၂ မိနစ်တွင် ညီညီနိုင်တို့က သွင်းယူပေးခဲ့သည်။

**(အောင်ဆန်းကွင်း)**

Southern-နှစ်ဂိုး
(ရဲလွင်အောင်)
Best United -ဂိုးမရှိ

ပထမအဆင့်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး ဒုတိယအဆင့်သို့ ဟံသာဝတီ၊ Horizon၊ GFA၊ တက္ကသိုလ်လက်ရွေးစင်၊ Southern နှင့် ရခိုင်အသင်းတို့ တက်ရောက်ခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း**

# တာချီလိတ်မြို့လယ် နမ့်ယွန်းချောင်းရေလျှံ

**တာချီလိတ် ဧပြီ ၂၇**

ဧပြီ ၂၇ ရက် ည ၈ နာရီကျော်က တာချီလိတ်မြို့တွင် ရုတ်တရက် လေပြင်းများ တိုက်ခတ်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်အတူ တောင်ကျရေများပါ ကျဆင်းလာသည့်အတွက် မြို့လယ်အားဖြတ်သန်းစီးဆင်းနေသည့် နမ့်ယွန်းချောင်းအတွင်း ရေလျှံမှု ဖြစ်ပေါ်ခဲ့ကာ မိုးသက်လေကြောင့် နေအိမ်များနှင့် ဈေးဆိုင်များအတွင်း ရေဝင်ရောက်မှုများ ခေတ္တဖြစ်ပေါ်ခဲ့သည်။

မိုးရွာသွန်းမှုကြောင့် တောင်ကျရေများ တစ်ရှိန်ထိုး စီးဆင်းလာရာတွင် စည်းကမ်းမဲ့ အမှိုက်ပစ်သူများကြောင့် နမ့်ယွန်းချောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း ဆုံစည်းရာ တံတားထိပ်နေရာတွင် အမှိုက်များ ပိတ်ဆို့ကာ ရေမျက်နှာပြင်မြင့်တက်လာပြီး တောင်ကျရေများ ဗိုလ်ချုပ်လမ်းမကြီးပေါ်သို့ ဆယ့်ငါးမိနစ်ခန့် ဖြတ်ကျော်စီးဆင်းခဲ့သည်။

အဆိုပါ မိုးသက်လေပြင်းကျရောက်မှုတွင် ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုများနှင့် ဘေးအန္တရာယ်များအား တားဆီးကာကွယ်နိုင်ရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးအရာရှိ ဦးအောင်ကျော်နိုင်နှင့် တပ်ဖွဲ့ဝင်များက ဘေးအန္တရာယ် ကျရောက်နိုင်သည့် နေရာများ၊ ချောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပြီး မြို့မိမြို့ဖ ဦးမြင့်ဦး၊ မြို့နယ် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးကျော်ဇင်နှင့် စည်ပင်ဝန်ထမ်းများလည်း နမ့်ယွန်းချောင်းအတွင်း ပိတ်ဆို့နေသည့် အမှိုက်များ၊ သစ်တုံးများကို ညတွင်းချင်း ရှင်းလင်းဖယ်ရှားဆောင်ရွက်ပေးခဲ့ကြသည်။

**မောင်ယဉ်ကျေး**




**ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်ဆင့်ပွားသင်တန်းအမှတ်စဉ်(၁၃/၂၀၁၅)ဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ထွန်း အမှာစကားပြောကြားစဉ်။**

ဓာတ်ပုံ-ရဲကျော်သူ

# ဘားအံမြို့နယ်၌ သဘာဝဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ





**ဧပြီ ၂၇ ရက် ညနေ ၄ နာရီ ၄၀ မိနစ်ခန့်က ဘားအံမြို့နယ် မြိုင်ကလေး ကျေးရွာအုပ်စု ဖိုးရှိုးရပ်ကွက်ရှိ သဘာဝဓာတ်ငွေ့ ထိန်း/ဖြန့် စခန်းဝင်းအတွင်း ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်ကိုတွေ့ရစဉ်။**

ထွန်းထွန်းထွေး(ဘားအံ)

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)စီးယာဉ်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

## အမည်ပြောင်း

ဦးအောင်အောင်၏ သမီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏနေ အထက(၂)လသာ အဋ္ဌမတန်း (E)မှ မမေမြတ်နိုးအောင်အား ယနေ့မှစ၍ မမေဖူးဖူးအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမေဖူးဖူးအောင်**

အောင်ပြည့်စုံ
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

## လူပျောက်ကြော်ငြာ



အထက်ပါဓာတ်ပုံရှင် ဦးမောင်ပုသည် ရန်ကုန်သို့ဘုရားဖူးသွားရာ ဗဟန်းမြို့ဝေဠုဝန်ဘုန်းကြီးကျောင်းတွင် တည်းခိုနေထိုင်ခဲ့ပြီး ၁၈-၄-၂၀၁၅ရက်တွင် တည်းခိုသည့်နေရာမှ ထွက်သွားခဲ့ရာယနေ့အချိန်ထိ ပြန်မရောက်လာပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၂၀၈၈၂၂၊ ၀၉-၈၇၆၁၀၈၄၊ ၀၉-၂၅၀၆၁၈၅၆၆၊ ၀၉-၂၆၂၁၇၈၆၆၇**

## ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးအတွက် (၇၀'×၃၆'×၃၀') RC နှစ်ထပ်ရုံးတစ်လုံးအား ဆောက်လုပ်နိုင်ရေး အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၇-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၅-၅-၂၀၁၅ ရက်

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၈၁-၂၀၆၈၂၉**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၅၁၈၀၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၇၄၇၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ
အရေးသီးသန့် နှင့် Speaking
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ Guide များအိမ်လိုက်သင်သည်။
မေလ(၂/၄)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 0925454 1441

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၄၁၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးဘရှင် ၁၀/ပမန(နိုင်)၀၂၈၇၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ချီးမြှင့်သော ဇေယျာစီမံထူးချွန်ဆု(တတိယဆင့်) ရရှိသော စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ထမ်းရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်**

## အမည်ပြောင်း

ဦးကျော်သူလင်း၏သမီး ရွှေပင်ရွှေသီးကိုယ်ပိုင်အထက်တန်းကျောင်းတွင် တတိယတန်းမှ မဖြိုးပပအောင်အား ယနေ့မှစ၍ မဖြိုးပပခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

## ရောင်းရန်ရှိသည်

စစ်တွေမြို့ပေါ်ရှိ - အောက်ပါပစ္စည်းများ ရောင်းရန်ရှိသည်။
6' တွင်ခုံ(၂)လုံး
4' တွင်ခုံ(၁)လုံး
Denmark ဖိစက် (၁)လုံး
ဖောက်စက် (၁)လုံး
Compreyor (၁)လုံး
အပို Workshop သုံးပစ္စည်းများ

**ဆက်သွယ်ရန် ဖုန်း-၀၁-၃၈၅၉၁၁၊ ၀၉-၂၅၀၁၆၆၂၆၇**

**အမည်ပြောင်း**

ဦးမျိုးလွင်၏သား ဗန်းမော်မြို့နယ် အထက (၁) တတိယတန်း(က) အောင်မြင်ပြီးသော မောင်ဖြိုးဦးအား ယနေ့မှစ၍ မောင်သူရရှင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သူရရှင်းသန့်**

# နိုင်ငံခြားသားခရီးသွားဧည့်သည်များကို ကူညီပါ

**သတင်းဆောင်းပါး-တင်ဝင်းလေး (ကြည့်မြင်တိုင်)၊ဓာတ်ပုံ-ကိုကြီးတင်**



"နိုင်ငံခြားသားခရီးသွားဧည့်သည်များကို ကူညီပါ" ဟူ၍ ဆက်သွယ်နိုင်ရန် ဖုန်းနံပါတ် ၁၉၉၊ ၀၆၇-၄၀၆၄၅၈၊ ၀၆၇-၄၀၆၀၆၁ တို့ဖြင့် ဖော်ပြထားသော ဆိုင်းဘုတ်များကို မြန်မာတို့၏ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးဒေသ လူစည်ကားရာနေရာများတွင် တွေ့မြင်ခဲ့ရသည်။

ပုဂံဒေသသို့ ပြည်တွင်းဘုရားဖူးများနှင့် ပြည်ပနိုင်ငံခြားသား ဧည့်သည်များ ဝင်ရောက်မှုမှာ ယခင်နှစ်များထက်ပိုမိုများပြားပြီး ကာလပို၍ကြာရှည်လာကြောင်း ယင်းဒေသရှိ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် စက်ဘီးအငှားဆိုင်ရှင်များက ဆိုသည်။

ယခင်နှစ်များက သြဂုတ်လမှ ဖေဖော်ဝါရီလအထိသာ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ အဝင်အထွက်များခဲ့သော်လည်း ယခုနှစ်တွင် ဧပြီလကုန်ခါနီးရက်များအထိပင် အဝင်များပြားလျက်ရှိနေကြောင်း တွေ့ခဲ့ရသည်။

ပြည်တွင်းဘုရားဖူးများအနေဖြင့် တန်ခိုးကြီးဘုရားများနှင့် အထင်ကရရှိခဲ့သောနေရာများသို့သာ မိသားစုအလိုက် ဘုရားဖူးကားကြီးများဖြင့် သွားကြသော်လည်း နိုင်ငံခြားသားဧည့်သည်တို့ကမူ တစ်ဦးတည်း သို့မဟုတ် နှစ်ယောက်၊ သုံးယောက်တွဲဖြင့်သာ ခြေနင်းစက်ဘီး၊ လျှပ်စစ်စက်ဘီးကိုယ်စီဖြင့် အရောက်အပေါက်ဝေးသောနေရာများသို့တိုင် သွားရောက်လေ့လာမှုပြုနေကြသည်ကိုလည်း တွေ့ခဲ့ရသည်။

နိုင်ငံခြားသားဧည့်သည်တိုင်း သွားရောက်သည့်နေရာတစ်ခုမှာ ပြာသာဒ်ကြီးဘုရား(ပြဿဒါးကြီးဘုရား)ဖြစ်သည်။ ဘုရားပေါ်သို့တက်၍ ပုဂံ၏ညနေ နေဝင်ဆည်းဆာအလှကို ခံစားကြခြင်းဖြစ်သည်။

သွားသည့်အခါတွင်လည်း ဧည့်လမ်းညွှန်မပါ၊ မြေပုံစာရွက်ကို အဖော်ပြု၍ လူသွားလမ်း၊ မြေနီဖြတ်လမ်းအကြားတို့မှ သွားလာနေကြသည်ကို တွေ့ရသည်။ အမျိုးသားများသာမက နုပျိုငယ်ရွယ်သော နိုင်ငံခြားသူလေးများပင် တစ်ကိုယ်တည်းသွားလာနေကြသည်။ ဤသည်ကလည်း မြန်မာနိုင်ငံ၏လုံခြုံရေးနှင့် မြန်မာလူမျိုးတို့အပေါ် ယုံကြည်စိတ်ချမှုကြောင့်ပင်ဟု ဂုဏ်ယူရမည်ဖြစ်သည်။

ပြာသာဒ်ကြီးဘုရား အနောက်ဘက်လမ်းကြားအတွင်းမှ နိုင်ငံခြားသားတစ်ဦး ခြေနင်းစက်ဘီးဖြင့်ထွက်လာပြီး ဧည့်လမ်းညွှန်တစ်ဦးအား မြေပုံစာရွက်လေးပြကာသွားလို သည့်နေရာကို မေးမြန်းလျက်ရှိပြီး လမ်းညွှန်မှုကြောင့် ထိုလမ်းကြားအတွင်း ပြန်လည်ဝင်ရောက်သွားသည်ကိုလည်း အမှတ်မထင်တွေ့မိလိုက်ရသည်။

သို့သော် အခြား အခြားသော နေရာအချို့တွင် မထင်မှတ်သော ဖြစ်ပျက်မှုကြောင့် နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်သည် ညှိုးမှိန်ခဲ့ရသည်။

ယခုအခါ နိုင်ငံခြားသားဧည့်သည်များ ဝင်ရောက်မှုမှာ ဟိုးယခင်ခေတ်များနှင့်ကွာခြားလာခဲ့ပြီးဖြစ်သည်။ ယခင်က ဝင်ရောက်ရန် အခက်အခဲရှိခဲ့သော နိုင်ငံခြားသားဧည့်သည်များပင် ဥဒဟိုဝင်ရောက်လာပြီဖြစ်သည်။

သဗ္ဗညုဘုရားရှေ့တွင် လျှပ်စစ်စက်ဘီးကိုယ်စီဖြင့် တွေ့လိုက်ရသော ဇနီးမောင်နှံအား မေးကြည့်ရာ အမေရိကန်နိုင်ငံကဟုဆိုသည်။ မြန်မာနိုင်ငံ၌ လည်ပတ်ရသည်မှာ အဆင်ပြေပါသလားဟုမေးကြည့်ရာ All OK ဟု လက်မလေးထောင်၍ အပြုံးကိုယ်စီဖြင့် ပြောကြားသွားသည်။

ထို့မှအထွက် မြေနီဖြတ်လမ်းလေးကြားမှ လျှပ်စစ်စက်ဘီးကိုယ်စီစီး၍ ထွက်လာသော နိုင်ငံခြားသူ အမျိုးသမီးငယ်နှစ်ဦးနှင့် တွေ့ဆုံခဲ့ရာ အင်္ဂလန်နိုင်ငံသူဟု ဆိုသွားသည်။ သူတို့ကလည်း အဆင်ပြေပါသည်ဟုဆိုသည်။

သူတို့သည် နိုင်ငံခြားသားဧည့်သည်များပင်ဖြစ်ပါသည်။ မြန်မာတို့သည် အိမ်ရှင်များဖြစ်ကြသည်။ ကိုယ့်နိုင်ငံ ကိုယ့်ယဉ်ကျေးမှု အမွေအနှစ်များကို ရေခြား၊ မြေခြားမှပင် လာရောက်လေ့လာကြခြင်းဖြစ်သည်။ ဂုဏ်ယူဝမ်းမြောက်ကြရမည်ဖြစ်သည်။ အိမ်သာ၍ ဧည့်လာခြင်းပင်ဖြစ်သည်။ မြန်မာလူမျိုးတို့သည် ရှေးအစဉ်အလာကတည်းက ဧည့်သည်ကို မျှော်တတ်ကြသည်။ ဧည့်သည်အပေါ် အတိုင်းထက်အလွန် ဧည့်ဝတ်ကျေပွန်တတ်ကြသည်။

ရှေးမြန်မာတို့သည် နောက်လူတို့အတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို မြောက်မြားစွာထားရစ်ခဲ့ကြသည်။ ထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ ကျန်ရစ်သူများ၏ အလုပ်ဖြစ်သကဲ့သို့ လာရောက်လေ့လာသူများကို ကူညီစောင့်ရှောက်ရမည့် တာဝန်မှာလည်း မြန်မာတို့၏ အမျိုးသားရေးတာဝန်သာဖြစ်ပေသည်။



## ဧရာဝတီတံတား (ထီးချိုင့်)တည်ဆောက်ရေးစီမံကိန်း အောင်မြင်

**ကသာ မေ ၂၇**

နိုင်ငံတော်အစိုးရသည် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိနေပြီး လမ်း၊ တံတား၊ အိုးအိမ် အဆောက်အအုံများကို နိုင်ငံတကာအဆင့်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်မှ ဧရာဝတီမြစ်ကူးတံတားကြီး တည်ဆောက်လျက်ရှိရာ ၆၉ ရာခိုင်နှုန်းပြီးစီးပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါ တံတား၏ ပင်မတံတားအရှည်မှာ ၁၈၀၇ ဒသမ ၅မီတာ ပေ ၅၉၃၀၊ ချဉ်းကပ်တံတား ၂၇၄ ဒသမ ၃မီတာ ပေ ၉၀၀ တံတားအကျယ် ကားလမ်း ၂၈ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေ၊ ရေလမ်းကင်းလွတ်အမြင့်ပေ ၄၇ (From N.H.F.L) ရေလမ်းကင်းလွတ် အကျယ် ၃၉၇ ဒသမ ၃၂ ပေ ရှိကြောင်း သိရသည်။

အုတ်မြစ်အချင်း ၁ ဒသမ ၅ မီတာ အချင်း ၁ ဒသမ ၂ မီတာ လွန်တူးပိုင် တံတားအောက်ထည်အား သံကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး တံတားအပေါ်ထည်အား ပင်မတံတားသံမဏိပေါင်ဖြင့် တည်ဆောက်ထားကြောင်း သိရသည်။

၎င်းတံတား တည်ဆောက်ခြင်းကို ၉-၅-၂၀၁၄ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ပန္နက်ရိုက်စတင်ခဲ့ကြောင်း သိရသည်။

ယင်းတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ ၄ မှ တာဝန်ယူဆောက်လုပ်ခြင်းဖြစ်သည်။

တံတားတည်ဆောက်မှုကြောင့် ခရီးသွားပြည်သူများနှင့် ဒေသခံများသည် ဧရာဝတီမြစ်ကြီးအား တစ်ဖက်နှင့်တစ်ဖက် ဇက်သင်္ဘော၊ စက်တပ်လှေ၊ လှေများဖြင့် ခက်ခက်ခဲခဲ အချိန်ကြာမြင့်စွာ သွားလာနေခဲ့ရာမှ ယခုအခါ ဧရာဝတီမြစ်ကြီးကို ဤတံတားကြီးမှ အချိန်တိုအတွင်း လွယ်ကူစွာ သွားလာရတော့မည် ဖြစ်ကြောင်း သိရသည်။

**လူအောင် (ကသာ)**

## တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲနှင့် အခမဲ့ဆေးဝါးကုသပေး

**ပူတာအို မေ ၂၇**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲနှင့် ကျေးလက်နေပြည်သူများအား အခမဲ့ပါဝါမျက်မှန်များ တပ်ဆင်ပေးခြင်းကို ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ မေ ၂၃ ရက်က ပူတာအိုမြို့နယ် ဇီးအွန်ကျေးရွာအုပ်စု မူလာအွန်တွင် ကျေးရွာ ခရစ်တော်အသင်းတော် ဘုရားကျောင်းဝင်း၌ ကျင်းပခဲ့သည်။

အခမ်းအနား တက်ရောက်လာသည့် တောင်သူလယ်သမားကိုယ်စားလှယ်များက လယ်ယာမြေကဏ္ဍ၊ စက်မှုလယ်ယာကဏ္ဍ၊ ဆည်မြောင်း၊ လမ်း၊ တံတားကိစ္စရပ်များကို မေးခွန်းမေးမြန်းဆွေးနွေးခဲ့ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားခဲ့သည်။

အခမ်းအနားအပြီးတွင် မျက်စိဝေဒနာရှင်များအား အခမဲ့ပါဝါမျက်မှန်များ တပ်ဆင်ပေးခြင်း၊ စမ်းသပ်ပေးခြင်း၊ ကျန်းမာရေးဦးစီးဌာနက အခမဲ့ ဆေးဝါးကုသပေးခြင်းတို့ကို ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဖုန်ကန် (iprd)**

## လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးသူများကို ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ကောလင်း မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ မေ ၂၁ ရက်က လေပြင်းတိုက်ခတ်မှုကြောင့်နေအိမ်ပျက်စီးသူများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်က ထောက်ပံ့ငွေနှင့် ပစ္စည်းများကို မေ ၂၅ ရက်က ကျေးရွာများအရောက်သွားရောက် ပေးအပ်သည်။



လေပြင်းတိုက်မှုကြောင့် နေအိမ်များပျက်စီးခဲ့သော ညောင်ကိုင်းကျေးရွာ၊ လက်ပံခုံကျေးရွာ၊ တော်မော်ကျေးရွာများ၌ကျင်းပခဲ့ပြီး စည်ပင်သာယာရေးဝန်ကြီးက သေဆုံးသူ၏မိသားစုအား ထောက်ပံ့ငွေကျပ်တစ်သိန်းနှင့် ပစ္စည်းများကိုပေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထောက်ပံ့ငွေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများကလည်း ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဆင်ဂေါင်းတောင် (ကျောက်နဂါး) လျှပ်စစ်မီးလင်းရေးအောင်ပွဲဖွင့်

**မြောင် မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် လေ့တင်ဦးကျေးရွာအနီး ဆင်ဂေါင်းတောင် (ကျောက်နဂါး)တွင် လျှပ်စစ်မီးလင်းရေးအောင်ပွဲဖွင့်ပွဲ အခမ်းအနားကို မေ ၂၄ ရက် က ဆင်ဂေါင်းတောင် (ကျောက်နဂါး) အနီး၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ဂေါင်းတောင် (ကျောက်နဂါး) လျှပ်စစ်မီးလင်းရေးအောင်ပွဲမှတ်တိုင်ကို တိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးကျော်ဝင်း၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ၊ မြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေနှင့် အလှူရှင် ရန်ကုန်မြို့နေ ဦးတင်ထွန်းအောင်နှင့်(ဇနီး) ဒေါ်မြတ်မြတ်ဖြိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က ဆင်ဂေါင်းတောင် (ကျောက်နဂါး) မီးလင်းရေးကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**တင်ကိုကို**

# ချင်းတွင်းမြစ်ကူးတံတား (ကလေးဝ)တည်ဆောက်

နေပြည်တော် ဧပြီ ၂၇

**တည်ဆောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ စံချိန်စံညွှန်းကိုက်ညီမှုရှိစေရန်အတွက် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် ဧပြီ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ စစ်ကိုင်းတိုင်းဒေသ ကြီး ကလေးမြို့သို့ရောက်ရှိရာ ကလေးမြို့မှ မော်လိုက်မြို့နယ် ကင်းတပ်စံပြကျေးရွာနှင့် နားပင်ကျေးရွာချင်းဆက်မြေသားလမ်းတစ်မိုင် ဖောက်လုပ်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် မော်လိုက်ခရိုင် အင်ဂျင်နီယာမှူးရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ကင်းတပ်စံပြကျေးရွာနှင့် နားပင်ကျေးရွာချင်းဆက် မြေသားလမ်း တစ်မိုင်၊ အမြင့်လေးပေထု ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် မုံရွာ၊ ရေဦး၊ ကလေးဝ ကလေးလမ်း မိုင်တိုင်အမှတ်(၁၀၅/၄)ရှိ ချင်းတွင်းတံတား(ကလေးဝ)၏ တံတားတည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းရှင်းလင်းဆောင်တွင် တံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဌေးက တံတားတည်နေရာပြမြေပုံ၊ တံတားဆိုင်ရာအချက်အလက်များ၊ ရန်ပုံငွေရရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရေလယ်တိုင် $P_1$ & $P_2$ Bored Pile တူးခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ $M_1$ & $M_2$ & $M_3$ Shaft လုပ်ငန်းဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများ၊ ချဉ်းကပ်လမ်း ဆောင်ရွက်ထားရှိမှုတို့ကို Power Point များဖြင့် ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ချင်းတွင်းတံတား (ကလေးဝ)၏ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် ကိုယ်ထည်၊ အပေါ်ထည်မှာ သံမဏိ သံပေါင်အမျိုးအစားဖြစ်ကာ အရှည် ၈၅၄ ဒသမ ၈၈ မီတာ၊ တံတားအကျယ် ၁၀ ဒသမ ၂ မီတာ၊ တံတားကင်းလွတ်အမြင့် ၁၂ မီတာ၊ တံတားကင်းလွတ် အကျယ် ၁၀၅ မီတာ၊ တံတားခံနိုင်ဝန် ၇၅ တန်ဖြစ်သည်။ ၂၀၁၆ ခုနှစ် မတ်လတွင် လုပ်ငန်းပြီးစီးနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



## သီပေါကုန်းတော်ကျောင်းတိုက်၌ ပဋ္ဌာန်းသိမ်းအောင်ပွဲကျင်းပ

**သီပေါ ဧပြီ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အုပ်ကျင်းရပ် ကုန်းတော်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တကုန္ဒဝံသဦးဆောင်ကျင်းပသော (၁၁) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ပဋ္ဌာန်းသိမ်းအောင်ပွဲကို ဧပြီ ၂၅ ရက်က ကုန်းတော်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေကြောင်း သိရသည်။

**စိုင်း(သီပေါ)**



**သတင်း- ဝေယံဦး**
**ဓာတ်ပုံ-အေးနိုင်(ဓနအောင်)**

# ၁၉ စင်းမြောက် ကမ္ဘာလှည့်အပျော်စီးသင်္ဘော လာရောက်လည်ပတ်

**ရန်ကုန် ဧပြီ ၂၇**

ရန်ကုန် အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ဧပြီ ၂၂ ရက်က ဆိုက်ရောက်လာခဲ့သော အပျော်စီးသင်္ဘော Oceania Nauticaသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းမှ ဧပြီ ၂၄ ရက် ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားပြီဖြစ်မည်။

မြန်မာနိုင်ငံတွင် သုံးရက်ကြာ ဆိုက်ကပ်ရပ်နားခဲ့သော ယင်းသင်္ဘောတွင် သင်္ဘောအမှုထမ်း ၃၉၈ ဦးနှင့် ကမ္ဘာလှည့်ခရီးသည် ၅၈၂ ဦးတို့ လိုက်ပါလာခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် သုံးရက်ကြာနေထိုင်စဉ်အတွင်း ကမ္ဘာလှည့်ခရီးသည်အချို့သည် ပုဂံနှင့် မန္တလေးမြို့များသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

အပျော်စီးသင်္ဘောဖြင့် လိုက်ပါလာသော ကမ္ဘာလှည့်ခရီးသည်အချို့သည် ရန်ကုန်မြို့ပေါ်နှင့် သန်လျင်ပတ်ဝန်းကျင်အပြင် ပဲခူးမြို့များသို့ သွားရောက်လည်ပတ်လေ့လာခဲ့ကြသည်။ အပျော်စီးသင်္ဘောဖြင့် လိုက်ပါလာသည့် ကမ္ဘာလှည့်ခရီးသွား အများစုမှာ အမေရိကန်နှင့် ဗြိတိန်နိုင်ငံသားများဖြစ်ကြသည်။

အပျော်စီးသင်္ဘောဆိုက်ရောက်မှုသည် ၂၀၁၅ ခုနှစ်အတွင်း အပျော်စီးသင်္ဘောဆိုက်ရောက်မှု ၁၉ စင်းမြောက်ဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာလှည့် အပျော်စီးသင်္ဘောအစင်းရေ ၂၆ စင်းခန့် ဝင်ရောက်ဆိုက်ကပ်ရန် ချိတ်ဆက်ထားသည်။ ယခုနှစ်အတွင်း အပျော်စီးသင်္ဘောဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် ကမ္ဘာလှည့်ခရီးသွား ဦးရေမှာ ၂၀၁၄၇ ဦးရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသွားသော အပျော်စီးသင်္ဘော Oceania Nautica မှာ အိန္ဒိယနိုင်ငံ ကိုချင့်ဆိပ်ကမ်းသို့ ဆက်လက် ထွက်ခွာသွားခြင်း ဖြစ်သည်။ ယင်းသင်္ဘောသည် ရန်ကုန်သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှ လာရောက်ခဲ့ခြင်းဖြစ်သည်။

## ကရင်တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်သင်တန်းဖွင့်

**ဖာပွန် ဧပြီ ၂၇**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ်အတွင်း ကရင်တိုင်းရင်းသားအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး ရည်ရွယ်၍ ကရင်ပြည်နယ် အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ကရင်တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်သင်တန်းကို ဧပြီ ၂၄ ရက်က အမှတ်(၂) ရပ်ကွက် မိုးဟိန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ဖာပွန်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ တိုင်းရင်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်းနှင့် သင်တန်းပြီးဆုံးတတ်မြောက်သွားပါက မိမိဒေသနှင့်ရပ်ရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သိန်းစိုးမြင့်(ဖာပွန်)**

## မြို့နယ်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

**ဘုတ်ပြင်း ဧပြီ ၂၇**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၁၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ဧပြီ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲကို မြို့နယ်ပြိုင်ပွဲကျင်းပရေးကော်မတီက ကြီးကြပ်၍ ပြိုင်ပွဲခေါင်းစဉ် ငါးခုဖြင့် (ထက်၊ လယ်၊ မူ)အဆင့် ကျောင်းသား ကျောင်းသူ ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင် ပန်းချီ၊ ကာတွန်း၊ ပိုစတာပုံများကို မြို့နယ်အဆင့်စိစစ်ရွေးချယ်၍ ခရိုင်အဆင့်ပြိုင်ပွဲသို့ ဆက်လက်ပေးပို့ပြိုင်ပွဲဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**နိုင်ငံ့တာဝန် ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်**

# ဘောလုံးအကယ်ဒမီ (မန္တလေး)သင်တန်းသားအသစ် ရွေးချယ်

**မန္တလေး ဧပြီ ၂၇**

ထူးချွန်ထက်မြက်သော မျိုးဆက်သစ် ဘောလုံးအားကစားသမားများ ပေါ်ထွက်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာဘောလုံး အကယ်ဒမီ(မန္တလေး)က ၂၀၁၅-၂၀၁၆ ဆဋ္ဌမပညာသင်နှစ်အတွက် သင်တန်းသားပဏာမ ရွေးချယ်ပွဲကို ဧပြီ ၂၅ ရက် နံနက်ပိုင်းမှ စတင်ကာ မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ ဘောလုံးအကယ်ဒမီကျောင်း၌ ကျင်းပသည်။

ယူ ၁၁ အသင်းနှင့် ယူ ၁၃ အသင်းတို့အတွက် မန္တလေးမြို့ပေါ်နှင့် မတ္တရာ၊ စစ်ကိုင်း၊ မော်လူးနှင့် အမရပူရမြို့တို့မှ အထောက်အထားမှန်ကန်စွာ လျှောက်ထားသော သင်တန်းသား လူငယ်သစ် ၇၅ ဦးတို့ကို ကျောင်းအုပ်ကြီး ဦးစိုးညွှန့်နှင့် တာဝန်ရှိသူများ၊ လိုင်စင်ရနည်းပြများက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စိစစ်၍ ပဏာမ ရွေးချယ်ခဲ့ပြီး သင်တန်းသားစာရင်းကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီတွင် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)၌ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဧပြီ ၂၅ ရက်ကလည်း သရက်မြို့နှင့် ဘားအံမြို့တို့၌ လည်းကောင်း၊ ဧပြီ ၂၆ ရက်တွင် ရွှေဘိုမြို့၊ ဧပြီ ၂၈ ရက်တွင် မော်လမြိုင်မြို့၊ လားရှိုးမြို့၊ မကွေးမြို့တို့၌ လည်းကောင်း၊ ဧပြီ ၂၉ ရက်တွင် မုံရွာမြို့၊ မေ ၂ ရက်တွင် ပဲခူးမြို့၊ ချောက်မြို့၊ ဟင်္သာတမြို့တို့၌ လည်းကောင်း၊ မေ ၃ ရက်တွင် တောင်ကြီးမြို့၊ မေ ၄ ရက်တွင် ပြည်မြို့နှင့် ပုသိမ်မြို့တို့၌လည်းကောင်း၊ မေ ၅ ရက်တွင် ကသာမြို့၊ နေပြည်တော် ပေါင်းလောင်းကွင်းတို့၌ လည်းကောင်း၊ မေ ၆ ရက်တွင် လွိုင်ကော်မြို့တို့၌ လည်းကောင်း၊ မေ ၇ ရက်တွင် ရန်ကုန်အောင်ဆန်းကွင်းနှင့် မေ ၈ ရက်တွင် မြစ်ကြီးနားမြို့၌ လည်းကောင်း တာဝန်ရှိသူများက ပဏာမသင်တန်းသားများအဖြစ် စိစစ်ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ရေးရာဌာနမှ တာဝန်ရှိသူများက မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)၌ ဒုတိယအဆင့် ရွေးချယ်ပွဲအဖြစ် မေ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် အပြီးရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



# လေပြင်းတိုက်ခတ်၍ သစ်ပင်နှင့် ဓာတ်တိုင်များလဲပြိုပြီး ဓာတ်အားပြတ်တောက်

**ဘားအံ မေ ၂၇**

ကရင်ပြည်နယ် ဘားအံမြို့တွင် မေ ၂၃ရက် ညနေ ၆နာရီခွဲခန့်မှစ၍ မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့ခြင်းကြောင့် ရပ်ကွက်များနှင့် ကားလမ်းမကြီးများတွင် သစ်ပင်နှင့် ဓာတ်တိုင်များ လဲပြိုခဲ့ပြီး ကားလမ်းပိတ်ဆို့မှုနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဘားအံမြို့ အမှတ်(၄)ရပ်ကွက်၊ (၇)ရပ်ကွက်၊ အမှတ်(၈)ရပ်ကွက်နှင့် သံလွင်အနောက်ဘက်ခြမ်း သထုံ-ဘားအံကားလမ်းမကြီးများပေါ်သို့ သစ်ပင်သစ်ကိုင်းများ လဲကျခြင်းများ ဖြစ်ခဲ့ကာ ဓာတ်တိုင်တစ်တိုင်လည်း လဲကျခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် အမှတ်(၈)ရပ်ကွက် အရက်ချက်စက်ရုံအနီးရှိ လုံးပတ်တစ်ပေ၊ အမြင့် ၁၆ ပေခန့်ရှိ မလေးရှားပိတောက်ပင်တစ်ပင် အမြစ်မှ ကျွတ်ထွက်ကာ ဘားအံ-ထုံးအိုင်လမ်းမကြီးပေါ်သို့ လဲကျခဲ့ခြင်း၊ အမှတ်(၄) ရပ်ကွက် နိဗ္ဗန္ဒတံတားအနီးနှင့် သံလွင်အနောက်ဘက်ခြမ်း ဘားအံ-သထုံ ကားလမ်းမကြီးများအနီးရှိ မလေးရှားပိတောက်ပင်များ လဲပြိုကျခြင်း၊ သစ်ကိုင်းကြီးများ ကျိုးကျခြင်းများကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်းများဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျ၍ ဖြစ်ပွားခဲ့သော လမ်းပိတ်ဆို့မှုများကို ခေတ္တကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းဦး၊ ဘားအံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်မင်းအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အေးဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ကရင်ပြည်နယ် စည်ပင်သာယာရေးကော်မတီဦးစီးမှူးဦးသန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ အလုပ်အမှုဆောင် ဦးစိုးမြင့် ဦးစီးသော စည်ပင်သာယာရေး ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ၊ ဘားအံမြို့ မာယလူမှုကူညီရေးအသင်းမှ အဖွဲ့ဝင်များက ပူးပေါင်းရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမှတ်(၇)ရပ်ကွက်တွင် လဲကျခဲ့သော ဓာတ်တိုင်တစ်တိုင်ကိုလည်း ဘားအံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူးဦးစီးသောအဖွဲ့က အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပြီး ပင်မဓာတ်အားလိုင်းများကိုလည်း ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း၊ အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းမှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နောက်တစ်ရက်ည ၁၀ နာရီခန့်တွင် ပုံမှန်အတိုင်း လျှပ်စစ်မီးများ ပြန်လည်ရရှိကြောင်း ဘားအံမြို့ပေါ် ရပ်ကွက်များရှိ ဒေသခံအချို့ထံမှ သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**



လဲပြိုနေသော သစ်ပင်များအား ညတွင်းချင်းရှင်းလင်းနေစဉ်။

## စက်ဘီးနှင့်ဆိုင်ကယ်တိုက်မိစဉ် ဆီဘောက်ဆာယာဉ်က ထပ်မံတိုက်မိမှုဖြစ်ပွား

**ရေတာရှည် မေ ၂၇**

ရှေ့မှသွားနေသည့် စက်ဘီးကို ဆိုင်ကယ်နှင့်တိုက်မိ၍တိမ်းမှောက်သွားစဉ် ဆီသယ်ဘောက်ဆာယာဉ်က ထပ်မံတိုက်မိသော ယာဉ်တိုက်မှုတစ်ခု မေ ၂၅ ရက်က ဆွာမြို့၌ ဖြစ်ပွားခဲ့သည်။



ယာဉ်တိုက်မှုဖြစ်ခဲ့သော ဆီဘောက်ဆာယာဉ်

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တောင်ဘက် အထွက် ရန်ကုန်-မန္တလေးကားလမ်း၌ ဆွာမင်းလမ်းကျေးရွာအုပ်စု ရွှေသပြေကျေးရွာနေ ဦးစိန်ရွှေ(၆၃ နှစ်)သည် ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ စက်ဘီးစီးနင်းလာစဉ် ကမ်းပါးနီကျေးရွာနေ တင်ဝင်းလှိုင်(၁၇ နှစ်) မောင်းနှင်လာသည့် (နံပါတ်မပါ)လိုင်စင်စိစစ်ဆဲ ဆိုင်ကယ်က နောက်မှဝင်ရောက်တိုက်မိကာ စက်ဘီးရောဆိုင်ကယ်ပါ လဲကျနေစဉ် မိုးမင်းမြင့်(၃၉ နှစ်) မောင်းနှင်လာသော ဟီးနိုးဆီဘောက်ဆာယာဉ်က အရှိန်မထိန်းနိုင်ဘဲ ထပ်မံတိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုဖြစ်ပြီးနောက် ဆီဘောက်ဆာယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ထွက်ပြေးမောင်းနှင်သွားသော ဆီသယ်ဘောက်ဆာယာဉ်ကို ဆွာနယ်မြေရဲစခန်းမှ ဒုရဲအုပ်ကျော်ညိုလင်းနှင့်အဖွဲ့က လိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ တောင်ငူမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် စက်ဘီးစီးနင်းသူ ဦးစိန်ရွှေတွင်(စိုးရိမ်ရ)ဒဏ်ရာများရရှိကာ ဆိုင်ကယ်မောင်းနှင်သူ တင်ဝင်းလှိုင်နှင့် ဆိုင်ကယ်နောက်မှ လိုက်ပါလာသူ ဦးအေးလွင်တို့လည်း ဒဏ်ရာများရရှိခဲ့ပြီး ဦးစိန်ရွှေနှင့် တင်ဝင်းလှိုင်တို့အား နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံကြီးသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ခင်ဦးမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းသစ်များဖွင့်

**ခင်ဦး မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း၌ ကျေးရွာချင်းဆက် လမ်းနှစ်လမ်းကို မေ ၂၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ အင်းပတ်ကျေးရွာအုပ်စုရှိ ကုန်းသာ-အင်းပတ် ကျေးရွာချင်းဆက် ချင်းကျောက်မြေသားလမ်းသစ်နှင့် မူးသာအုပ်စု ဒါန်းကုန်း-ကျီးအိုင် ကျေးရွာချင်းဆက် ချင်းကျောက်မြေသားလမ်းသစ်များကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ကုန်းသာ-အင်းပတ် ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သန်း၊ ဦးအောင်မျိုးငြိမ်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက အမှာစကားပြောကြားကာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ အဆိုပါလမ်းကို လွှတ်တော်ရန်ပုံငွေကျပ် ၂၂ သိန်းဖြင့် ခင်းကျင်းခဲ့ခြင်းဖြစ်ပြီး အရှည်ပေ ၄၆၅၀၊ အကျယ် ၁၀ ပေဖြစ်သည်။

ဆက်လက်ပြီး ဒါန်းကုန်း-ကျီးအိုင် ကျေးရွာချင်းဆက်မြေသားလမ်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်အထောက်အကူပြုအဖွဲ့မှ တောင်သူလယ်သမားကိုယ်စားလှယ် ဦးတင်အောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။ ဒါန်းကုန်း-ကျီးအိုင်လမ်းကို လွှတ်တော်ရန်ပုံငွေကျပ် ၂၂ သိန်းဖြင့် ခင်းကျင်းခဲ့ခြင်းဖြစ်ပြီး အရှည်ပေ ၄၃၀၀ ၊ အကျယ် ၁၀ ပေရှိကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**



## မြို့နယ်မီးသတ်ဦးစီးဌာနရုံးတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

**ငါန်းဇွန် မေ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်၌ တည်ဆောက်လျက်ရှိသည့် မြို့နယ်မီးသတ်ဦးစီးဌာနရုံးတည်ဆောက်မှုလုပ်ငန်းများကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး အောင်ကျော်မိုးနှင့် တာဝန်ရှိသူများ မေ ၂၅ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာနရုံး မီးသတ်စခန်း အလျား ၄၅ ပေ၊ အနံပေ ၅၀ ရှိ RCC နှစ်ထပ်အဆောက်အအုံ တည်ဆောက်နေမှုကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်နှင့် ဦးမြတ်သူ၊ မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ငါန်းဇွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်ပြီး တာဝန်ယူဆောက်လုပ်နေသော WeAre Able ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးသူရိန်နေမင်းက ဆောက်လုပ်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုခြင်းမှ ကာကွယ်ရန် ရေတားတမံများ စုပေါင်းတည်ဆောက်ထားသင့်

မေခနှင့်မလိခမြစ်တို့ မြစ်ဖျားခံ၍ စီးဆင်းလာသော ဧရာဝတီမြစ်သည် သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာမှုနှင့် မြစ်ကြောင်းထိန်းသိမ်းမှု အားနည်းလာခြင်းတို့ကြောင့် မြစ်ကမ်းပါးများ နှစ်စဉ်ပြိုကျလျက်ရှိသည်။ ကမ်းပြိုမှုကြောင့် မြစ်ကမ်းဘေးကျေးရွာများ၊ ကျေးရွာများရှိ စိုက်ပျိုးမြေများနှင့် စေတီပုထိုးများ ပျက်စီးဆုံးရှုံးမှုများလည်း ဖြစ်ပွားလျက်ရှိကာ အများအားဖြင့် မြစ်ကျဉ်းနေရာများအောက်ဘက်ရှိ ကျေးရွာများမှာ ကမ်းပြိုမှုကို ပို၍ကြုံတွေ့ရသည်။

ဧရာဝတီမြစ်၏ ပထမမြစ်ကျဉ်းရှိရာ ဆင်ဘိုရွာအနီးတွင် မြစ်အတွင်း စက်လှေများဖြင့် တူး၍လည်းကောင်း၊ မြစ်ကမ်းပါးများကို ရေပိုက်ဖြင့်ပက်၍လည်းကောင်း ရွှေရှာခဲ့ကြသောကြောင့် လွန်ခဲ့သောဆယ်နှစ်ကျော်မှစ၍ မြစ်ကမ်းစပ်ကျေးရွာများဖြစ်သော ငဆောင်ချမ်းရွာ၊ မြစေတီရွာများမှစကာ မြစ်ကမ်းပါးများ တဖြည်းဖြည်းပြိုကျခဲ့ရာ မြစ်နံဘေးရှိစိုက်ခင်းများနှင့် ကျေးရွာများပျက်စီး၍ မြစ်ပြင်ကျယ်ကြီး ပေါ်ထွန်းခဲ့သည်။

အဆိုပါ ကမ်းပါးပြိုသော ရွာများအနက် မံမလင်းရွာ၌ မြစ်ကမ်းပါးပေပေါင်း ၁၅၀၀ ကျော် မြစ်အတွင်းပါသွားသောကြောင့် ရွာကို နောက်ဆုတ်ခဲ့ရပြီး ထပ်မံပြောင်းရွှေ့ရန်လည်း နေရာအခက်အခဲရှိလာသောကြောင့် မြစ်ပြင်ကျယ်အတွင်း ရေတားတမံလေးခု တည်ဆောက်ခဲ့ရကြောင်း၊ ရေတားတမံများတည်ဆောက်နိုင်ခဲ့၍ မြစ်ကမ်းပါးပြိုကျမှုကို ကာကွယ်နိုင်ခဲ့ပြီဖြစ်ကြောင်း မံမလင်းရွာမှ ဒေသခံအဘိုးတစ်ဦးက ပြောသည်။

ထိုသို့ မြစ်ရေတိုက်စား၍ ကမ်းပြိုခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုကိုကာကွယ်ရန် ကျေးရွာနေပြည်သူများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြစ်အတွင်းရေတားတမံများကို တည်ဆောက်ခဲ့ရာ မိုးရာသီမြစ်ရေတိုက်စားမှုကို သိသာစွာကာကွယ်နိုင်ခဲ့သောကြောင့် ဧရာဝတီမြစ် ပထမမြစ်ကျဉ်း အောက်ဘက်ရှိ ကျေးရွာများတွင် နှစ်စဉ်ကြုံတွေ့နေရသည့် မြစ်ကမ်းပါးပြိုကျခြင်းနှင့် ရွာများပြောင်းရွှေ့ရခြင်းမှ ကင်းဝေးသွားပြီဖြစ်ကြောင်းသိရသည်။

“ဟိုးအရင်တုန်းက ဒီနေရာမှာ ဧရာဝတီမြစ်ကို ဟိုဘက်၊ သည်ဘက် ခဲနဲ့လှမ်းပစ်လို့ရတယ်။ အခုမြစ်ပြင်က အဆမတန်ကျယ်သွားပြီ။ မြစ်အတွင်းမှာ စက်လှေတွေနဲ့ ရွှေလာကျင်ကြတယ်။ နွေရာသီမှာ ကျောက်ပုံတွေ၊ သောင်ပြင်တွေထွန်းပြီး မိုးရာသီမှာ မြစ်ကြောင်းပြောင်းပြီးတော့ ရွာတစ်လျှောက် ရေတိုက်စားခံခဲ့ရတယ်။ မြစ်ကမ်းဘေးကနေ ပေပေါင်း ၁၅၀၀ ကျော်လောက်အတွင်းက ရွာနဲ့ စေတီ၊ ဘုန်းကြီးကျောင်းတွေ ပြောင်းရွှေ့ကြရတယ်။ အခုမြစ်ကမ်းပါးကနေ မြစ်လယ်အထိ ပေ ၁၅၀၀ ရှည်ပြီး ၈ ပေ၊ ၄ ပေအမြင့်ရှိတဲ့ ကွန်ကရစ်ရေတားတမံနှစ်ခုနဲ့ ကျောက်တုံးတွေစီထားတဲ့ သစ်သားတိုင်တွေနဲ့ ရေတားတမံနှစ်ခု စုစုပေါင်းလေးခုကို ဗန်းမော်ခရိုင်မှ တာဝန်ရှိသူတွေနဲ့ ရွာသူရွာသားတွေ ပူးပေါင်းတည်ဆောက်နိုင်ခဲ့တဲ့အတွက် အရင်လိုစိုးရိမ်စရာမလိုတော့ပါဘူး။ အခုဆိုရင် ကမ်းစပ်မှာ တည်းတည်းလေးကျန်တဲ့ စာသင်ကျောင်းနဲ့ ဘုန်းကြီးကျောင်းဝင်းလည်း ကမ်းပါးပြိုမယ့်ဘေးက လွတ်သွားပါပြီ”ဟု ပြောသည်။

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ အရှည်ဆုံးမြစ်ဖြစ်ပြီး မြန်မာနိုင်ငံသားအများစုသည် မြစ်ကိုမှီ၍ နေထိုင်အသက်မွေးဝမ်းကျောင်းမှုပြုကြရာ ကျေးရွာအများအပြားကို မြစ်ကမ်းဘေး၌ ရှေးကပင်တည်ရှိခဲ့ကြသည်။ ထို့ကြောင့် ယခုအခါ ရေတိုက်စားခြင်းကြောင့် ကမ်းပြိုမှုများကြုံရသည့်အခါ ကျေးရွာရွှေ့ပြောင်းရခြင်းများ ကြုံတွေ့နေရခြင်းဖြစ်သည်။ ထို့ကြောင့် မြစ်ကမ်းတစ်လျှောက် ကျေးရွာများအနေဖြင့် မြစ်ရေတိုက်စားခြင်းနှင့် ကမ်းပြိုခြင်းကြောင့် ရွာများရွှေ့ပြောင်းရမည့်အရေးမှ ကာကွယ်နိုင်ရန်အတွက် ပထမမြစ်ကျဉ်းမှ ကျေးရွာများကဲ့သို့ ရေတားတမံများကို ဒေသခံကျေးရွာများမှ ရွာသူရွာသားများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်းတည်ဆောက်ထားခြင်းဖြင့် ကာကွယ်ကြရမည်ဖြစ်ပါသည်။ **(၁၆၄)**

**ဟိုးအရင်တုန်းက ဒီနေရာမှာ ဧရာဝတီမြစ်ကို ဟိုဘက်၊ သည်ဘက် ခဲနဲ့လှမ်းပစ်လို့ရတယ်။ အခုမြစ်ပြင်က အဆမတန်ကျယ်သွားပြီ. . .**

# မီးဘေးသင့်အိမ်ထောင်စုများအတွက် အိမ်ဆောက်ပစ္စည်းများ လှူဒါန်း

**စဉ့်ကိုင် မေ ၂၇**

စဉ့်ကိုင်မြို့နယ် နန်းနီကျေးရွာရှိ မီးဘေးသင့်အိမ်ထောင်စုများအား သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီက အိမ်မိုးသွပ်နှင့် သွပ်သံများ တန်ဖိုးငွေကျပ်သိန်း ၈၀ နီးပါးကို မေ ၂၆ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မီးဘေးသင့်အိမ်ထောင်စု ၇၀ အတွက် တစ်အိမ်ထောင်လျှင် ခြောက်ပေသွပ်အချပ်ရေ ၄၀ စီဖြင့် စုစုပေါင်း သွပ်အချပ်ရေ ၂၈၀၀ နှင့် သွပ်ရိုက်သံ ပိဿာ ၃၀ စုစုပေါင်း တန်ဖိုး ငွေကျပ်သိန်းပေါင်း ၇၉ သိန်းကျော်ကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ လှူဒါန်းပွဲကို နန်းနီကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အလှူရှင် သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းလင်းနှင့် မီးဘေးသင့်ပြည်သူများ တက်ရောက်ခဲ့သည်။

"မီးဘေးသင့်တဲ့ အိမ်ထောင်စုတွေကို လှူဒါန်းတဲ့အထဲမှာ စားသောက်ပစ္စည်းနဲ့ အသုံးအဆောင်ပစ္စည်းတွေက လှူဒါန်းသူတွေ တော်တော်များတယ်။ အိမ်ဆောက်ပစ္စည်းတွေက နည်းသေးတဲ့အတွက် အလှူရှင်တွေနဲ့ ညှိနှိုင်းပြီး အိမ်ဆောက်ပစ္စည်းတွေ လှူဒါန်းဖို့ စည်းရုံးခဲ့တာ။ အခုက မိုးရာသီဆိုတော့ မီးဘေးသင့်တဲ့သူတွေကို အမိုးအကာအောက် အမြန်ဆုံးရောက်အောင် အိမ်ထောင်စုတွေကို တိုက်တွန်းပြီး အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်သွားမှာပါ"ဟု ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က နန်းနီကျေးရွာ မီးဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းများ လှူဒါန်းမှုနှင့်ပတ်သက်၍ ပြောကြားသည်။

စဉ့်ကိုင်မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးကလည်း "ကျွန်တော်တို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအနေနဲ့ မီးဘေးသင့်ပြည်သူတွေရဲ့ နေအိမ်တွေ အမြန်ဆောက်လုပ်နိုင်အောင် မြို့နယ်အဆင့် ဌာနဆိုင်ရာတွေနဲ့တိုင်ပင်ပြီး အိမ်ထောင်စုအလိုက် တာဝန်ခွဲဝေဆောင်ရွက်နေပါတယ်။ အခုတောင် တချို့နေအိမ်တွေ စတင်ဆောက်လုပ်နေကြပါပြီ။ မကြာခင်မှာ မီးဘေးသင့်ခဲ့တဲ့သူတွေကို အမိုးအကာအောက် ရောက်အောင် စီစဉ်ဆောင်ရွက်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

**"မြို့နယ်စီမံခန့်ခွဲမှုကော်မတီအနေနဲ့ မီးဘေးသင့် ပြည်သူတွေရဲ့ နေအိမ်တွေအမြန်ဆောက်လုပ်နိုင်အောင် မြို့နယ်အဆင့် ဌာနဆိုင်ရာတွေနဲ့တိုင်ပင်ပြီး အိမ်ထောင်စုအလိုက် တာဝန်ခွဲဝေဆောင်ရွက်နေပါတယ်။ အခုတောင် တချို့နေအိမ်တွေ စတင်ဆောက်လုပ်နေကြပါပြီ။ မကြာခင်မှာ မီးဘေးသင့်ခဲ့တဲ့သူတွေ အမိုးအကာအောက်ရောက်အောင် စီစဉ်ဆောင်ရွက်သွားမှာပါ"**



မီးလောင်ဆုံးရှုံးခဲ့မှုနှင့် အလှူရှင်များ၏ ထောက်ပံ့လှူဒါန်းများနှင့် ပတ်သက်၍ နန်းနီကျေးရွာမှ မီးဘေးသင့်ပြည်သူတစ်ဦးဖြစ်သည့် ဒေါ်ယဉ်လှိုင်က "ကျွန်မတို့ မီးစလောင်တဲ့နေ့ကဆို စိတ်ပျက်ဝမ်းနည်း အားငယ်ခဲ့ရတာ၊ ဘာမှလည်းမရလိုက်ဘူး။ အခုလို လာလှူတဲ့သူတွေများတော့ အားငယ်မှုတွေ မရှိတော့ပါဘူး။ အားပေးမှုတွေလည်းရတော့ ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုဆို အလှူရှင်တွေလှူတဲ့ အဝတ်အထည်နဲ့ စားသောက်စရာ ပစ္စည်းတွေက ဖူလုံပါတယ်။ နေဖို့အိမ်ကတော့ ကိုယ်တိုင်ကြိုးစားရမှာပေါ့"ဟု ပြောသည်။

နန်းနီကျေးရွာ မီးဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်းသည့် အလှူရှင် များပြားခဲ့သည့်အတွက် မီးဘေးသင့်ကွပ်ကဲရေးစခန်းမှ မေ ၂၂ ရက်မှ ၂၆ ရက် အထိ ၁၄ ကြိမ်အထိ ပြန်လည်လှူဒါန်းထောက်ပံ့နိုင်ခဲ့ကာ အိမ်ထောင်စုတစ်စုလျှင် ဆန် ၂၆ အိတ် ထောက်ပံ့ထားပြီးဖြစ်ကြောင်း သိရသည်။ အခြားထောက်ပံ့ရေးပစ္စည်းများဖြစ်သည့် အဝတ်အထည်၊ ဆန်၊ ဆီ၊ ဆား စသည့် စားသောက်ကုန်ပစ္စည်းများနှင့် အလှူငွေ ကျပ်သိန်း ၉၀ ကျော်၊ သွပ်အချပ်ရေ ၆၀၀ ကျော်တို့ကို စနစ်တကျ ဖြန့်ဝေပေးလျက်ရှိသည့်အပြင် အလှူရှင်များ၏ ဆန္ဒအရ ကိုယ်တိုင်ထောက်ပံ့လှူဒါန်းလိုပါကလည်း လှူဒါန်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## ဘိုးဘွား ၁၀၀၀ ကျော်ပါဝင်သည့် သက်ကြီးပူဇော်ပွဲ ကျင်းပ

**ဖျာပုံ မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ အသက် ၈၀ နှင့်အထက် ဘာသာပေါင်းစုံမှ အဘိုးအဘွား ၁၀၀၀ ကျော်အား မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ သက်ကြီးပူဇော်ကန်တော့ပွဲကို ဖျာပုံမြို့၌ မေ ၂၅ ရက်က ကျင်းပသည်။

သက်ကြီးပူဇော်ပွဲတွင် ဖျာပုံမြို့ပေါ်ရှိ ရပ်ကွက် ၁၉ ခုနှင့် မြို့နယ်အတွင်းရှိ အပြောင်၊ ကျုံကူ၊ ချောင်းတွင်း၊ အောက်ကွင်းကျေးရွာများမှ အဘိုးအဘွားများ၊ ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများ စုစုပေါင်း ၁၀၇၉ ဦးအား ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးစိုးနိုင်မိသားစုက အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပေးအပ်ကန်တော့ခဲ့ကြောင်း သိရသည်။

**သူစာနွယ်(ဖျာပုံ)**

## ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ ခြောက်ဦးသေဆုံး

**ပင်လည်ဘူး မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ပင်လည်ဘူး-ဖောင်းပြင်ကားလမ်းမပေါ်၌ လုံခြုံရေးတပ်ခွဲမှရဲတပ်သားတစ်ဦးမောင်းနှင်လာသည့်ယာဉ် တိမ်းမှောက်မှု မေ ၂၅ ရက်က ဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပင်လည်ဘူး-ဖောင်းပြင်ကားလမ်းမပေါ်၌ အမှတ်(၁၆)လုံခြုံရေးတပ်ခွဲမှ ရဲတပ်သားမင်းသူ မောင်းနှင်လာသော TE-11 ခြောက်ဘီးယာဉ်သည် ကိုင်းဦးကျေးရွာနှင့် ဟင်းနုကြီးရွာကြား မှန်တောင်ထိပ်အနီး တောင်ထိပ်သို့မရောက်မီ နောက်သို့ပြန်လျှောကျကာ လမ်း၏ညာဘက်ချောက်ထဲသို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားပြီးနောက် ပင်လယ်ဘူးမြို့မရဲစခန်းမှ ရဲအုပ်ခင်မောင်ညွန့်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ပြီး ယာဉ်ပေါ်တွင်လိုက်ပါလာသူများအနက် ရှစ်ဦးဒဏ်ရာရရှိခဲ့ပြီး အမှတ်(၁၆)လုံခြုံရေးတပ်ခွဲမှ ရဲဒုတပ်ကြပ်တစ်ဦးအပါအဝင် ခြောက်ဦး သေဆုံးခဲ့သဖြင့် ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ရဲတပ်သားမင်းသူ အမှတ်(၁၆)လုံခြုံရေးတပ်ခွဲ စစ်ကိုင်းမြို့နေသူအား ဥပဒေအရ အရေးယူပေးရန် ရဲအုပ်ခင်မောင်ညွန့်က တရားလိုပြုလုပ်တိုင်တန်းခဲ့ပြီး ပင်လည်ဘူးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## ကန့်ဘလူမြို့၌ ကွန်ပျူတာဒါနသင်တန်းဖွင့်

**ကန့်ဘလူ မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး၏ လမ်းညွှန်မှု၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ကြီးကြပ်မှုဖြင့် မြို့နယ်ပညာရေးနှင့် စီမံကိန်းဦးစီးဌာနတို့ပူးပေါင်း၍ W.COM HR Developement Organisation က ကွန်ပျူတာပညာဒါနသင်တန်းကို မေ ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို တစ်ရက်လျှင် တစ်နာရီတစ်ချိန် သင်တန်းကာလ နှစ်လတွင် နေ့စဉ်နံနက် ၇ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ အဝေးမှလာ၍ တက်ရောက်ကြသူများ မြို့ပေါ်ရပ်ကွက်များမှ သင်တန်းသားများအနေဖြင့် နှစ်သက်ရာအချိန်တွင် ရွေးချယ်တက်ရောက်နိုင်ကြောင်း သိရသည်။

ကွန်ပျူတာဒါနသင်တန်းကို ၂၀၀၁ ခုနှစ်မှ ယနေ့အချိန်ထိ Mobile ပညာသင်ကြားရေးအသွင်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းအပတ်စဉ်(၆၀)ကျော်ကို ဧရာဝတီ၊ ပဲခူး၊ တနင်္သာရီ၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးများနှင့် ကရင်၊ ကချင်၊ ကယား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် အောင်မြင်စွာပို့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

သမဝါယမတက္ကသိုလ်(သန်လျင်)နှင့် WISE Collegeတို့ပူးပေါင်းဖွင့်လှစ်သော
Business Management HigherDiploma(အမှတ်စဉ်-၃)
သင်တန်းအတွက်သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

အောက်ဖော်ပြပါ Business Management Diploma သင်တန်းများကို ဇွန်လ(၂၀)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

1. Business Management Higher Diploma
2.Business Management Advanced Diploma

(၁)Business Management Higher Diplomaသင်တန်းများကို အသက်၁၆နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထားသူများ၊တက္ကသိုလ်တစ်ခုခုတွင်တက်ရောက်နေသူများ၊ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ လုပ်ငန်းခွင်တွင်လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသူများ တက်ရောက်နိုင်ပါသည်။
(၂)သင်တန်းကာလမှာ(၆)လကြာမြင့်မည်ဖြစ်ပါသည်။ သင်တန်းများကို အပတ်စဉ်စနေနေ့ နှင့်တနင်္ဂနွေနေ့များတွင်တက်ရောက်ရမည်ဖြစ်ပါသည်။ဖြေဆိုအောင်မြင်ပြီးပါကသမဝါယမတက္ကသိုလ်(သန်လျင်)နှင့် WISE College တို့ပူးပေါင်းပေးအပ်သော Diploma လက်မှတ်ကိုရရှိမည်ဖြစ်ပြီး Business Management Advanced Diploma သို့ဆက်လက်တက်ရောက်နိုင်ပါသည်။
(၃)၎င်းDiplomaသင်တန်းများအောင်မြင်ပြီးဆုံးပါက UK နိုင်ငံမှပေးအပ်သော နိုင်ငံတကာအသိအမှတ်ပြု ABE Diploma စာမေးပွဲများကိုဆက်လက်ဖြေဆိုနိုင်ပါသည်။
(၄) Mangementဘာသာရပ်အခြေခံမရှိသူများအတွက် Management Foundation Course ကိုအခမဲ့တက်ရောက်နိုင်ပါသည်။အဆိုပါ FoundationCourse ကို(၄.၅.၂၀၁၅)ရက်နေ့တွင်စတင်ပါမည်။ ပညာအရည်အချင်းအထောက်အထားမူရင်းနှင့်မိတ္တူ(၂)စုံ၊ဓါတ်ပုံ(၃)ပုံတို့နှင့်တကွ WISE College တွင်(၂၅.၃.၂၀၁၅) ရက်နေ့မှစ၍စာရင်းပေးသွင်းအပ်နှံနိုင်ပါသည်။

WISE College (1009 A/B)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်
Ph.09-253528521၊09-253528520

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်

ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-252424002, 09-254151516, 09-43029798
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သာယာအေးလမ်းသွယ်(၁)၊ အမှတ် ၃၈၁၆ ဟုခေါ်တွင်သည့် တိုက်၏ ပေ(၁၁×၃၈) အကျယ်အဝန်းစီရှိသော ပထမထပ် (ခေါင်းရင်းခန်း၊ မှန်ခန်း)တိုက်ခန်းကို ဦးအောင်မြတ်ပါ သုံးဦးမှလည်းကောင်းနှင့် ဒုတိယထပ်(ခေါင်းရင်းခန်း) တိုက်ခန်းကို ဒေါ်ခိုင်ခိုင်မှလည်းကောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးနေလင်းကျော် ၁၂/ကမတ(နိုင်)၀၅၀၅၅၁ထံမှ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှစ်ခန်းတို့နှင့်ပတ်သက်၍ ဦးအောင်မြတ်ပါ သုံးဦးနှင့်ဒေါ်ခိုင်ခိုင်တို့၏သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ယင်းတိုက်ခန်းတို့၌ ဝင်ရောက်နေထိုင်ခြင်းတို့ကို မည်သူမျှပြုလုပ်ခွင့်မရှိပါကြောင်း၊ ထိုသို့ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်နိုင်ဝင်း(စဉ်-၈၂၁၉) LL.B, D.I.L
တရားလွှတ်တော်ရှေ့နေ

ဒေါ်တင်တင်နိုင်(စဉ်-၈၀၀၈)LL.B, D.B.L, D.M.L, D.I.L
တရားလွှတ်တော်ရှေ့နေ

အမှတ် ၁၀/၁၂၊ အခန်း ၁၀၄(အီး)၊ ပထမထပ်၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၉-၅၄၁၅၄၁၀၊ ၀၉-၄၃၀၆၅၅၄၉၊ ၀၉-၄၄၈၀၂၅၉၉၃

# လီဗာပူးနဲ့ ချယ်လ်ဆီးတို့ အကျပ်တွေ့နိုင်တဲ့ လက်ကျန်ပွဲစဉ်

ဒီတစ်ပတ်ရဲ့ ကြားရက်ဖြစ်တဲ့ ဧပြီ ၂၈ ရက်နဲ့ ၂၉ ရက်တွေမှာတော့ ပရီမီယာလိဂ်ပွဲစဉ်(၃၃) လက်ကျန်ပွဲစဉ်ဖြစ်တဲ့ ဟားလ်စီးတီးနဲ့ လီဗာပူး၊ ပွဲစဉ်(၂၇)လက်ကျန်ဖြစ်တဲ့ လက်စတာနဲ့ ချယ်လ်ဆီးတို့ရဲ့ ပွဲစဉ်တွေ ကစားဖို့ရှိနေပါတယ်။ ဒီနှစ်ပရီမီယာလိဂ်ရဲ့ လက်ကျန်ရာသီမှာ အသင်းငယ်တွေရဲ့ ရုန်းထမှုကို အသင်းကြီးတွေဘယ်လောက်အထိ ထိန်းချုပ်နိုင်မလဲဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။



### ဟားလ်စီးတီးနှင့် လီဗာပူး

ပထမအကျော့ လီဗာပူးကွင်းမှာ ဂိုးမရှိသရေပွဲဖြစ်ထားတာမို့ အခုပွဲ အဝေးကွင်းဖြစ်တာကြောင့် လီဗာပူးတို့ သတိကြီးစွာထားပြီး ကစားရမှာဖြစ်ပါတယ်။ ခြေစွမ်းပြန်တည့်မတ်အောင် ရုန်းကန်နေရတဲ့ လီဗာပူးတို့အတွက် အခုပွဲဟာ အရေးကြီးပြီး ဥရောပဝင်ခွင့်တစ်နေရာ အတွက်လည်း ဖိအားရှိနေတာမို့ မဖြစ်မနေ အနိုင်ကစားရမှာဖြစ်ပါတယ်။ လီဗာပူးရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲနိုင်၊ သုံးပွဲသရေဖြစ်ထားပြီး ဧပြီ ၁၉ ရက်က ကစားခဲ့တဲ့ ဗီလာနဲ့ပွဲမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတာမို့ အခုပွဲမှာ နိုင်ပွဲကို ဘယ်လိုကစားရမယ်ဆိုတာ သိထားပြီး အကောင်းဆုံးပြင်ဆင်ကစားမှာဖြစ်ပေမယ့် လက်ရှိရလဒ်ဆိုးရွားနေမှုကြောင့် ထင်တိုင်းမပေါက်နိုင်ပါဘူး။ ဟားလ်စီးတီးရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင်လည်း တစ်ပွဲမှ နိုင်ပွဲရမထားတာမို့ အခုပွဲလည်း ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် ဟားလ်စီးတီးရဲ့ အိမ်ကွင်းဖြစ်တာကြောင့် တွန်းတွန်းတိုက်တိုက်ကစားလာမယ့်အနေအထားကို လီဗာပူးတို့ ထိန်းသိမ်းနိုင်မယ်ဆိုရင်တော့ လိုအပ်နေတဲ့အမှတ်ကို ဒီပွဲမှာ သုံးမှတ်စုဆောင်းနိုင်မှာဖြစ်ပါတယ်။

### လက်စတာနှင့် ချယ်လ်ဆီး

ပရီမီယာလိဂ် ဖလားဆွတ်ခူးဖို့ သေချာလုနီးပါးဖြစ်နေတဲ့ ချယ်လ်ဆီးဟာ အခုပွဲကိုလည်း စနစ်တကျ ခင်းကျင်းကစားပါဦးမယ်။ ရာနှုန်းပြည့် သေချာမှုအပြင် ဂုဏ်သိက္ခာအတွက်လည်း ကြိုးစားမယ့် ချယ်လ်ဆီးတို့ဟာ တန်းမဆင်းရရေး အားထုတ်လာမယ့် လက်စတာကို ချေမှုန်းပါလိမ့်မယ်။ မန်ယူ၊ ကျူပီအာ၊ စတုတ်နဲ့ ဟားလ်စီးတီးအသင်းတွေကို ဆက်တိုက်အနိုင်ယူခဲ့တဲ့ ချယ်လ်ဆီးဟာ လက်စတာနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာလည်း နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရထားပါတယ်။ ဒါကြောင့် ဒီပွဲကို ချယ်လ်ဆီးတို့ အနိုင်ရလဒ်ကလွဲပြီး အရှုံးရလဒ်ကို ပုံဖော်မှာမဟုတ်ပါဘူး။ လက်စတာတို့ကလည်း ဆွမ်ဆီး၊ ဝက်စ်ဘရွန်းနဲ့ ဝက်စ်ဟမ်းတို့ကို ဆက်တိုက်အနိုင်ရအောင် ကစားထားလို့ နိုင်ပွဲစိတ်ဓာတ် ဆူဝေနေပါတယ်။ လက်ရှိ ခြေစွမ်းပြနေတဲ့ လက်စတာတို့ အိမ်ကွင်းမှာ အမှတ်ရအောင်ယူဖို့အတွက် အပြင်းအထန်ကြိုးစားမယ့် ပွဲပါပဲ။

မိုးမြင့်လင်းလက်

## ပရီမီယာလိဂ် တန်းတက်လမ်းကြောင်းပေါ်ရောက်လာတဲ့ ဝက်စ်ဖို့ဒ်

လာမယ့် ပရီမီယာလိဂ်ရာသီမှာ တန်းတက်လာနိုင်တဲ့ အသင်းတွေထဲမှာ ဝက်စ်ဖို့ဒ်အသင်းဟာလည်း တစ်သင်းအပါအဝင်ဖြစ်ပါတယ်။ ချန်ပီယံရှစ်မှာ ခြေစွမ်းပြနေတဲ့အသင်း ဖြစ်ပါတယ်။ ဝက်စ်ဖို့ဒ်အသင်းဟာ ဘရိုက်တန်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရပြီးနောက် အမှတ်ပေးဇယားထိပ်မှာ ရပ်တည်လာနိုင်ပါတယ်။ ဒီပွဲက ဝက်စ်ဖို့ဒ်အသင်းရဲ့ ငါးပွဲဆက်တိုက်အနိုင်ရတဲ့ပွဲလို့လည်း ဆိုပါတယ်။ ဝက်စ်ဖို့ဒ်အသင်းဟာ ဒီပွဲအနိုင်ရလိုက်တဲ့အတွက် အမှတ်ပေးဇယားမှာ လေးမှတ်အသာနဲ့ ရပ်တည်လာနိုင်ပါတယ်။ လာမယ့်နှစ်ရာသီမှာ ပရီမီယာလိဂ်သို့ တန်းတက်ဖို့ တာစူနေတဲ့ အသင်းတွေကတော့ မစ်ဒယ်ဘရော့နဲ့ နော့ဝှစ်ချ်တို့လည်း ပါဝင်ပါတယ်။ ဝက်ဖို့ဒ်အသင်းဟာ ပြီးခဲ့တဲ့ အဝေးကွင်းကိုးပွဲမှာ ခုနစ်ပွဲအနိုင်ရထားတယ်လို့ ဆိုပါတယ်။ ဝက်စ်ဖို့ဒ်အသင်းနဲ့အတူ အဓိက ခြေစွမ်းပြနေတဲ့ တိုက်စစ်မှူးကတော့ ဒင်းနေးပဲ ဖြစ်ပါတယ်။ သူဟာ ဒီနှစ်ရာသီမှာ ဝက်စ်ဖို့ဒ်အသင်းအတွက် စုစုပေါင်း ၂၁ ဂိုး သွင်းယူပေးထားပါတယ်။ ဝက်စ်ဖို့ဒ်အသင်းဟာ မေ ၂ ရက်မှာ ကစားမယ့် ရှက်ဖီးဝက်နက်စဒေးနဲ့ပွဲမှာ အနိုင်ကစားနိုင်မယ်ဆိုရင်တော့ ချန်ပီယံရှစ်ဆုဖလားကို ဆွတ်ခူးပြီး ပရီမီယာလိဂ်နဲ့ တန်းတက်လာမှာဖြစ်ပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

## ဟဲဗီးဝိတ်ချန်ပီယံဘွဲ့ကို (၁၈) ကြိမ်မြောက် ကာကွယ်ထိုးသတ်နိုင်ခဲ့တဲ့ ကလစ်ချ်ကို

ယူကရိန်း ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ကလစ်ချ်ကိုဟာ ချန်ပီယံဘွဲ့တွေကို ဆက်လက်ကာကွယ်ထားနိုင်ပါတယ်။ သူနဲ့ အမေရိကန်လက်ဝှေ့သမား ဘရိုင်ယံဂျင်းနင်းတို့ဟာ စနေနေ့က အမေရိကန်နိုင်ငံ မစ်ဒီဆင်စကွဲဂါးဒင်းမှာ ထိုးသတ်ခဲ့ကြပါတယ်။ ဒီပွဲမှာ ကလစ်ချ်ကိုက အမှတ်နဲ့နိုင်ပြီး (၁၈)ကြိမ်မြောက် ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်ကို ကာကွယ်နိုင်ခဲ့ပါတယ်။



အသက် ၃၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကလစ်ချ်ကိုဟာ အသက်အရွယ်ရလာပေမယ့် ထိုးအားကျမသွားသေးပါဘူး။ အကောင်းဆုံးထိုးသတ်နိုင်တဲ့ ဟဲဗီးဝိတ်ချန်ပီယံအဖြစ်ရှိနေဆဲဖြစ်ပါတယ်။ သူဟာ လက်ဝှေ့သမိုင်းမှာ ဟဲဗီးဝိတ်ချန်ပီယံဆုကို (၂၇) ကြိမ်တိုင်တိုင် ဆွတ်ခူးနိုင်ခဲ့တဲ့ ဂန္ထဝင်ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့သမားကြီး ဂျိုးလူးဝစ်ကို ထိုးသတ်အနိုင်ယူပြီး ချန်ပီယံဖြစ်လာခဲ့တာဖြစ်ပါတယ်။ ဒိုင်လူကြီးနှစ်ဦးက ကလစ်ချ်ကိုအား ၁၁၆-၁၁၁ မှတ်နဲ့ အနိုင်ပေးခဲ့ပါတယ်။ တတိယမြောက် ဒိုင်လူကြီးကတော့ ကလစ်ချ်ကိုအား ၁၁၈-၁၀၉ မှတ်နဲ့ အနိုင်ပေးခဲ့ပါတယ်။ အသက် ၃၀ အရွယ်ရှိတဲ့ ဂျင်းနင်းဟာ ပထမသုံးချီမှာ အကောင်းဆုံး ကာကွယ်ထိုးသတ်နိုင်ခဲ့ပေမယ့် နောက်ပိုင်းအချီတွေမှာ ကလစ်ချ်ကိုရဲ့ မြန်ဆန်လွန်းလှတဲ့ ထိုးနှက်ချက်တွေကို အလူးအလဲ ကာကွယ်ခဲ့ရပါတယ်။ ကိုးချီမြောက်မှာတော့ ကလစ်ချ်ကိုရဲ့ ဘယ်ဘက်မျက်လုံးအောက် ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့ပါတယ်။ ၁၂ ချီမြောက်မှာတော့ ကလစ်ချ်ကိုရဲ့ ဖိထိုးနေမှုကြောင့် ဂျင်းနင်းအပြင်းအထန်ကာကွယ်ခဲ့ရပြီး အမှတ်နဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။

## ဟာဇက်ရဲ့ ခြေတစ်ဖက် ပေါင်သန်း ၁၀၀ လို့ဆို



ဒီနှစ် ပရီမီယာလိဂ်မှာတော့ ချယ်လ်ဆီးကစားသမား အီဒင်ဟာဇတ်ကတော့ အတော်လေး ခြေစွမ်းပြကစားနေတဲ့ ကစားသမားဖြစ်ပါတယ်။ ဒီလို ခြေစွမ်းပြကစားနိုင်ခဲ့တဲ့အတွက် လာလီဂါထိပ်တန်းကလပ်တွေကလည်း မျက်စိကျလာပါတယ်။ ဘယ်လ်ဂျီယံသား ဟာဇတ်ကို လာလီဂါထိပ်သီးကလပ်တွေဖြစ်တဲ့ ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာတို့လို အသင်းကြီးတွေက ခေါ်ယူဖို့ ကမ်းလှမ်းလာတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ချယ်လ်ဆီးနည်းပြ မော်ရင်ညိုကတော့ သူ့ကို စတမ်းဖို့ဒ်ဘရစ်က ထွက်ခွာခွင့်ပေးမှာ မဟုတ်ပါဘူးလို့ ဆိုပါတယ်။ ဟာဇတ်ကိုခေါ်ချင်ရင် ခြေတစ်ဖက် ပေါင်သန်း ၁၀၀ ပေးမှရမယ်လို့ မပေးနိုင်တဲ့ဈေးကို မော်ရင်ဟိုက ပြောဆိုလိုက်ပါတယ်။ ဟာဇတ်ဟာ ပရီမီယာလိဂ် အကောင်းဆုံးဘောလုံးသမား ဆန်ခါတင်ရွေးချယ်ခံထားရတဲ့ ကစားသမားလည်း ဖြစ်ပါတယ်။

သူဟာ ဒီနှစ်ရာသီမှာ ချယ်လ်ဆီးအသင်းရဲ့ အဆုံးအဖြတ်ဂိုး အများစုကို သွင်းယူပေးနိုင်ခဲ့တဲ့ ကစားသမားဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းကို ဇယားထိပ်ရောက်အောင်လည်း အဓိက စွမ်းဆောင်ပေးခဲ့တဲ့ ကစားသမားဖြစ်ပါတယ်။ ပြိုင်ပွဲအများဆုံးမှာ ဂိုးရအောင် သွင်းယူနိုင်တဲ့ စွမ်းရည်က သူ့ရဲ့ ထက်မြက်တဲ့စွမ်းရည်တစ်ခု ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်လည်း သူ့ကို ရီးရဲမက်ဒရစ်က ခေါ်ယူဖို့ကြိုးစားနေတာ ဖြစ်ပါတယ်။

# မြန်မာ့ရိုးရာအိုးလုပ်ငန်းကို ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းလုပ်ကိုင်လျက်ရှိ



**ရေစကြို ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခုက္ကူ-ရေစကြိုကားလမ်းမပေါ်ရှိ သက်ရွာကျေးရွာ၌ မြန်မာ့ရိုးရာ အိုးလုပ်ငန်းကို ဘိုးဘွားအစဉ်အဆက် အဓိကထားလုပ်ကိုင်လျက်ရှိကာ ယနေ့အချိန်အထိ တွင်ကျယ်စွာလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

အိုးလုပ်ငန်းလုပ်ကိုင်မှုနှင့် ပတ်သက်ပြီး "ကျွန်တော်တို့ကျေးရွာမှာ အိုးလုပ်ငန်းကို လုပ်ကိုင်လာတာ နှစ်ပေါင်းများစွာကြာပါပြီ။ ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်တဲ့ မိရိုးဖလာ လုပ်ငန်းတစ်ခုလို့ ပြောလို့ရပါတယ်။ အဓိကလုပ်တာကတော့ သောက်ရေအိုးအဖြစ်လုပ်တဲ့ သဲအိုး၊ အင်တုံမျိုးစုံ၊ ပန်းအိုးမျိုးစုံ၊ ထန်းရေမြူအိုး၊ ပရိတ်အိုးတို့ကို အဓိကလုပ်ကြပါတယ်"ဟု အိုးလုပ်ငန်းကို အစဉ်အဆက် လုပ်ကိုင်လာသူတစ်ဦးက ပြောသည်။

သက်ရွာကျေးရွာမှ ထုတ်လုပ်သော သောက်ရေအိုး၊ အင်တုံ၊ ပန်းအိုး၊ ထန်းရေမြူအိုးများကို မကွေးတိုင်းဒေသကြီးအတွင်းနှင့် ကချင်ပြည်နယ်အတွင်းရှိမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကာ မကွေးတိုင်းဒေသကြီးတွင် ပခုက္ကူ ရေစကြို ကံမ၊ မြိုင်နှင့် ကချင်ပြည်နယ်တွင် ဖားကန့်မြို့သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ သက်ရွာကျေးရွာမှ သောက်ရေအိုးအဖြစ်ထုတ်လုပ်သော သဲအိုးများသည် နာမည်ကြီးကြောင်း သိရသည်။

"သောက်ရေအိုးလုပ်တဲ့ သဲအိုးကတော့ နာမည်ကြီးတယ်လို့ ပြောရမယ်။ အဲဒီသဲအိုးက ပြာသိုလမှာ လုပ်တဲ့သဲအိုးက နွေရာသီဆို တအားရေအေးတယ်။ မြေကတော့ ရွာအနီးကရှိတဲ့ချောင်းထဲက ရွှံ့စေးမြေကိုသယ်ရတယ်။ ထင်းကျတော့ နွားချေးခြောက်နဲ့ အသုံးပြုရတယ်။ လုပ်တဲ့အခါမှာလည်း သဲတစ်ဝက်၊ မြေတစ်ဝက်ကို သန်သန်မာမာအမျိုးသမီးတွေက အားစိုက်ပြီးနယ်ရတယ်။ အိုးလုပ်ငန်းမှာက အမျိုးသားတွေက မြေသယ်ပေးရတယ်။ မြေညက်အောင်လို့ မောင်းဆုံနဲ့ထောင်းပေးရတယ်။ မြေမှုန့်တွေကို ဆန်ခါချပေးရတယ်။ ဆန်ခါချပြီးသားမြေတွေကို ရွှံ့ဖြစ်အောင်မြေနင်းရတယ်။ အမျိုးသမီးတွေက နှပ်ရတယ်။ နှပ်လို့ပြီးတဲ့ မြေတွေကို အမျိုးသားတွေက နောက်တစ်ကြိမ်ပြန်ပြီး နင်းပေးရတယ်။ ပြီးတော့မှ အိုးလုပ်ဖို့အသင့်ဖြစ်တဲ့ရွှံ့မြေကို အမျိုးသမီးတွေက အိုးလုပ်ကြတာ၊ အိုးလုပ်တဲ့အခါမှာ ပုံကြမ်းအရင်လုပ်ပြီး အရိပ်မှာ တစ်ညအခြောက်ခံတယ်။ နောက်တစ်ရက်မှာ အချောထည်ရအောင် ပုံသွင်းတယ်။ ပုံသွင်းပြီးသား အိုးအကြမ်းကို အရိပ်မှာ နှစ်ရက် လေသလပ်ခံထားရတယ်။ အဖြူရောင်ဖြစ်လာရင် နေရောင်နဲ့ တစ်ရက်နေလှန်း အခြောက်ခံပြီး မြေနီမှုန့်သုတ်ပြီး လေးရက်ကြာမီးဖုတ်လိုက်ရင် အသုံးပြုလို့ရတဲ့ အိုးတွေရပါပြီ" ဟု ရေအိုးများ ပြုလုပ်ပုံကို အဆိုပါကျေးရွာမှ အိုးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ရှင်းပြသည်။

အိုးများကို မီးဖုတ်သည့်အခါ တစ်ဖိုလျှင် အလုံးရေ ၂၀၀ မှ ၃၀၀ ခန့်အထိ မီးဖုတ်ကြောင်း၊ မိုးရာသီတွင် စိုထိုင်းမှုများသဖြင့် မီးဖုတ်ရန် အဆင်မပြေသကဲ့သို့ နွေရာသီတွင်လည်း အပူချိန်မြင့်သဖြင့် အိုးများတွင် အနာအဆာဖြစ်မှုများကြောင်း၊ ဆောင်းရာသီတွင်သာ လုပ်ငန်းလုပ်ရသည်မှာ အဆင်ပြေပြီး လုပ်ငန်းတွင်ကျယ်ကြောင်း၊ သက်ရွာနှင့် အနီးရှိ ကျေးရွာတစ်ခုဖြစ်သော မြောက်ပြင်ကျေးရွာတို့တွင် အိုးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်တဲ့ မိရိုးဖလာ လုပ်ငန်းတစ်ခုဟာ ယခုအချိန်အထိ တွင်ကျယ်စွာ လုပ်ကိုင်နေကြဆဲ လုပ်ငန်းဖြစ်ကြောင်းလည်း အိုးလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဖိုးချမ်း(မုံရွာ)**

**မိုးရာသီတွင် စိုထိုင်းမှုများသဖြင့် မီးဖုတ်ရန် အဆင်မပြေသကဲ့သို့ နွေရာသီတွင်လည်း အပူချိန်မြင့်သဖြင့် အိုးများတွင် အနာအဆာဖြစ်မှုများ ....**

## သတင်းတိုများ

### မီးသတ်ဦးစီးဌာန အဆောက်အအုံသစ် ဆောက်မည့်နေရာအားစစ်ဆေး

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၂) ရပ်ကွက်ရှိ မီးသတ်ဦးစီးဌာနအတွင်း အဆောက်အအုံသစ်ဆောက်လုပ်မည့် မြေနေရာကို မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုးနှင့် တာဝန်ရှိသူများ ဧပြီ ၂၅ ရက်က ကြည့်ရှုစစ်ဆေးခဲ့ပြီး မီးသတ်စခန်းရှိ မီးသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၏ ကြံ့ခိုင်မှုအနေအထားနှင့် မီးသတ်တပ်ဖွဲ့ ဝန်ထမ်းလိုင်းခန်းများကိုပါ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

### ဘက်စုံထူးချွန်ဆုရရှိသော ကျောင်းသားနှစ်ဦးအား ဂုဏ်ပြု

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်ကျွန်းမြို့နယ်မှ ဘက်စုံပညာ ထူးချွန်ဆုရရှိသည့် တက္ကသိုလ်ဝင်တန်း ကျောင်းသား မောင်အောင်မြတ်သူနှင့် နဝမတန်း ကျောင်းသား မောင်သူရအောင်တို့အား ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်များပေးအပ်ပွဲကို ဧပြီ ၂၀ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိမ်းနှင့် တာဝန်ရှိသူများက ဆုငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **မော်ကျွန်းမြင့်အောင်**

Tah Lee Gold
စိန်ရွှေရတနာဆိုင်
ရွှေဆိုတာ မရှိဝမ်းစာ၊ ရှိတန်ဆာ..............
နိုင်ငံတကာစံချိန်မီ 99.99၊ Density 19.32 အရည်အသွေးရှိ ရွှေငါးမူးပြား၊ တစ်ကျပ်ပြားများကို
(အလျော့တွက်မပါ)လက်ခဖြင့် လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။


"ဆိုင်ဖွင့်ချိန်" နံနက်(၉)နာရီ မှ ညနေ(၆း၃၀)အထိ
အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

KMD Computer Centre
LCCI Level 1, 2, 3 (စာရင်းကိုင်သင်တန်းများ)
ဆရာသန့်ဇော်ဦးကိုယ်တိုင်သင်ကြားသည်။
28 - April - 2015
(Level -1,2) (Tue&Wed)
(10:30Am-1:00Pm)
Nov Exam
Series 2015
တန်းခွဲသစ်အားကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
အမှတ်(၃၃၁)၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ ဖုန်း-၅၂၇၄၃၆၊ ၅၃၄၁၇၀၊ ၅၀၂၂၃၃။

ဝန်ထမ်းအလိုရှိသည်။
ဆံပင်နှင့်မိတ်ကပ်အလှပြုပြင်ရေးဆိုင်တွင်
ဘက်စုံသင်ကြားပေးပြီး နေစရိတ်၊ စားစရိတ်
အပြီးအစီးဝန်ထမ်းအလိုရှိသည်။
ဆက်သွယ်ရန်– Ph : 09-36112291
09-450049686

MCC Training Institute
Certificate Number TH11/ 5707
American International Institute - AMII
မှ ချီးမြှင့်မည့်
" နိုင်ငံတကာအဆင့် စီမံခန့်ခွဲအုပ်ချုပ်မှု သင်တန်း"
ကျွမ်းကျင်သည့် စီမံခန့်ခွဲအုပ်ချုပ်သူ Manager ကောင်း
အဖြစ်လုပ်ကိုင်လိုသူများအတွက်


■ Certified Professional Manager "CPM"
Day: Sat, Sun only စာရင်းသွင်းအပ်နှံနိုင်ပါပြီ
MCC Training Institute (Yangon Campus), (Mandalay Campus)
Junction Square, Building (8), Second Floor, Pyay Road and Kyunttaw Street, Yangon Tel : 01-246634, 01- 2304156, 01-245762, 249152,
Yatanarpon Super Center - 78 Street, Between Corner 32 - 34 Road, Chan Aye Tharzan Township, Mandalay Tel : 011-202113, 09-91034062, 09-402671562

# တာချီလိတ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း အဆင့်တိုးမြှင့်

**တာချီလိတ် ဧပြီ ၂၇**

တာချီလိတ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းကို ၁၉၈၂ ခုနှစ်တွင် အရန်မီးသတ်တပ်ဖွဲ့အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ အစီအမံဖြင့် ခေတ်မီ ငါး ယူနစ်မီးသတ်စခန်းအဆင့်သို့ တိုးမြှင့်လိုက်ပြီဖြစ်ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုရန်ပုံငွေဖြင့် (၆၅×၅၂×၂၆)ပေ ရှိ နှစ်ထပ် မီးသတ်အဆောက်အအုံကိုလည်းကောင်း၊ (၆၀× ၃၀×၁၂)ပေရှိ တစ်ထပ် (လူပျိုဆောင်) တို့ကို တည်ဆောက်ပေးခဲ့ကာ တပ်ဖွဲ့ဝင်အင်အား ၁၉ ဦး၊ မီးသတ်ယာဉ်ငါးစီးဖြင့် ငါးယူနစ်မီးသတ်တပ်ဖွဲ့စခန်းအဆင့်သို့ တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။



တာချီလိတ်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်မှ ၁၉၉၆ ခုနှစ်တွင် ရဲသူရဘွဲ့ရတစ်ဦး၊ ရဲဗလသုံးဦး၊ ရဲကျော်စွာ နှစ်ဦး ချီးမြှောက်ခဲ့သည်။

စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့မှသည် သန္ဓေတပ်ဖွဲ့စခန်းဆီသို့ စေတနာအရင်းခံကာ အဆင့်ဆင့်တည်ထောင်ခဲ့သည့် တာချီလိတ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၏ ခန့်ညားထည်ဝါလှသော ငါးယူနစ်မီးသတ်စခန်းသစ်ကြီးကို မကြာမီ ကျရောက်တော့မည့် (၆၉) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ရန်ကုန်မြို့တွင် လေးလမ်းသွား ခုံးကျော်တံတား နှစ်စင်းတည်ဆောက်မည်

**ရန်ကုန် ဧပြီ ၂၇**

ရန်ကုန်မြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောကျပ်တည်းမှုကိုဖြေရှင်းနိုင်ရန်အတွက် လူကူးခုံးကျော်နှင့် ကားလမ်းကူးခုံးကျော်တံတားများ တည်ဆောက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်အတွင်း ကားလမ်းကူးလေးလမ်းသွား ခုံးကျော်တံတား နှစ်စင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီဘဏ္ဍာနှစ်ထဲမှာ မရမ်းကုန်းမြို့နယ်ရှစ်မိုင်လမ်းဆုံနဲ့ဗဟန်းမြို့နယ်ကုက္ကိုင်းလမ်းဆုံတွေမှာ ကားလမ်းကူးခုံးကျော်တံတားတွေ တည်ဆောက်သွားမှာပါ။ လေးလမ်းသွားခုံးကျော်တံတားတွေဖြစ်ပါတယ်။ ဒီနေရာတွေက လူသွားလူလာလည်း များတယ်။ ယာဉ်ကြောလည်းရှုပ်ထွေးတဲ့နေရာတွေဖြစ်တဲ့အတွက် ခုံးကျော်တံတားတွေ တည်ဆောက်ပေးရခြင်းဖြစ်ပါတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ရန်ကုန်မြို့တွင် ကားလမ်းကူးခုံးကျော်တံတားအဖြစ် ပန်းဆိုးတန်းခုံးကျော်တံတားမှစတင်ခဲ့ပြီးနောက် ခုံးကျော်တံတားများ ဆက်တိုက်တည်ဆောက်ဖွင့်လှစ်လျက်ရှိရာ ရွှေဂုံတိုင်ခုံးကျော်တံတား၊ လှည်းတန်းခုံးကျော်တံတား၊ ဘုရင့်နောင်ခုံးကျော်တံတား၊ မြေနီကုန်းခုံးကျော်တံတားများကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ ပန်းဆိုးတန်းခုံးကျော်တံတားမှအပ ကျန်ခုံးကျော်တံတားများသည် လက်ရှိနိုင်ငံတော်အစိုးရ လက်ထက်တွင် ဖွင့်လှစ်နိုင်ခဲ့သော ခုံးကျော်တံတားများဖြစ်သည်။ ရန်ကုန်မြို့တွင် ကားလမ်းကူးနှင့် စက်လှေကားများပါ လူကူးခုံးကျော် တံတားများ တည်ဆောက်ပေးလာနိုင်မှုနှင့်အတူ ယာဉ်ကြောကျပ်တည်းမှုကို အထိုက်အလျောက်ဖြေရှင်းလာနိုင်သည့်အပြင် မြို့ပြ၏ ဖွံ့ဖြိုးတိုးတက်မှု၊ သာယာလှပမှုတို့ကိုလည်း များစွာအထောက်အကူပြုလျက်ရှိသည်။

**ကြံတိုင်းအောင်**

# ကုန်စည်ဒိုင်သို့ဝင်သော သီးနှံ(၈၅)ရာခိုင်နှုန်းမှာ အမြင့်ဈေးဘက်သို့ ဦးတည်

**မုံရွာ ဧပြီ ၂၇**

သင်္ကြန်အပြီးကာလတွင်ပဲမျိုးစုံအပါအဝင် အခြားသီးနှံများသက်ဆိုင်ရာကုန်စည်ဒိုင်များရှိ ကုန်သည်များလက်သို့ အဝင်နည်းလာခြင်းနှင့်အတူ သီးနှံအမယ်စုံဈေးတက်လျက်ရှိရာ စိုက်ပျိုးသူတောင်သူများ၊ အရောင်းအဝယ်ပြုလုပ်ပေးသည့်ပွဲစား၊ အရောင်းအဝယ်ကုန်သွယ်မှုဆိုင်ရာ ပြုလုပ်နေကြသည့် ကုန်သည်ပွဲစားများ နိုင်ငံခြားဈေးကွက်အရောက် တင်ပို့ပေးနေကြသည့် အိတ်စပိုတာများအားလုံး အကျိုးသက်ရောက်မှုများလျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးသိန်းဦးထံမှ သိရသည်။

"ပဲနဲ့သီးနှံအမယ်စုံ ဈေးအတက်ကတော့ သင်္ကြန်အပြီးမှာ သီးနှံ ၈၅ ရာခိုင်နှုန်း လောက်ဈေးတက်သွားပါတယ်။ ဈေးတက်တာနဲ့အတူ ရောင်းအားဝယ်အားကောင်းနေတာက ပြည်ပအမှာတွေရှိနေတဲ့အတွက် အရောင်းအဝယ်သွက်နေတာပါ။ သွက်သလောက်ပစ္စည်းအဝင်က ထင်သလောက်မရှိသေးဘူးဖြစ်နေပါတယ်။ ဝယ်လက်တွေရှိနေပေမယ့် ရောင်းလက်ကထင်သလောက်မရှိသေးတာပါ။ အချို့ပြောကြတဲ့ ဧပြီလဝန်ထမ်းတွေလစာတက်လို့ဈေးတွေတက်တယ်ဆိုတာ မဟုတ်ပါဘူး။ အမှာရှိနေလို့သာ ဈေးတက်တာပါ။ အမှာမရှိတဲ့အခါ ဈေးတက်ရောင်းဖို့ဝယ်ဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ အခုဟာက အမှာလဲရှိနေတဲ့အတွက် ကုန်စည်ဒိုင်မှာ ရောင်းရေးဝယ်တာဖြစ်နေတာပဲဖြစ်ပါတယ်" ဟု ပြောပြသည်။

ပဲမျိုးစုံနှင့်အခြားသီးနှံတို့ကို ယခင်က အိန္ဒိယနိုင်ငံမှအမှာများရာမှ တရုတ်နိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှသာ အမှာရှိနေသောကြောင့် သင်္ကြန်အပြီးတွင်ဈေးတက်လာခြင်းဖြစ်ကြောင်း သိရသည်။ သင်္ကြန် မတိုင်ခင်ရှိနေသော ဈေးနှုန်းထက် တစ်ရက်ထက်တစ်ရက်ငွေကျပ် ၅၀၀ မှ ၁၀၀၀ အတွင်းတရိပ်ရိပ်တက်နေခြင်းများရှိသလို သင်္ကြန်မတိုင်ခင်က ဈေးထက် သင်္ကြန်အပြီးတွင် တစ်အိတ် ၇၀၀၀ ခန့်တက်သွားသော သီးနှံများလည်းရှိသည်။ ပြည်တွင်းစားသုံးအားမရှိဘဲ ပြည်ပအားကိုသာယူနေရသောပဲများအနေဖြင့်လည်း ယခုရက်ပိုင်းပြည်ပအဝယ်လိုက်နေခြင်းရှိသော်လည်း ရာသီဥတုဒဏ်ကြောင့် မိုးမှန်လေမိမှုများရှိသောကြောင့် ထင်သလောက်ဈေးကွက်အရောက် မတင်နိုင်မှုများ၊ ဈေးကွက်ရောက်နေသောပဲများ မိုးမှန်၍ဈေးနိမ့်ဖြင့်ရောင်းရမှုများလည်းရှိနေကြောင်း သိရသည်။ ထိုသို့မိုးပေါက်မှန်၍ ဈေးနိမ့်ဖြင့် ရောင်းနေရသော ပဲပင်လျှင် တက်ဈေးပေး၍အရောင်းအဝယ်ရှိသော ကာလဖြစ်ခြင်းကြောင့် ယခုနှစ်သင်္ကြန်အပြီးရောင်းရေးဝယ်ရေးလုပ်ငန်း ယခင်နှစ်ကထက် ပိုသွက်နေကြောင်း မုံရွာကုန်စည်ဒိုင်ရှိ တာဝန်ခံဦးကြည်လှိုင်ထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**


UK Degrees at STI

STI MYANMAR UNIVERSITY

School of Business

www.stiedu.net

BA (Hons) in Management
BA (Hons) in Finance
BA (Hons) in Logistics & Supply Chain Management
MBA

School of Engineering

BEng (Hons) in Civil Engineering
BEng (Hons) in Architectural Engineering
BA (Hons) Architectural Design
BSc (Hons) Construction Management

STI မှ အဆင့်မြင့်ဒီပလိုမာရရှိပြီးသူများ၊ HND, ABE အဆင့်မြင့်ဒီပလိုမာအောင်မြင်ပြီးသူများ BA (Hons) ဘွဲ့နောက်ဆုံးနှစ် တက်ရောက်နိုင်ပါသည်။






## မြေတူးစက် ငှားရန်ရှိသည်

Volvo 290 BLC ၃ စီး

ဖုန်း- ၀၉-၂၅၄၃၁၃၉၉၀ (ရန်ကုန်)

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးမြင့်အောင်+၁၏ ပိုင်ဆိုင်သော MV သစ္စာရွှေစင်ရေယာဉ်၏ (၆၀၃၆ A)၏ လုပ်ငန်းလိုင်စင်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၉၄၄၀၆

## "မြန်မာနိုင်ငံ အိမ် ၊ ခြံ ၊ မြေ ဝန်ဆောင်မှုအသင်း ပထမအကြိမ် အသင်းသားစုံညီ သင်းလုံးကျွတ် အစည်းအဝေး ဖိတ်ကြားလွှာ"

MRESA

၂၀၁၅ခုနှစ်၊ ပထမအကြိမ် အသင်းသားစုံညီ သင်းလုံးကျွတ် အစည်းအဝေးကို
အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်
အသင်းသူ၊ အသင်းသားများ တက်ရောက်ကြပါရန်
လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် * ၃၀-၄-၂၀၁၅ (ကြာသပတေးနေ့)
ကျင်းပမည့်အချိန် * နေ့လည် (၂း၀၀)နာရီ မှ (၄း၀၀)နာရီထိ
ကျင်းပမည့်နေရာ * မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အမှတ် (၂၉)။ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

မှတ်ချက်။ ။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းသူ/အသင်းသားအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ရုံးခန်း - အမှတ်(၁၂၃)၊ ပထမထပ်၊ အနော်ရထာလမ်းမကြီး၊ (၄၉) လမ်းဒေါင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၂၀၁၄၃၆ ၊ ၀၉ - ၃၁၃၂၈၂၇၂ Email : mresamyanmar2012@gmail.com, Facebook:mresamyanmar

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပဲခူးလမ်းရပ်ကွက်၊ ဦးစောဖိုးလမ်း၊ အမှတ် (၈၅) ဟုခေါ်တွင်သော အရှေ့မျက်နှာစာ (ပေ၄၀)× အနောက်အနံ (၃၈ပေ) အရှေ့မှအနောက် အလျား(၆၀/၃၈)ပေ အကျယ်ရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်များဖြစ်သော (၁) ဒေါ်မေမေလှ ၁၂/မဂဒ(နိုင်)၁၀၄၂၃၃ နှင့် ဒေါ်နှင်းနှင်းနု ၁၂/မဂဒ (နိုင်)၀၉၆၆၉၃ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများနှင့် ကန့်ကွက်လိုသူများသည် ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အောင်မြင်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးတင်မြင့် LL.B | ဒေါ်သန္တာရှိန် |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဥ်-၆၈၀၀) | (စဥ်-၃၃၁၉၅) |
| ဖုန်း-၀၉-၅၁၇၅၆၆၄ | ဖုန်း-၄၂၀၃၂၀၁၁၈ |

## ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈C ၁၊ မြေကွက်အမှတ် ၁၅၊ မြေကွက်တည်နေရာအမှတ် ၅၈၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ် ဦးမင်းလွင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဖြစ်သူ ဦးမင်းလွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ခင်စိန် ၁၃/ရစန(နိုင်)၀၀၆၃၂၀ မှ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# အလောင်းမင်းတရားနှင့် ရွှေဘို

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်တွင် နိုင်ငံတော်ကို တစည်းတလုံးတည်းရှိနေစေရန် ဦးဆောင်စည်းရုံးနိုင်ခဲ့သည့် မင်းသုံးပါးရှိခဲ့သည်။ အနော်ရထာမင်းကြီးအား ပထမမြန်မာနိုင်ငံတော်ကို ဦးဆောင်ခဲ့သူအဖြစ်လည်းကောင်း၊ ဘုရင့်နောင်အား ဒုတိယမြန်မာနိုင်ငံတော်ကို ဦးဆောင်ခဲ့သူအဖြစ်လည်းကောင်း၊ ဦးအောင်ဇေယျအား တတိယမြန်မာနိုင်ငံတော်ကို ဦးဆောင်ခဲ့သူဟုလည်းကောင်း သမိုင်းပညာရှင်များက သတ်မှတ်ခဲ့ကြသည်။


မြန်မာတို့သည် သမိုင်းအစဉ်အဆက်တစ်လျှောက် ဘုရင်အုပ်ချုပ်မှုစနစ်ကို ကျင့်သုံးခဲ့ကြရာ မြန်မာတို့၏ နောက်ဆုံးကုန်းဘောင်မင်းဆက်သည် မြန်မာသက္ကရာဇ် ၁၁၁၄ ခုနှစ်မှ စတင်၍ ကိုယ့်ထီး ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဆုံးရှုံးခဲ့ရပြီး နယ်ချဲ့တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်ခဲ့ရသည့် ၁၂၄၇ ခုနှစ်အထိ နှစ်ပေါင်း ၁၃၃ နှစ်ခန့် သက်တမ်းရှည်ကြာခဲ့ပေသည်။ ထိုမင်းဆက်ကို ငါးမည်ရခဲ့သည့် ကုန်းဘောင်မှ စတင်ခဲ့သဖြင့် ကုန်းဘောင်မင်းဆက်ဟု ခေါ်တွင်ခဲ့သည်။ ကုန်းဘောင်မင်းဆက်ဘုရင်တို့သည် မြန်မာပဒေသရာဇ်ခေတ်၏ နောက်ဆုံးမင်းများဖြစ်ကြပြီး နှစ်ပေါင်း ၁၃၃ နှစ်အတွင်း မင်း ၁၁ ပါး ထီးနန်းစိုးစံခဲ့ကြသည်။ ထိုသို့စိုးစံခဲ့ကြရာတွင် မြန်မာနိုင်ငံတော်အား အလောင်းမင်းတရားဦးအောင်ဇေယျက ရှစ်နှစ်၊ နောင်တော်ကြီးက သုံးနှစ်၊ ဆင်ဖြူရှင် မြေဒူးမင်းက ၁၃ နှစ်၊ စဉ့်ကူးမင်းက ငါးနှစ်၊ ဖောင်းကားစားမောင်မောင်က ခုနစ်ရက်၊ ဘိုးတော်ဘုရား ဗဒုံမင်းက ၃၇ နှစ်၊ ဘကြီးတော် စစ်ကိုင်းမင်းက ၁၉ နှစ်၊ သာယာဝတီမင်းက ကိုးနှစ်၊ ပုဂံမင်းက ခြောက်နှစ်၊ မင်းတုန်းမင်းက ၂၆ နှစ်နှင့် သီပေါမင်းက ခုနစ်နှစ် အုပ်ချုပ်ခဲ့ကြသည်။ ထိုမင်းများတွင် စွမ်းရည်သတ္တိ၊ ဉာဏ်အမြော်အမြင် ပြည့်စုံသောမင်းများ ပါရှိသကဲ့သို့ မင်းသာမန်များ၊ မင်းညံ့များလည်း ပါဝင်ခဲ့ပေသည်။

ပုဂံဝန်ထောက် ဦးတင်ရေးသားခဲ့သည့် မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း ဒုတိယတွဲတွင် မြန်မာရာဇဝင်၌ ညံ့ဖျင်းသော မင်းသုံးပါးအုပ်စိုးစဉ် တိုင်းပြည်ပျက်ခဲ့ရပုံကို အကျယ်တဝင့်ရေးသားထားခဲ့ရာ ထိုမင်းညံ့များထဲတွင် ကုန်းဘောင်ဆက် နောက်ဆုံးမင်းလည်း ပါဝင်ခဲ့သည်။ သို့သော်လည်း ကုန်းဘောင်မင်းဆက်များတွင် အလောင်းမင်းတရား၊ ဆင်ဖြူရှင်၊ ဘိုးတော်ဘုရားနှင့် မင်းတုန်းမင်းတို့သည် မြန်မာတို့ ဂုဏ်ယူပြောပလောက်သော မင်းများဖြစ်သည်ဟု စာရေးဆရာကြီး ညိုမြကသူ၏ ထင်ရှားလှသည့် ကုန်းဘောင်ရှာပုံတော်စာအုပ်တွင် ရေးသားခဲ့သည်။

အလောင်းမင်းတရားလက်ထက်တွင် မြန်မာနိုင်ငံတော်သည် အရှေ့မြောက်တွင် ယူနန်နယ်အထိ၊ အရှေ့ဘက်တွင် ဇင်းမယ်အထိ၊ အရှေ့တောင်တွင် အယုဒ္ဓယအထိ၊ အနောက်မြောက်တွင် မဏိပူရ၊ အာသံအထိ ကျယ်ဝန်းခဲ့သော အင်ပါယာကြီးကို ပိုင်ဆိုင်ခဲ့ပေသည်။ ထိုသို့ကျယ်ဝန်းသော အင်ပါယာကို မထူထောင်မီက ဦးအောင်ဇေယျသည် တတိယမြန်မာနိုင်ငံတော်ကို ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အကြား တမ္ဗဒီပဟုခေါ်သော နေရာလေးတွင် စတင် အခြေပြုခဲ့သည်။ မြန်မာသက္ကရာဇ် ၁၁၁၅ ခုနှစ် ( ခရစ်နှစ် ၁၇၅၃ ခုနှစ်)တွင် ဦးအောင်ဇေယျသည် တမ္ဗဒီပနယ်မြေကို အုပ်ချုပ်ခဲ့သည်။ ထိုအချိန်က ဦးအောင်ဇေယျ၏ နယ်မြေသည် တာ ၄၇၀ မျှသာရှိသော မုဆိုးဘိုဒေသကို ထန်းလုံးတိုင်များ တိုင်ထူ၍ ဆောက်လုပ်ထားသော ထန်းလုံးတပ်သာ ဖြစ်ခဲ့သည့်အတွက် ဦးအောင်ဇေယျသည် အခြားတစ်ပါးသော ထီးဆောင်းမင်းအပေါင်းတို့ စေလွှတ်အပ်သော သံတမန်တို့ရောက်ရှိလာလျှင် ပျူငှာသော လောက ဝတ်ပြုနိုင်ရန် ရည်ရွယ်လျက် ထိုနေရာတွင် မြို့သစ် တည်ထောင်ရန် ပြင်ဆင်ခဲ့ပြီး နောင်အခါတွင် ရွှေဘိုဖြစ်လာမည့် နန်းမြို့ကို ထူထောင်ခဲ့သည်။ အလောင်းမင်းတရား ဦးအောင်ဇေယျတည်ထောင်ခဲ့သည့် ရွှေဘိုသည် အမည် ငါးမျိုးရခဲ့ရာ (၁) ကုန်းဘောင် (၂) ရန်ကြီးအောင် (၃)ရတနာသိင်္ခ (၄)မုဆိုးဘို (၅) ရွှေဘိုဟူ၍ ဖြစ်ပေသည်။

ဦးအောင်ဇေယျ၏ အထက် ရှေးမင်းဆက်တို့ကို ဟံသာဝတီမင်းတို့ ဖျက်သဖြင့် သတိုးအန္တယ်တို့ ပြတ်ခဲ့သည်။ ဟံသာဝတီမင်းတို့ကို ရေနှင့်နှိုင်းကာ ရေကို ဖြတ်သန်းလွှမ်းမိုးရန် ကုန်းဘောင်ဖြင့် ဖြတ်ကျော်ရသကဲ့သို့ ပြတ်သွားသော သတိုးအန္တယ်များကို ကုန်းဘောင်ဖြင့် ပြန်ဆက်သည်ဆိုသည့် အဓိပ္ပာယ်ဖြင့် ရွှေဘိုကို ကုန်းဘောင်ဟု ခေါ်တွင်ခဲ့သည်။ ရတနာသိင်္ခဟူ သည်ကား ဦးအောင်ဇေယျသည် မြန်မာပြည် အရပ်ရပ်ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ပြီးနောက်တွင် ရတနာအပေါင်းသည် မုဆိုးဘိုတွင် လာရောက်စုစည်းခြင်းကို ရည်ညွှန်းကာ မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။ မုဆိုးဘို အမည်သည်ကား ရှေးမဆွကပင်ရှိခဲ့သော အမည်ဖြစ်သည်။ ပုဂံနရပတိစည်သူမင်း တိုင်းခန်းလှည့်လည်စဉ် ယခု ရွှေဘိုဒေသအရောက်တွင် ငပို အမည်ရှိသော မုဆိုးအား ပိုမြေအပိုင်းအခြားနယ်နိမိတ်ကို ပေးခဲ့ရာမှ မုဆိုး ငပိုက မုဆိုးပိုမြို့ကို ထူထောင်ခဲ့သည်။ ကာလရွေ့လျောသောအခါ မုဆိုးပိုမှ မုဆိုးဘို ဖြစ်လာခဲ့သည်။ ရွှေဘိုဟူသည့် အမည်နာမသည်လည်း မုဆိုးပိုကို သုတိသာစေရန် ရွှေပို ဟုခေါ်ဆိုကြရာမှ ခေတ်ကာလကြာရှည်လာသောအခါ ရွှေပိုမှ ရွှေဘိုဖြစ်လာခဲ့ပေသည်။

ရွှေဘိုမြို့သည် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၁၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၇ မိနစ်တွင် တည်ရှိသည်။ ရွှေဘိုမြို့နယ်သည် အကျယ်အဝန်း ၅၇၁၄ စတုရန်းမိုင် ရှိသည်။ ရတနာသိင်္ခနယ်၏ နယ်နိမိတ်ကို ဇမ္ဗူ့ဒီပ ဦးဆောင်းကျမ်းတွင် "အရှေ့ကိုလားသော် စည်လှုအင်ပင်မြစ်ညာ၊ တောင်ကိုလားသော် မလ္လာဂီရိ၊ အနောက်ကိုလားသော် ဇေတဝန်ကျောင်းကြီး၊ မြောက်ကိုလားသော် အက္ကပတ်ဌာနေ" ဟု ဖော်ပြထားသည်။




အလောင်းမင်းတရား ဦးအောင်ဇေယျအား ၁၇၁၄ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် အိမ်ခြေ သုံးရာမျှသာရှိသည့် မုဆိုးဘိုရွာလေးတွင် မြေပိုင်ရှင် မိဘနှစ်ပါးမှ မွေးဖွားခဲ့သည်။ အသက် ၃၇ နှစ်တွင် မုဆိုးဘိုနှင့် အနီးဝန်းကျင်ရွာများ၏ အကြီးအကဲဖြစ်လာခဲ့သည်။ ၁၇၅၂ ခုနှစ် မတ်လတွင် ဟံသာဝတီတပ်များက အင်းဝကို သိမ်းပိုက်လိုက်ပြီး ဒုတိယမြန်မာနိုင်ငံတော်ကြီး ပျက်စီးခဲ့ရသည်။ ထိုချိန်တွင် ဦးအောင်ဇေယျသည် မုဆိုးဘိုရွာတွင် ထန်းလုံးတပ်ကို ဆောက်လုပ်လျက် လက်ရွေးစင်သူရဲကောင်း ခြောက်ကျိပ်ရှစ်ယောက်တို့နှင့် ၄၆ ရွာမှ တပ်သားရဲမက်များ၏ အားကိုယူကာ တတိယ မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်ခဲ့သည်။ ထန်းလုံးတပ်ဟုပင် ဆိုငြားသော်လည်း ပစ္စင်၊ ရင်တား၊ ကတုတ်၊ သရဲခိုစသော မြို့အင်္ဂါရပ်များနှင့်အညီ ရန်သူများကို ကြီးစွာ အောင်မြင်သောမြေ၊ ရန်ကြီးအောင်ဟု နိမိတ်ယူကာ မြို့တည်ခဲ့ခြင်းဖြစ်ပေသည်။ ဦးအောင်ဇေယျသည် မြန်မာနိုင်ငံမြောက်ပိုင်းမှ ဂုဏ္ဏအိမ်နှင့် မြန်မာနိုင်ငံ တောင်ပိုင်းမှ ဟံသာဝတီတပ်များကို တိုက်ခိုက်ကာ မြန်မာနိုင်ငံတော်ကြီးကို တစည်းတလုံးတည်း ပေါင်းစည်းနိုင်ရန် စည်းရုံးထူထောင်နိုင်ခဲ့သည်။

***ဆက်လက်ဖော်ပြပါမည်***

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်အောင်ကိုကိုမင်း ၁၂/ဥကမ(နိုင်)၂၂၆၁၆၀၏ပတ်(စ်)ပို့ ၂၁၃၅၁၂ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
အမှတ် ၈၃၄၊ နှယ်နီ ၁၅ လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်

**အမည်မှန်**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နေ မပြည့်သော်ခင် သတ္တမတန်း အထက(၂)၏ ဖခင်အမည်မှန်မှာ ဦးမောင်လှတင် ၁၀/ကတန(နိုင်)၀၂၉၄၇၉ ဖြစ်ပါသည်။
ဦးမောင်လှတင်

**မြေကွက်များဝယ်လိုသည်**

ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊ ၀၉-၂၆၀၆၆၄၄၉၀

**TEDIM ASSOCIATION (Ygn) သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်**

တီးတိန်မြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ် အစည်းအဝေးကို မေလ(၁)ရက် ၂၀၁၅-ခု၊ မွန်းလွဲ(၁း၀၀)နာရီ အချိန်တွင် မြေနီကုန်း၊ ဓမ္မာရုံလမ်းရှိ No.81, Faith Baptist Theological Seminary ၌ ပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဗိုတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ စိတ်ဝင်စားသူတိုင်း လာရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။
တီးတိန်မြို့နယ်အသင်း(ရန်ကုန်)

GUSTO International College

➡ ယနေ့ ၂၁ရာစုမှာ အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာ ပညာရှင် ဖြစ်လိုပါသလား?
➡ နိုင်ငံတကာ တက္ကသိုလ်ကြီးများမှ B.Sc.(Hons:) Computing ဘွဲ့ကို ပြည်တွင်း၌ အချိန်တိုအတွင်း စရိတ်သက်သာစွာဖြင့် ရယူလိုပါသလား?

တက္ကသိုလ်ဝင်တန်းဖြေဆိုထားပြီးသူများ MAY Intake အတွက် ကျောင်းလျှောက်ထားနိုင်ပါပြီ။



International Diploma/ Degree Program
HND Diploma in Computing (UK)
B.Sc.(Hons:) Computing (UK)

University Progression
Teesside University | UWE Bristol University of the West of England | University of Huddersfield | uclan | University of Portsmouth

Admission Office : # 289 (A) Pyay Road, Sanchaung Tsp., Yangon.
CALL NOW! 09- 8628806, 09-73031302

# ယဉ်ကျေးမှုစရိုက်လက္ခဏာများ တွေ့မြင်ရမည့် အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ

**နေပြည်တော် ဧပြီ ၂၇**

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲများကို နေပြည်တော်ရေဆင်းတက္ကသိုလ်များနယ်မြေတွင် မေ ၇ ရက်တွင် ကျင်းပတော့မည်ဖြစ်သည်။

ယခု (၂၁)ကြိမ်မြောက် အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကို ဧပြီ ၇ ရက်မှ ၁၃ ရက်အထိ ပြိုင်ပွဲရက်အဖြစ် သတ်မှတ်ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲများပြီးဆုံးသွားပါက ကဏ္ဍအလိုက် ဆုပေးပွဲများ ကျင်းပသွားမည်ဖြစ်သည်။ နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေတွင် ပြိုင်ပွဲကျင်းပနေချိန်၌ မြန်မာ့ရိုးရာ ဆိုင်းသံ ဗုံသံများဖြင့် အလွန်ပင် ကျက်သရေရှိလှသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင်စသော အနုပညာရပ်များအခြေတည်တဲ့ပြီး မြန်မာနိုင်ငံတစ်နံတစ်လျား ပြည်နယ်/ တိုင်းဒေသကြီးအားလုံး၌ အခြေခိုင်မာ တည်တံ့ပြန့်ပွားရေး မြန်မာ့အနုပညာ ရပ်များကို လက်ဆင့်ကမ်း သယ်ဆောင်သွားသည့် အနုပညာရှင် မျိုးဆက်သစ်များပေါ်ထွန်းလာ၍ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေးစရိုက် လက္ခဏာများ ထာဝစဉ်ရှင်သန်ရေးစသည့် မွန်မြတ်သော ရည်မှန်းချက်များဖြင့် နိုင်ငံတော်က တာဝန်ယူကျင်းပခဲ့သည်မှာ (၂၁) ကြိမ်မြောက် ပြိုင်ပွဲကျင်းပသော ကာလသို့ပင် ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

အဆိုပါပြိုင်ပွဲကြီးတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ရင်းနှီးချစ်ကြည်စွာ တွေ့ဆုံကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်း၊ အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများကို ချစ်ခင်မြတ်နိုးထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် တူညီသော စိတ်ဓာတ်၊ ညီညာသော စိတ်ထား၊ ညီညွတ်သောရပ်တည်မှုများဖြစ်ထွန်းလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအခြေခံသည့် မျိုးချစ်စိတ်ဓာတ် စွမ်းအားများပိုမိုခိုင်မာစေရန် နှစ်စဉ် အလေးအနက်ထား ကျင်းပနေခြင်းဖြစ်သည်။ ထိုသို့ပြိုင်ပွဲကြီးများ ကျင်းပခြင်းကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ဘာသာစကား၊ ယဉ်ကျေးမှုစရိုက် လက္ခဏာများကို နှီးနှောဖလှယ်ရာလည်းဖြစ်သကဲ့သို့ လူမှုဆက်ဆံရေး အမြင်များလည်း ကျယ်ပြန့်လာမည်ဖြစ်သည်။

**သန်းဦး(လေးမျက်နှာ)**



# ယခုနှစ် ဆီးသီးအထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရ

**မုံရွာ ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ယင်းမာပင်မြို့နယ်နှင့် ကနီမြို့နယ်အတွင်း ကျေးရွာများတွင် ဆီးပုလဲကို အများဆုံးစိုက်ပျိုးကာ ဆီးသီးခြောက်အဖြစ် ရောင်းချလျက်ရှိကြောင်း သိရသည်။

ဆီးသီးရောင်းချမှု အခြေအနေနဲ့ပတ်သက်ပြီး ယင်းမာပင်မြို့နယ်အတွင်းရှိ ညောင်ကိုင်း(အရှေ့)ရွာမှ ဆီးစိုက်တောင်သူတစ်ဦးက "ကျွန်တော်တို့ရွာမှာ ဆီးသီးကနတ်တော်လောက်ဆိုရင် ပေါ်ပြီး တပို့တွဲလပြည့်ကျော်လောက်ဆိုရင် ကောက်လို့ရတဲ့ ဆီးသီးတွေကို ဆန်ခါတွေနဲ့ သန့်စင်ပြီး ခြောက်အောင် နေလှန်းရပါတယ်။ ဆီးသီးကောက်ဖို့အတွက် လူငှားတွေက ကိုယ့်စရိတ် ကိုယ်စားတစ်ရက်ကို ငွေကျပ် ၂၅၀၀ လောက်ပေးရတယ်။ မနှစ်က ဆီးသီးဈေးက တစ်ပိဿာ ငွေကျပ် ၂၀၀ လောက်အထိရတယ်။ ဒီနှစ်ကတော့ အခု ငွေကျပ် ၁၁၀ ဈေးပေါက်နေတယ်။ ကျွန်တော်တို့ရွာကနေ ပွဲရုံအရောက် ကားခက တစ်ပိဿာ ငွေကျပ် ၂၀ ပေးရတယ်။ ကျွန်တော်တို့ မနှစ်က အရောင်းမြန်တော့ ငွေကျပ် ၂၀၀ ဈေးမီလိုက်တယ်။ တချို့လူတွေဆို နောက်ပိုင်း ငွေကျပ် ၁၅၀ လောက်ထိ ပဲရကြတယ်။ ရွာက တချို့လူတွေဆို ဈေးကောင်းမျှော်ပြီး မရောင်းဘဲလှောင်ထားတဲ့သူတွေ ရှိကြတယ်။ အဲဒီဆီးသီးတွေက နှစ်ချို့ဖြစ်သွားတော့ အခုနေရောင်းရင်လည်း ဈေးကောင်းမရတော့ဘူး။ ဒီနှစ်မိုးနည်းတော့ ဆီးကအထွက်နှုန်း ကောင်းပေမယ့် အသီးထဲမှာ အသားထည့်နည်းတဲ့အတွက် အချိန်လျော့တယ်။ ကျွန်တော်တို့လည်း ဆီးသီးဈေးတက်မလားလို့ မရောင်းသေးဘဲထားတာပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါ ဆီးသီးခြောက်များကို ပွဲရုံများမှတစ်ဆင့် ဒေသတွင်း စားသောက်ကုန်လုပ်ငန်းများနှင့် ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မြင်းမူမြို့တွင် တည်ဆောက်ရန်ကျန်ရှိနေသည့် ဧရာဝတီမြစ်ရေထိန်းတမံများပြီးစီးရန်မြို့သူမြို့သားများမျှော်လင့်

**မြင်းမူ ဧပြီ ၂၇**

မြင်းမူမြို့တွင်ရပ်ကွက်ပေါင်းများစွာ ရှိသည့်အနက် အာသောကရပ်ကွက်၊ ဘုရင့်နောင်ရပ်ကွက်၊ မင်းရဲကျော်စွာ ရပ်ကွက်၊ ညောင်ဦးဖီးရပ်ကွက်တို့မှာ ဧရာဝတီမြစ်ကမ်းဘေးနှင့် အနီးကပ်ဆုံးဖြစ်နေပြီး အဆိုပါ ရပ်ကွက်တို့သည် ဧရာဝတီမြစ်ရေလျှံပါက ရပ်ကွက်များအတွင်းသို့ ရေများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

မြစ်ရေဝင်ရောက်မှုမှာ ၂၀၀၂ နှစ်က အဆိုးရွားဆုံးဖြစ်ခဲ့ပြီးနောက်ပိုင်းတွင် ဧရာဝတီမြစ်ရေထိန်းတမံများ တည်ဆောက်ပြုလုပ်ခဲ့သော်လည်း မြစ်နှင့်ဆက်စပ်နေသည့် ရပ်ကွက်များအားလုံးကို ပြီးစီးအောင် ပြုလုပ်ပေးနိုင်ခြင်း မရှိသေးကြောင်း သိရသည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မြို့နယ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ မေတ္တာရွှေရည်ကုမ္ပဏီကို ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်ခွင့်ပေးခဲ့သော်လည်း ပေနှစ်ရာ၊သုံးရာကျော်သာပြီးစီးခဲ့ကြောင်း သိရသည်။

မြင်းမူမြို့တွင် ဧရာဝတီမြစ်ရေတိုက်စားမှု မကြာခဏ ဖြစ်ပေါ်လျက်ရှိရာ ပျက်စီးသွားသည့် နေရာတစ်ဝိုက်တွင်သာ ထိန်းသိမ်းပြုပြင်မှုများ ပြုလုပ်နေပြီး ကျန်နေရာများကို လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ မြစ်ရေလျှံတက်လာပါက ပြုပြင်ထိန်းသိမ်းခြင်းမရှိသော နေရာများမှ တစ်ဆင့် မြို့အတွင်းသို့ ရေများ ဝင်ရောက်လာနိုင်သဖြင့် မြို့သူမြို့သားများက စိုးရိမ်လျက်ရှိနေကြောင်း သိရသည်။

ထို့ကြောင့် ဧရာဝတီမြစ်ရေနှင့် ဆက်စပ်လျက်ရှိနေသည့်ရပ်ကွက်များမှ တစ်ဆင့်မိုးရာသီမြစ်ရေကြီးချိန်တွင် တစ်မြို့လုံးသို့ မြစ်ရေများ ဝင်ရောက်လာပြီး ဒုက္ခတွေ့နိုင်သောကြောင့် မြင်းမူမြို့ကမ်းနားလမ်းတစ်လျှောက်ရှိ မြစ်ရေထိန်းတမံများ အချိန်မီပြီးစီးအောင် တာဝန်ရှိသူများက ပြုပြင်ပေးစေလိုကြောင်း မြို့နေပြည်သူများ၏ ပြောပြချက်အရ သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**




**ယာဉ်မှတ်ပုံတင်မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၃၄ယ/၁၀၇၂၂ Honda Wave-S 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နေဇာဦး ၁၀/မဒန(နိုင်)၁၆၄၈၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

ဖြောင့်စင်းလှပစိတ်တိုင်းကျရမည်...

ဒလ္လာရီ

အထူးဆံပင်ဖြောင့်ဆိုင်

ဆံပင်လုံးဝပကျွတ်စေရ

Ph: 09-73048685

- ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)
- ဖယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂- နှစ်အာမခံ

ကာလာ၊ပေါင်း၊ပုလဲ၊ညှပ်မေတ္တာလက်ဆောင်

ရွှေတိဂုံဘုရားလမ်း(ဆောက်လုပ်ရေးမှတ်တိုင်အနီး)ဒဂုံပန်းခြံအတွင်း၊ဒဂုံမြို့နယ်၊ရန်ကုန်မြို့။

**Vehicle Tracking System (Real Time/Offline)**

**Complete with GPS + Map**

dp MAPS

Update များ အမြဲပြုလုပ်နေသော GIS Map

မော်တော်ယာဉ်များ သွားလာခဲ့သည့် လမ်းကြောင်း ရပ်နားခဲ့သည့် နေရာနှင့် ကြာချိန်၊ စတင်ရပ် နားချိန်၊ အမြန်နှုန်း၊ ဆီကီလိုတို့ သိရှိနိုင်မည်။ Real Time စနစ်ဖြင့် သုံးလျှင်ကား ရောက်နေသည့် နေရာကို အချိန်နှင့်တပြေးညီ လိုက်ကြည့်နိုင်၍ကား ချက်ချင်း သွားခဲ့သည့်လမ်းကြောင်းကို လည်းပြန်လည် ကြည့်နိုင်မည်။ လက်ရှိနေသော Outlet အပြင် ထပ်မံဖြန့်ဖြူးနိုင်ရန် Outlet Data အမည်၊ ဓာတ်ပုံ၊ ဆက်သွယ်ရန် အသစ်များကို ပုဂ္ဂိုလ်၊ ဖုန်းနံပါတ်၊ ရောင်းချသည့်ကုန်ပစ္စည်း နှင့် GPS Point များပါ ဖြန့်ဖြူးတိုးချဲ့ ဆိုင် လိပ်စာ၊ ရပါပြီ။

etrex 10

ကျွန်တော်က ထားဝယ် လူထုအခြေပြုအဖွဲ့အစည်း (CSO) ကပါ GPS ကိုမြေတိုင်းတဲ့နေရာမှာ အဓိကသုံးပါတယ်။ ယခင်က လယ်ကွက်များကို တိုင်းဖို့အတွက် ကြိုးများနဲ့ လှည့်ပတ်တိုင်းရလို့ လူပင်ပန်း၊ အချိန်ကုန် ဖြစ်ခဲ့ရပါတယ်။ DPS မှ GPS များ ဝယ်ယူပြီး တိုင်းတာမှ မိနစ်ပိုင်းပဲ အချိန်ကုန်ပြီး၊ လူသက်သာလို့ အခြားအလုပ်တွေ ပိုလုပ်နိုင်ပါတယ်၊ ကျွန်တော်အရမ်းကြိုက်တာ တစ်ခုက လူရော GPS ပါ ရေထဲပြုတ်ကျတာ GPS ထဲ ရေလုံးဝမဝင်ပါဘူး။ အဲဒါကြောင့် DPS မှ GPS အလုံးရေများစွာ ဝယ်ယူပြီး ကျယ်ကျယ် ပြန့်ပြန့် လုပ်ဆောင်နေပါတယ်။

ဦးစောကဖိုးကရင်
(CSO) လူထုအခြေပြုအဖွဲ့အစည်း

165, 35th St, Kyauktada Township,
Yangon, Myanmar.
Tel: 204020, 245230, 700541, 095030177
Email: admin@dpsmap.com
Website : www.dpsmap.com

**ယာဉ်မှတ်ပုံတင်မိတ္တူ ပျောက်ထားခြင်း**

ယာဉ်အမှတ် ၂ဟ/၁၈၉၁ Lifan LF-175 ZHz ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၁၀/မလမ(နိုင်) ၀၄၇၅၂၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးမောင်မောင် ၉/ရမသ(နိုင်)၀၄၂၄၁၂ နှင့် ဒေါ်ဝါဝါစိုး ၉/ရမသ(နိုင်)၀၄၂၄၁၃တို့၏ ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ **သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**ကို အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးမောင်မောင်နှင့် ဒေါ်ဝါဝါစိုးတို့၏သား **မောင်မြတ်မင်းမောင်** ၉/မထလ(နိုင်)၀၀၁၅၂၉ သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို နာခံမှုမရှိသည့်အပြင် မိဘများအား များစွာစိတ်ဆင်းရဲစေပြီး မိမိသဘောဆန္ဒအလျောက်ပြုမူသွားခဲ့ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ-

| | |
|---|---|
| ဦးခင်မောင်လတ် | ဒေါ်ချယ်ရီအောင် |
| B.A(Law), LL.B(Advocate) | LL.B, D.B.L, D.I.L, D.M.L |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၄၂၈၃) | အထက်တန်းရှေ့နေ (စဉ်-၃၈၉၉၀) |

အမှတ် ၁၀/၁၂၊ အခန်း H၊ ပထမထပ်၊ ၃၅ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၂၅၁၁၀၇၇၃၃၊ ၀၉-၃၁၉၁၁၃၆၃၊ ၀၉-၄၂၁၀၄၆၆၅၀

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက်

## ကမ်းနားလမ်းဘဏ်ခွဲ (၆ – ထပ်ရုံး)

Strand Square (ယခင် ၆–ထပ်ရုံး)၊ အမှတ်(၅၃)၊ (၃၂)လမ်းနှင့်ကမ်းနားလမ်းထောင့်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁) ၂၃၀၇၀၆၂၊ ၂၃၀၇၀၆၃၊ ဖက်စ်(၀၁) ၂၃၀၇၀၆၉၊ ၂၃၀၇၀၇၁

## စလင်းမြို့ဘဏ်ခွဲ

အမှတ်(၅၅/၅၉)၊ နရပတိစည်သူလမ်း၊ ဈေးမရပ်ကွက်၊ စလင်းမြို့၊ မင်းဘူးခရိုင်၊ မကွေးတိုင်းဒေသကြီး။
ဖုန်း(၀၆၃) ၄၂၄၁၅၊ ၄၂၄၁၆၊ ဖက်စ်(၀၆၃) ၄၂၄၁၈၊ ၄၂၄၁၉

## ရွှေပြည်သာဘဏ်ခွဲ (၂)

အမှတ်(၅/၄–၁၅၇)၊ မိုလ်ချုပ်လမ်းနှင့်ခိုင်မာလာလမ်းထောင့်၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁) ၉၆၁၅၀၆၅၊ ၉၆၁၅၀၆၆၊ ဖက်စ်(၀၁) ၉၆၁၅၀၆၉၊ ၉၆၁၅၀၇၀

**တို့ကို (၂၈.၄.၂၀၁၅) အင်္ဂါနေ့တွင် ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း
မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

# စွယ်တော် စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်






■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊ သီရိရတနာ လက်လီလက်ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင် တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ **Royal Mingalardon Golf Resort** တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အခြာကျသောနေရာ ဖြစ်သည်။



■ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေဧက (၃၀)ပေါ်တွင်တည်ဆောက်သွားမည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ရစေမည့် စုပေါင်းအိမ်ရာ ဖြစ်သည်။


■ ထိုင်းနိုင်ငံ **G4 Architect** မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ ခေတ်မီ **Post -Tensioned** စံနစ်ဖြင့် **10" Concrete Slab**၊ ငလျင်ဒဏ်ခံနိုင်သည့် **Shear wall** များ ထည့်သွင်း ဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီးအဆောက်အဦတိုင်းတွင် **2500 sq-ft** ခန့် ကျယ်ဝန်းသော **Lobby** ပါရှိပါမည်။




900 sq-ft for 2 Bedrooms
1300 sq-ft for 3 Bedrooms

■ အဆောက်အဦတိုင်းတွင် **Schindler** အမျိုးအစား ဓာတ်လှေကား (၄)စီး၊ **Security System, CCTV, Fire protection & Fire alarm system,Back up Generator system**များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း**Under ground cable** များ ကိုသာအသုံးပြုသွားပါမည်။

■ ရေကူးကန်များ၊စားသောက်ဆိုင်၊ **Fitness center**၊ **SPA**၊ **Steam**၊ **Sauna**၊ **Jacuzzi**၊ **Convenience Store**၊ကလေးကစားကွင်း၊ဘတ်စကက်ဘောကွင်းနှင့် လူ(၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမများ ပါဝင်သော**Clubhouse** တစ်ခု ပါဝင်ပါမည်။






■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့်အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် နေရာများ အလုံအလောက် ပါဝင်ပါသည်။




Starting from
(တစ်)ပေပတ်လည်လျှင်
ကျပ်
၇၅,၀၀၀

Early Register Now!

ဆက်သွယ်ရန် - ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ် (၂၄၅)၊ဗားကရာလမ်း၊ မြေနီကုန်း၊စမ်းချောင်း၊ရန်ကုန်မြို့။ ဖုန်း ၀၁ - ၅၁၆၅၃၃၊ ၅၁၆၅၃၄၊ ၅၁၆၅၃၅၊ ၅၁၆၅၃၆

# အဆိုပြုတင်ဒါခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒိုက်ဦးမြို့၊ မင်းတဲရပ်ကွက်၊ (၁)လမ်းနှင့် ပိတောက်ရွှေဝါလမ်းကြားတွင် မြို့သစ်ဈေးအဖြစ်ဆောင်ရွက်မည်ဖြစ်ပါ၍ ဈေးသစ်ဆောက်လုပ်ရန် ဆောင်ရွက်လိုသူများသည် ၂၇-၄-၂၀၁၅ရက်မှ ၂၆-၅-၂၀၁၅ ရက်အထိ (၃၀)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**ဒိုက်ဦးမြို့**
**ဖုန်း-၀၅၂-၄၀၀၁၁**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနတည်ဆောက်ရေးအဖွဲ့(၂)

၁။ လမ်းစီမံကိန်းအထူးအဖွဲ့(၁၀)၊ ဟားခါးမြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်/တိုင်းဒေသကြီးရန်ပုံငွေများဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းများကို လမ်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃၀-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၄-၅-၂၀၁၅ ရက်
**တင်ဒါဖွင့်မည့်ရက်** - ၁၅-၅-၂၀၁၅ ရက်

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၀)ရုံး၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။ ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၀-၂၁၂၄၅**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေ/နိုင်ငံခြားငွေများဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်အမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | Aircraft Rescue and Fire Fighting Vehicle (ARFFV) | 1 No. | နိုင်ငံခြားငွေ |
| ၂ | Fire Tender | 1 No | ။ |
| ၃ | 10 Pairs Under Ground Cable for Radar | 1 Lot | ။ |
| ၄ | Up-grading to VSAT/RCAG (Control & Switching System) | 1 Lot | ။ |
| ၅ | Doppler VHF Omni-directional Radio Range & Distance Measuring Equipment | 1 Set | ။ |
| ၆ | High Frequency Single Side Band Transceiver (HF SSB, 100W) | 3 Sets | ။ |
| ၇ | Very high Frequency Transmitter & Receiver | 5 Sets | ။ |
| ၈ | Weather Equipment (Wind Speed/ Indicator & Barometer/ Temperature) | 3 Sets | ။ |
| ၉ | Spare Parts for Selex DVOR/ILS/DME | 1 Lot | ။ |
| ၁၀ | Extension of Remote Radar Display (for Tower and Approach Control) | 1 Lot | ။ |
| ၁၁ | Spare Parts for Voice Recorder (24 Channels) | 1 Lot | ။ |
| ၁၂ | Spare Parts for Voice Communication Switching System | 1 Lot | ။ |
| ၁၃ | Spare Parts for HF Medium Power (1 KW) | 1 Lot | ။ |
| ၁၄ | X-Ray Machines (Checked Baggage) | 2 Nos. | ။ |
| ၁၅ | Hand Held Metal Detector | 20 Nos | ။ |
| ၁၆ | Spare Parts for X-Ray Machine | 1 Lot | ။ |
| ၁၇ | System: AIM Solution Phase 1: Central Aeronautical Database and electronic AIP, Date of Implementation: 2015/2016 | 1 Lot | ။ |
| ၁၈ | Airfield Lighting Equipment | 1 Lot | ။ |

| စဉ် | စက်အမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | မီးသတ်ပစ္စည်း ၆ မျိုး | 1 Lot | မြန်မာကျပ်ငွေ |
| ၂ | Fire Ball 50 Kg DCP | 20 Nos | ။ |
| ၃ | Tractor With Rotary Cutter (4 Wheel Diesel) | 3 Nos | ။ |
| ၄ | 100 AH Sealed Type Battery for VSAT, VOR, ILS Station | 30 Nos | ။ |
| ၅ | Dot Matrix Printer for AFTN | 10 Nos | ။ |
| ၆ | Power Line Protection System | 1 Set | ။ |
| ၇ | Lightening Protection System | 2 Sets | ။ |
| ၈ | Headset with built in circuit (20 sets) | 1 Lot | ။ |
| ၉ | Portable VHF (Air Band) Transceiver | 5 Nos | ။ |
| ၁၀ | Level Instrument ZAL 330 | 3 Sets | ။ |
| ၁၁ | UPS(560 W) | 30 Nos. | ။ |
| ၁၂ | Automatic Printing System | 1 Lot | ။ |
| ၁၃ | Air Conditioner 5 Tons(Ceilling Suspended) | 4 Sets | ။ |
| ၁၄ | Air Conditioner 10 Tons(Floor Standing) | 4 Sets | ။ |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား ၅-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၁၉-၅-၂၀၁၅ရက် ၁၅:၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါအချက်အလက်များနှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အုပ်ချုပ်ရေးနှင့်စီမံရေးဌာနခွဲ**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၃၃၀၀၆၊ ၀၁-၅၃၃၀၃၀၊ လိုင်းခွဲ ၅၀၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနနှင့် စင်ကာပူသမ္မတနိုင်ငံတို့ ပူးပေါင်းဖွင့်လှစ်မည့် စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်း၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့၌ အောက်ဖော်ပြပါ Hotel and Tourism ဆိုင်ရာသင်တန်းများ၌ သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။ အဆိုပါသင်တန်းကျောင်းတွင် လစ်လပ်လျက်ရှိသော သင်တန်းနယ်ပယ်တစ်ခုအတွက် Trainers လေးဦးစီ ခန့်အပ်သွားမည်ဖြစ်ပါသည်။

(က) Front Office Operations
(ခ) Housekeeping Operations
(ဂ) Retail Operations

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများသည် နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန(တောင်ပိုင်းရုံးခွဲ) အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့တွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သောစာရွက်စာတမ်းများ ပူးတွဲ၍ ၈-၅-၂၀၁၅ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၈-၅-၂၀၁၅ရက်တွင် အနည်းဆုံး အသက်(၂၀)ရှိပြီး၊ အသက်(၃၀)ထက်မကြီးသူဖြစ်ရမည်။
(ဂ) အဆိုပါသင်တန်းများအတွက် သက်ဆိုင်ရာနယ်ပယ်များတွင် လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။
(ဃ) အင်္ဂလိပ်ဘာသာ ရေး၊ ဖတ်၊ ပြောကျွမ်းကျင်သူဖြစ်ရမည်။
(င) လုပ်ငန်းခွင်သင်တန်းတက်ရောက်ဖူးသူများ ဦးစားပေးမည်။
(စ) Microsoft Word, Excel, Powerpoint များ တတ်ကျွမ်းရမည်။
(ဆ) ဥပဓိရုပ်ကောင်းမွန်ပြီး သေသပ်ကျနစွာဝတ်စားဆင်ယင်တတ်သူဖြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
(ဇ) ခြောက်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ သုံးပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ဈ) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်းဆေးထောက်ခံစာ။
(ည) တစ်လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်း ထောက်ခံစာ။
(ဋ) ခြောက်လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၃။ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း အောင်မြင်ပြီးပါက သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သောသင်တန်းများအား ဦးစွာတက်ရောက်ရမည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၄၇၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါ ရုံးသုံးစာရေးကိရိယာများနှင့် ကွန်ပျူတာသုံး Toner/Cartridge ပစ္စည်းများအား ဌာန(နေပြည်တော်)အရောက်ပို့စနစ်၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ရုံးသုံးစာရေးကိရိယာများ | (၅၇)မျိုး |
| (ခ) | ကွန်ပျူတာသုံး Toner/Cartridge ပစ္စည်း | (၁၀)မျိုး |

၂။ အိတ်ဖွင့်တင်ဒါများကို ၇-၅-၂၀၁၅ရက် ညနေ ၁၅:၀၀နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ဝယ်ယူမည့်ပစ္စည်းအမျိုးအမည် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန၊ မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၃၄၃၃၊ ၀၆၇-၄၁၃၅၈၈**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## လှည်းကူးနယ်မြေ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လှည်းကူးနယ်မြေတွင် သောက်သုံးရေရရှိရေးအတွက် ဖလက်မ အဝီစိတွင်း (၄၀၀ ပေအနက်)တူးဖော်ခြင်းနှင့် ရေဖြန့်ဝေခြင်းအတွက် ဆက်စပ်လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပိတ်မည့်ရက်မှာ ၁၅-၅-၂၀၁၅ရက် (သောကြာနေ့) ၁၆:၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများအား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လှည်းကူးနယ်မြေ ကျောင်းအုပ်ကြီးရုံးခန်းတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လှည်းကူးနယ်မြေ ကျောင်းအုပ်ကြီး ဒေါက်တာကြည်တိုး ဖုန်း-၀၉-၂၅၄၀၂၃၃၉၆ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**
**လှည်းကူးနယ်မြေ**

## တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန
## ထားဝယ်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန (၄)ခန်းတွဲ R.C
(ခ) ထားဝယ်ခရိုင်ရုံး၊ စိုက်ပျိုးရေးဦးစီးဌာန (၆)ခန်းတွဲ R.C
(ဂ) ထားဝယ်ခရိုင်ရုံး၊ စိုက်ပျိုးရေးဦးစီးဌာနမှူးနေအိမ် R.C
(ဃ) ဘုတ်ပြင်းမြို့နယ်ရုံး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ခြံစည်းရိုးကာရံခြင်း
(င) လောင်းလုံးမြို့နယ်ရုံး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ R.C
(စ) တိုင်းရုံးနှင့် မြို့နယ်ရုံးများတွင် ရုံးသုံးဆိုင်ကယ်များဝယ်ယူခြင်း

၂။ **အိတ်ဖွင့်တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၂၈-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၀-၅-၂၀၁၅ ရက် ညနေ ၄:၃၀

၃။ အသေးစိတ်သိရှိရန် ဖုန်း-၀၅၉-၂၁၁၃၈၊ ၀၅၉-၂၃၈၉၁တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနနှင့် စင်ကာပူသမ္မတနိုင်ငံတို့ပူးပေါင်းဖွင့်လှစ်မည့် စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်း၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့၌ အောက်ဖော်ပြပါ Hotel and Tourism ဆိုင်ရာ သင်တန်း၌ သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။ အဆိုပါသင်တန်းကျောင်းတွင် လစ်လပ်လျက်ရှိသော သင်တန်းနယ်ပယ်တစ်ခုအတွက် Trainers လေးဦး ခန့်အပ်သွားမည်ဖြစ်ပါသည်။

(က) Food & Beverage Operations

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများသည် နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန(တောင်ပိုင်းရုံးခွဲ)၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့တွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သော စာရွက်စာတမ်းများပူးတွဲ၍ ၈-၅-၂၀၁၅ ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၈-၅-၂၀၁၅ရက်တွင် အနည်းဆုံး အသက်(၂၀)ရှိပြီး၊ အသက်(၃၀)ထက်မကြီးသူဖြစ်ရမည်။
(ဂ) Hotel/Restaurant/Resort/Leisure Management ဆိုင်ရာ နယ်ပယ်များတွင် အသိအမှတ်ပြုဘွဲ့ရရှိသူ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး Hotel/Restaurant/Resort/ Leisure Management ဆိုင်ရာနယ်ပယ်များတွင် ဒီပလိုမာရရှိသူ
(ဃ) Food & Beverage Operations နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။
(င) အင်္ဂလိပ်ဘာသာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်သူဖြစ်ရမည်။
(စ) သင်တန်းပို့ချဖူးသည့် အတွေ့အကြုံရှိသူ ဦးစားပေးမည်။
(ဆ) Microsoft Word, Excel, Powerpoint များအား တတ်ကျွမ်းရမည်။
(ဇ) ဥပဓိရုပ်ကောင်းမွန်ပြီး သေသပ်ကျနစွာဝတ်စားဆင်ယင်တတ်သူဖြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
(ဈ) ခြောက်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ (၃)ပုံ၊ ဘွဲ့လက်မှတ် မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ည) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။
(ဋ) တစ်လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်း ထောက်ခံစာ။
(ဌ) ခြောက်လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၃။ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း အောင်မြင်ပြီးပါက သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သောသင်တန်းများအား ဦးစွာတက်ရောက်ရမည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ် သိရှိလိုပါက နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၄၇၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

# ယာဉ်ငှားရမ်းအသုံးပြုနေသူများသိရှိစေရန်ကြေညာခြင်း

3E/3345 Toyota Probox (အဖြူရောင်) မော်တော်ယာဉ်နှင့် 4C/5835 Toyota Soluna Vios (နံ့သာရောင်) မော်တော်ယာဉ်တို့အား လက်ဝယ်ထားရှိငှားရမ်းအသုံးပြုနေသူများအနေဖြင့် အဆိုပါမော်တော်ယာဉ်များ၏ ပိုင်ရှင်ဖြစ်သူ ဖုန်း-၀၉-၄၉၂၀၂၄၄၁၊ ၀၉-၂၅၄၇၂၅၉၂၆ ထံ ယနေ့မှစ၍ သုံးရက်အတွင်း အမြန်ဆုံးဆက်သွယ်၍ အပ်နှံရန်ဖြစ်ပါသည်။ မော်တော်ယာဉ်များကို သတ်မှတ်ရက်အတွင်း ဆက်သွယ်အပ်နှံခြင်းမပြုပါက တရားဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ယာဉ်ပိုင်ရှင်**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် စက်ပစ္စည်းများနှင့်စာရေးကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**စက်ကိရိယာတန်ဆာပလာများ**

| | | |
|---|---|---|
| (1) | Minimum Thermometer (Range -25° C to +50°C) | 20 Nos |
| (2) | Ultra violet Radiation observing Instruments | 3 Nos |
| (3) | Gust Anemometer (Young Model -0550 LM) | 3 Nos |
| (4) | Cup Counter Anemometer (UK) | 5 Nos |
| (5) | Digital Thermometer | 12 Nos |
| (6) | Dry Bulb and Wet Bulb Thermometer (India) | 50 Nos |
| (7) | Electronic Distance Meter | 3 Nos |
| (8) | Aluminium Tripod for Theodolite | 3 Nos |
| (9) | Aluminium Staff | 3 Nos |
| (10) | သစ်သားရေမှတ်တိုင် (100 cm) | 50 Nos |
| (11) | Aluminium Box (4.2' x 9" x 9") | 20 Nos |
| (12) | Maximum Thermometer (Range -10°C to +65°C) | 20 Nos |
| (13) | Transformer (100 KVA) (11/0.4 KV) | 1 Lot |
| (14) | Water Bath KWF, Model WB 26 Consume power 1500W | 1 No |

**ရုံးသုံးစာရေးကိရိယာများ**

၁။ ရုံးသုံးစာရေးကိရိယာများ/နိုင်ငံခြားစက္ကူ (A-4) (80 gm)
၂။ CD-R/ Memory Stick (4G) များ
၃။ Copier Toner (canon iR 2016J/ iR 2018 N) NPG28
၄။ Copier Drum Kit (canon iR 2016J/ iR 2018 N)များ
၅။ Printer Cartridge, Colour Printer Cartridge များ
၆။ Fax Cartridge များ

၂။ တင်ဒါပိတ်ရက်မှာ ၂၂-၅-၂၀၁၅ ရက် (သောကြာနေ့) ညနေ ၁၅:၃၀ နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ**
**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ် ၅၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၃၂၊ ၀၆၇-၄၁၁၄၄၆၊ ၀၆၇-၄၁၁၄၄၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း/ပြင်ထိန်း) ရန်ပုံငွေဖြင့် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော တည်ဆောက်ရေးပစ္စည်း (ကတ္တရာ၊ ကျောက်ရွယ်စုံ၊ သဲ၊ ဘိလပ်မြေ၊ သံချောင်း)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ ဝယ်ယူလိုသည့်ပစ္စည်းအသေးစိတ်စာရင်းများကို ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို မင်းတပ်ခရိုင်အင်ဂျင်နီယာမှူးရုံး ဖုန်း-၀၇၀-၇၀၀၉၂တွင် ၁-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်** | - ၁၄-၅-၂၀၁၅ရက် ၁၆း၃၀နာရီ |
| **တင်ဒါရွေးချယ်မည့်ရက်/အချိန်** | - ၁၅-၅-၂၀၁၅ရက် ၁၀း၀၀နာရီ |
| **တင်ဒါရွေးချယ်မည့်နေရာ** | - မင်းတပ်ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံး |

**တင်ဒါစိစစ်ရေးကော်မတီ**

## ရန်ကုန်စီးပွားရေးတက္ကသိုလ် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ခြင်း

| | | |
|---|---|---|
| ၁။ **ခေါ်ယူမည့်တင်ဒါ** | - | ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၅၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း |
| ၂။ **တင်ဒါသက်တမ်း** | - | ၇-၅-၂၀၁၅ ရက်နှင့် ၁၀-၅-၂၀၁၅ |
| ၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး) ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ဌာန |
| ၄။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၂၇-၄-၂၀၁၅ ရက်(တနင်္လာနေ့) |
| ၅။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်၊ အချိန်၊ နေရာ** | - | ၃၀-၄-၂၀၁၅ ရက်(ကြာသပတေးနေ့)၊ ၁၂း၀၀ နာရီ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) |

၆။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အထက်ပါတင်ဒါပုံစံ ရောင်းချမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(၅၈၅၀၇၅၊ ၀၉၇၃၂၄၁၀၀၈) သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## ပြည်တွင်းအခွန်များဦးစီးဌာန အငယ်တန်းစာရေးနှင့် ရုံးအကူ/စာပို့ရာထူးနေရာများအတွက် ရေးဖြေအောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)ရရှိသော အငယ်တန်းစာရေးရာထူးနှင့် လစာနှုန်း ကျပ် (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀)ရရှိသော ရုံးအကူ/စာပို့ရာထူးနေရာများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲအား ၂၄-၃-၂၀၁၅ ရက်တွင် ပြုလုပ်ခဲ့ပြီး ရေးဖြေအောင်မြင်သူ(၁၅၄)ဦး၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ရုံးအကူ/စာပို့ ပတခ-၁၊ ၃၊ ၄၊ ၅၊ ၂၃၊ ၃၄၊ ၃၆၊ ၃၇၊ ၄၂၊ ၄၄၊ ၄၅၊ ၄၈၊ ၆၄၊ ၆၈၊ ၁၁၆၊ ၁၂၂၊ ၁၂၄၊ ၁၂၇၊ ၁၃၇၊ ၁၆၄၊ ၁၇၅၊ ၁၇၆၊ ၁၉၆၊ ၂၁၂။

(ခ) စစ်ကိုင်းတိုင်းဒေသကြီး၊ အငယ်တန်းစာရေး၊ စက-၁၀၊ ၁၉၊ ၂၈၊ ၄၉၊ ၅၆၊ ၃၆၉၊ ၄၈၀၊ ၄၈၅၊ ၆၀၀၊ ၆၂၃။

(ဂ) ပဲခူးတိုင်းဒေသကြီး၊ အငယ်တန်းစာရေး၊ ပခ-၁၉၊ ၅၀၊ ၅၂၊ ၁၃၆၊ ၁၃၈၊ ၁၄၂၊ ၁၆၄၊ ၁၇၃၊ ၁၉၁၊ ၁၉၃။

(ဃ) မွန်ပြည်နယ်၊ အငယ်တန်းစာရေး၊ မွန်-၄၊ ၂၆၊၂၇၊ ၂၉၊ ၃၇၊ ၄၆၊ ၅၇၊ ၆၃။

(င) ရခိုင်ပြည်နယ်၊ အငယ်တန်းစာရေး၊ ရခ-၁၈၊ ၁၉၊ ၆၀၊ ၇၈၊ ၈၅၊ ၈၆၊ ၉၅၊ ၁၀၂။

(စ) ရန်ကုန်တိုင်းဒေသကြီး၊ အငယ်တန်းစာရေး၊ ရက-၁၊ ၃၈၊ ၄၀၊ ၄၁၊ ၅၃၊ ၆၃၊ ၁၀၀၊ ၁၀၆၊ ၁၃၆၊ ၂၁၃၊ ၂၃၀၊ ၂၃၆၊ ၂၄၆၊ ၂၅၉၊ ၂၈၈၊ ၃၁၂၊ ၃၂၁၊ ၃၅၃၊ ၃၆၀၊ ၃၇၈၊ ၃၉၄၊ ၄၀၂၊ ၄၁၂၊ ၄၄၃၊ ၄၅၇၊ ၄၆၈၊ ၄၈၈၊ ၅၃၂၊ ၅၅၃၊ ၅၈၃၊ ၅၉၁၊ ၆၃၄၊ ၆၇၀၊ ၆၇၆၊ ၇၀၄၊ ၇၅၁၊ ၇၉၆၊ ၇၉၇၊ ၇၉၉၊ ၈၀၆၊ ၈၆၀၊ ၉၅၀၊ ၁၀၃၀၊ ၁၀၃၃၊ ၁၀၅၀၊ ၁၁၀၂၊ ၁၁၇၃၊ ၁၂၂၆။ ရုံးအကူ/စာပို့၊ ရက-၁၁၁၀၊ ၁၂၆၆၊ ၁၂၆၇၊ ၁၂၈၂၊ ၁၂၈၈၊ ၁၃၀၆၊ ၁၃၁၀၊ ၁၃၁၆၊ ၁၃၁၇၊ ၁၃၁၈၊ ၁၃၄၈၊ ၁၃၅၅၊ ၁၃၆၁၊ ၁၃၈၁၊ ၁၄၀၀၊ ၁၄၁၇၊ ၁၄၄၃၊ ၁၄၅၂။

(ဆ) ရှမ်းပြည်နယ်၊ အငယ်တန်းစာရေး၊ ရှမ်း-၈၊ ၁၁၊ ၅၁၊ ၅၂၊ ၅၅၊ ၅၆၊ ၆၄၊ ၇၄၊ ၈၁၊ ၁၁၂၊ ၁၁၈၊ ၁၂၉၊ ၁၄၈၊ ၁၉၃၊ ၁၉၆၊ ၁၉၉၊ ၂၀၅၊ ၂၁၆၊ ၂၄၀၊ ၂၄၁။

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ အငယ်တန်းစာရေး ဧရာ-၇၊၁၀၊ ၃၈၊၅၂၊ ၅၃၊၇၀၊၇၁၊၈၂။

၂။ အရည်အချင်းစစ်ရေးဖြေအောင်မြင်သူများအား ၇-၅-၂၀၁၅ ရက်တွင် လူတွေ့စစ်ဆေး ခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများပြုလုပ်မည်ဖြစ်ရာ မိမိဖြေဆိုခဲ့သည့် သက်ဆိုင်ရာ နေပြည်တော်(ရုံးချုပ်)/ပြည်နယ်/တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးများသို့ အောက်ပါစာရွက် စာတမ်းများနှင့်အတူ ၆-၅-၂၀၁၅ ရက် ရုံးချိန်အတွင်း အချိန်မီသတင်းပေးပို့ရ မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း/မိတ္တူ) | (၁) စောင်စီ |
| (ခ) | တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဘွဲ့ရလက်မှတ်(မူရင်း/မိတ္တူ) | (၁) စောင်စီ |
| (ဂ) | ဒေသန္တရ ကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်း ဆေးထောက်ခံချက်(မူရင်း) | (၁) စောင် |

၃။ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခံရန် လာရောက်သူများသည် အောက်ပါအတိုင်း ဝတ်ဆင်လာရမည်။

(က) အမျိုးသားများ လည်ကတုံးအင်္ကျီ အဖြူနှင့်ပုဆိုး

(ခ) အမျိုးသမီးများ မြန်မာဆန်ဆန် ဝတ်ဆင်လာရမည်။

၄။ ရွေးချယ်ခံရသူများစာရင်းအား နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာ နေပြည်တော် (ရုံးချုပ်)/ပြည်နယ်/တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးများတွင် ကြေညာပေးသွား မည်ဖြစ်သည့်အပြင် ရွေးချယ်ခံရသူများအား လိပ်စာပါအတိုင်း စာဖြင့် ဆက်သွယ် အကြောင်းကြားသွားမည်ဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၊ တောင်ကြီးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနတွင် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူရန် ပြည်တွင်း/ပြည်ပကုမ္ပဏီများအား တင်ဒါတင်သွင်းသွားရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | Fire Fighting Truck | (ခ) | မီးသတ်ရေသယ်ယာဉ် |
| (ဂ) | မီးသတ်စက်ယာဉ် | (ဃ) | Portable Fire Pump |
| (င) | Breathing Apparatus set | (စ) | မှုန်ရေမွှားကိရိယာ (ကျောလွယ်) |
| (ဆ) | Cylinder Air-Filling Machine | (ဇ) | Infrared Thermometer |
| (ဈ) | ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ | (ည) | Copier |
| (ဋ) | Plain Paper Laser Facsimile | (ဌ) | Laser Printer A4 |
| (ဍ) | Personal Computer | (ဎ) | Scannar |

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၈-၄-၂၀၁၅ ရက်မှ ၁၅-၅-၂၀၁၅ ရက်ထိ

(ခ) **တင်ဒါတင်သွင်းရက်** - ၁၈-၅-၂၀၁၅ ရက်

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၈၁-၂၁၂၁၆၇၁ သို့ ဆက်သွယ်နိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၊ တောင်ကြီးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၊ အောက်ဖော်ပြပါမြို့နယ်များတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများအား တင်ဒါတင်သွင်းသွားရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ရေသန့်နှင့်လျှပ်စစ်မီးရရှိရေး (၂၇) ခု

(ခ) ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၂) ခု

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၈-၄-၂၀၁၅ ရက်မှ ၁၅-၅-၂၀၁၅ ရက်အထိ

(ခ) **တင်ဒါတင်သွင်းရက်** - ၁၈-၅-၂၀၁၅ ရက်

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်းရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၈၁-၂၁၂၁၆၇၁ သို့ ဆက်သွယ်နိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း နေပြည်တော်

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၊ အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)နှင့် ရေနံဓာတုဗေဒစက်ရုံစု(သံပုရာကန်)တို့မှ အောက်ဖော်ပြပါ ရေနံထွက်ပစ္စည်းများအား တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ ဝယ်ယူလိုသူမည်သူမဆို အဆိုပြုလွှာများတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(ရေတွက်ပုံ-ဂါလန်)

| စဉ် | အမျိုးအမည် | သန်လျင် | ချောက် | သံပုရာကန် | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဓာတ်ဆီ | ၇၀၀၀၀၀၀ (ခုနစ်သန်း) | - | ၃၀၀၀၀၀၀ (သုံးသန်း) | ၁၀၀၀၀၀၀၀ (တစ်ဆယ်သန်း) |
| ၂။ | ရေနံဆီ | - | ၅၀၀၀၀ (ငါးသောင်း) | - | ၅၀၀၀၀ (ငါးသောင်း) |
| ၃။ | မီးထိုးဆီ | ၃၀၀၀၀၀ (သုံးသိန်း) | ၅၀၀၀၀၀ (ငါးသိန်း) | ၁၀၀၀၀၀၀ (တစ်ဆယ်သိန်း) | ၁၈၀၀၀၀၀ (တစ်ဆယ့်ရှစ်သိန်း) |
| ၄။ | စီဂျီအို | ၁၀၀၀၀၀၀ (တစ်သန်း) | - | ၁၀၀၀၀၀၀ (တစ်သန်း) | ၂၀၀၀၀၀၀ (နှစ်သန်း) |
| ၅။ | ဆပ်ပြာ | - | ၅၀၀၀၀၀ (ငါးသိန်း) | - | ၅၀၀၀၀၀ (ငါးသိန်း) |

၂။ လျှောက်လွှာများကို ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လိပ်မူ၍ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

၃။ (က) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၅-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀ နာရီ

(ခ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၃-၅-၂၀၁၅ ရက် မွန်းလွဲ ၁၂း၃၀နာရီ

၄။ တင်ဒါစည်းကမ်းချက်များအား ၄-၅-၂၀၁၅ ရက်မှ ၁၃-၅-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။


၅။ သတ်မှတ်စည်းကမ်းနှင့် မကိုက်ညီသော အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၀၅၀၊ ၀၆၇-၄၁၁၀၅၉၊ ၀၆၇-၄၁၁၀၉၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရောင်းချရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန၊**
**ရုံးအမှတ် ၄၄၊ နေပြည်တော်**

## အမည်ပြောင်း

